Premier ELEVEN SPORTS JOURNAL
NO 4[illegible] VOL 11 SUNDAY JULY 6 2014

# မိနစ်(၉၀) နောက်ပိုင်းမှာ




ဘောလုံးပွဲတစ်ပွဲဆိုတာ မိနစ်(၉၀)ကစားရတဲ့ ကစားနည်းတစ်ခု ဖြစ်ပါတယ်။ ဒဏ်ရာ ရရှိခြင်းအပါအဝင် ပွဲချိန်အတွင်း ကစားသမားတွေ လေလွင့်ခဲ့ရတဲ့ အချိန်တွေအတွက် မိနစ်(၉၀) နောက်ပိုင်း ကစားရတဲ့ နာကျင်အချိန်ပို (Injury Time)ဆိုတာ ရှိသလို၊ ရှုံးထွက် အဆုံးအဖြတ်နဲ့ ဗိုလ်လုပွဲတွေမှာလည်း မိနစ်(၉၀)အတွင်း သရေကျနေရင် မိနစ်(၃၀) ကစားရတဲ့ အချိန်ပို(Extra Time)ဆိုတာ ရှိပါတယ်။ လက်ရှိကျင်းပနေတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲကတော့ ဘောလုံးပွဲတစ်ပွဲရဲ့ အချိန်သတ်မှတ်ချက်ကို ကျော်လွန်ပြီးမှ အဆုံးအဖြတ်အဖြေတွေ ထွက်ပေါ်စေတဲ့ ပြိုင်ပွဲတစ်ခု ဖြစ်နေပါတယ်။

Injury Time ၊ Extra Time ပွဲက(၂)ပွဲသာရှိပြီး ပရိသတ်တွေ အုပ်စုဗိုလ်နဲ့

ပြီးခဲ့တဲ့ ရှုံးထွက်(၁၆)သင်းအဆင့်ပွဲစဉ် (၈)ပွဲမှာ တွေမတိုင်ခင် မိနစ်(၉၀)အတွင်း အဖြေထွက်ပေါ်ခဲ့တဲ့ ကျန်(၆)ပွဲက မိနစ်(၉၀)အပြီးမှာသာ ပွဲပြီးရလဒ်တွေကို သိရှိခဲ့ရတာပါ။ ရှုံးထွက်(၁၆)သင်းအဆင့်ပွဲစဉ်ဟာ အုပ်စုဒုတိယရအသင်းတွေ ကစားတဲ့ပွဲတွေ ဖြစ်တာကြောင့် ပွဲအများစုဟာ အစဉ်အလာပိုင်း၊ အောင်မြင်မှုပိုင်း၊ ခြေစွမ်းပိုင်းကွာဟချက်တွေရှိပေမယ့် ကိုလံဘီယာ-ဥရုဂွေး၊ ပြင်သစ်-နိုက်ဂျီးရီးယားပွဲ(၂)ပွဲကလွဲလို့ ကျန်(၆)ပွဲက မိနစ်(၉၀)နောက်ပိုင်းမှာသာ အဆုံးအဖြတ်ဂိုး၊ ပယ်နယ်တီဂိုးတွေနဲ့အတူ ပြီးဆုံးခဲ့တာပါ။ ဘရာဇီးလ်-ချီလီ၊ ကော်စတာရီကာ-ဂရိပွဲတွေမှာ ပွဲချိန်(၁၂၀)ပြည့်တဲ့အထိ သရေကျနေလို့ အဆုံးအဖြတ် ပယ်နယ်တီကန်ခဲ့ရသလို၊ ဟော်လန်-မက္ကဆီကိုပွဲကလည်း မိနစ်(၉၀) နောက်ပိုင်း Injury Time ရောက်မှသာ ရော်ဘင်ရဲ့ အငြင်းပွားဖွယ် ပယ်နယ်တီကြောင့် ဟော်လန်တို့ နောက်တစ်ဆင့် တက်နိုင်ခဲ့တာပါ။ ရှုံးထွက် (၁၆)သင်းအဆင့်ရဲ့နောက်ဆုံး (၃)ပွဲကတော့ ပိုပြီးထူးခြားနေပါတယ်။ ဂျာမနီ- အယ်လ်ဂျီးရီးယား၊ အာဂျင်တီးနား-ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံ-အမေရိကန်အသင်းတွေ ကစားခဲ့တဲ့(၃)ပွဲမှာ စုစုပေါင်းသွင်းဂိုး (၇)ဂိုးရှိခဲ့ရာမှာ (၇)ဂိုးစလုံးကို မိနစ်(၉၀)နောက်ပိုင်းဖြစ်တဲ့ အချိန်ပို(Extra Time)ရောက်မှသာ သွင်းယူခဲ့ကြတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ကမ္ဘာ့ဖလားရဲ့ ကွာတားဖိုင်နယ်အဆင့်ကို ပရိသတ်တွေမျှော်မှန်းထားတဲ့ အသင်းကြီးအများစု တက်ရောက်လာကြပြီး တက်ရောက်လာတဲ့ (၈)သင်းစလုံးဟာ အုပ်စုဗိုလ်အသင်းတွေဖြစ်နေတာကြောင့် ကွာတားဖိုင်နယ်ပွဲစဉ်တွေဟာ အကြိတ်အနယ်ရှိပြီး ကြည့်ကောင်းမှာ သေချာနေပါတယ်။ ပြီးခဲ့တဲ့ ရှုံးထွက်(၁၆)သင်းအဆင့်မှာ အသင်းတွေကြား ကွာဟမှုရှိခဲ့တာတောင် ရလဒ်မပြတ်သားဘဲ ပွဲအများစုဟာ Injury Time ၊ Extra Time တွေရောက်မှသာ အဖြေပေါ်ခဲ့တာကြောင့် ကွာတားဖိုင်နယ်မှာရော မိနစ်(၉၀)အတွင်း အဖြေပေါ်တဲ့ပွဲ ဘယ်နှစ်ပွဲရှိမလဲဆိုတာ စိတ်ဝင်စားစရာ ဖြစ်နေပါတယ်။ Injury Time ၊ Extra Time နဲ့ ပွဲပြီးပယ်နယ်တီတွေမှာ သွင်းယူတဲ့ အဆုံးအဖြတ်ဂိုးတွေက ဘောလုံးပရိသတ်တွေကို ပိုပြီးရင်ခုန်စိတ်လှုပ်ရှားမှု ဖြစ်စေတာကြောင့် ကွာတားပွဲစဉ်တွေမှာရော ပရိသတ်တွေရင်ကို ဆွဲကိုင်လှုပ်မယ့် မိနစ်(၉၀)နောက်ပိုင်း ဂိုးတွေတွေ့မြင်ရဦးမလားဆိုတာ…

**ကမ္ဘာ့ဖလားကွာတားဖိုင်နယ်ပွဲစဉ်များ**

(မြန်မာစံတော်ချိန် ဇူလိုင် ၄ သောကြာနေ့ည ၁၁း၃၀နာရီ)
ပြင်သစ် - ဂျာမနီ
(မြန်မာစံတော်ချိန် ဇူလိုင် ၅ စနေနေ့နံနက် ၂း၃၀နာရီ)
ဘရာဇီးလ် - ကိုလံဘီယာ
(မြန်မာစံတော်ချိန် ဇူလိုင် ၅ စနေနေ့ည ၁၁း၃၀နာရီ)
အာဂျင်တီးနား - ဘယ်လ်ဂျီယံ
(မြန်မာစံတော်ချိန် ဇူလိုင် ၆ တနင်္ဂနွေနေ့နံနက် ၂း၃၀နာရီ)
ဟော်လန် - ကော်စတာရီကာ




၂၀၁၄ ကမ္ဘာ့ဖလား အထူးအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

Premier ELEVEN SPORTS JOURNAL

# မေးခွန်းများနဲ့ အာဖရိကဘောလုံး

ဟိန်းမောင်မောင်

ကမ္ဘာ့ဖလားမှာ အခြားဒေသကအသင်းအတွက် နိဋ္ဌိတံသလောက် နီးပါးဖြစ်သွားခဲ့ပြီ။ ဘောလုံးရေခံမြေခံ၊ မျိုးဆက်မပြတ်လယ်မှု၊ အသင်းကို စဉ်ဆက်မပြတ်တည်ဆောက်ထားနိုင်တဲ့ အချက်တွေက ဥရောပနဲ့ တောင်အမေရိကအသင်းတွေကို ကျော်ဖြတ်ဗိုလ်စွဲဖို့ဆိုတာ အခုပစ္စုပ္ပန်မှာတော့ ဖြစ်နိုင်တဲ့အခွင့်အလမ်းမရှိသေးဘူး။ ၂၀၁၄ ဘရာဇီးလ်ကမ္ဘာ့ဖလား ကွာတားရောက်(၈)သင်းမှာ ကော်စတာရီကာ ပါဝင်လာတာကလွဲလို့ အစဉ်အလာအတိုင်း ဥရောပနဲ့ တောင်အမေရိကအားပြိုင်မှုကိုပဲ ပြိုင်ပွဲအဆုံးသတ်ပိုင်းမှာ တွေ့မြင်ရဦးမှာပါ။ ဥရောပနဲ့ တောင်အမေရိကအသင်းတွေကို အမိကစိန်ခေါ်နိုင်စွမ်းရှိတဲ့ဒေသအဖြစ် သတ်မှတ်ခံထားရတဲ့ အာဖရိကအသင်းတွေလည်း ၂၀၁၄ ပြိုင်ပွဲမှာ ရှုံးထွက်(၁၆)သင်းအဆင့်ထက် မပိုနိုင်ခဲ့ဘူး။ ဒါပေမဲ့ ဘရာဇီးလ်ကမ္ဘာ့ဖလားမှာ အာဖရိကအသင်းတွေက မှတ်တမ်းသစ်တစ်ခု တင်ရှိနိုင်ခဲ့တာပါ။ အာဖရိကဇုန်အနေနဲ့ ကမ္ဘာ့ဖလားဝင်ခွင့်ကို (၃၂)သင်းတိုးမြှင့်ခဲ့တဲ့ ၁၉၉၈ ကမ္ဘာ့ဖလားပြိုင်ပွဲကစပြီး တခြားဇုန်တွေလို Play-off ကစားစရာတောင်မလိုဘဲ (၅)သင်း တိုက်ရိုက်ဝင်ခွင့် သတ်မှတ်ပေးခဲ့တယ်။ အာဖရိကဒေသရဲ့ နိုင်ငံအရေအတွက်၊ ကမ္ဘာ့ဖလားမှာ အိမ်ဖြည့်အဆင့်ထက်ပိုတဲ့ ခြေစွမ်းတွေကြောင့်လည်း ဝင်ခွင့်(၅)နေရာက အပြောင်းအလဲစရာမရှိခဲ့ဘူး။ ၁၉၉၀ ကမ္ဘာ့ဖလားမှာ ကင်မရွန်းအသင်းက အာဖရိကရဲ့အမြင့်ဆုံးအဆင့်အဖြစ် ကွာတားဖိုင်နယ်တက်ရောက်ခဲ့ပြီး ဆီနီဂေါ်က ၂၀၀၂၊ ဂါနာက ၂၀၁၀ ပြိုင်ပွဲတွေမှာ အလားတူအောင်မြင်မှုမျိုး ထပ်စွမ်းဆောင်ပြနိုင်ခဲ့တယ်။ ဒါပေမဲ့ အာဖရိကအသင်းတွေထဲက ကမ္ဘာ့ဖလားမှာ တစ်သင်းတည်း ချန်ထွက်လာတာမျိုးပဲများပါတယ်။ အခုကမ္ဘာ့ဖလားပြိုင်ပွဲရောက်မှ နိုက်ဂျီးရီးယားနဲ့ အယ်လ်ဂျီးရီးယား နှစ်သင်းရှုံးထွက်အဆင့်တက်ရောက်ခဲ့တာဟာ အာဖရိကအသင်းတွေအနေနဲ့ ပြိုင်ပွဲသမိုင်းမှာ အရေအတွက်အများဆုံးဖြစ်ခဲ့တယ်။ ဒါပေမဲ့ ဒီဂုဏ်ယူစရာအောင်မြင်မှုက အာဖရိကအသင်းတွေရဲ့ စိတ်ပျက်ဖွယ်ကောင်းတဲ့သတင်းတွေအောက်မှာ မှေးမှိန်သွားခဲ့ရတယ်။ ကမ္ဘာ့ဖလားမတိုင်မီကတည်းက လုပ်ပွဲပြုလုပ်မယ့်သူတွေ အာဖရိကအသင်းတွေကို ပိုမိုပစ်မှတ်ထားနေတဲ့ ကောလာဟလတွေ အဆက်မပြတ်ထွက်ရှိခဲ့ပြီး ပြိုင်ပွဲတွင်းမှာတော့ ကင်မရွန်း၊ ဂါနာနဲ့ နိုက်ဂျီးရီးယားအသင်းတွေရဲ့ပြဿနာပေါင်းစုံက မမျှော်လင့်ဘဲ ပိုမိုဆိုးရွားသွားခဲ့တယ်။

## ငွေကြေးနောက်မှာ

သက်ဆိုင်ရာကလပ်အသင်းတွေမှာ တစ်ရာသီပတ်လုံး မာရသွန်ခရီးရှည် ဆင်နွှဲခဲ့ရလို့ ပွဲပန်းနေနိုင်မှု၊ ဒဏ်ရာပြဿနာတွေနဲ့လုံးပန်းနေရမှု စတဲ့ ယုတ္တိတန်တဲ့အကြောင်းပြချက်တွေရှိပေမယ့် နောက်ကွယ်မှာ ကမ္ဘာ့ဖလားချန်ပီယံဆုကို ရယူဖို့ဖြစ်နိုင်ခြေနည်းတဲ့အသင်းက ကမ္ဘာကျော်ဘောလုံးသမားတွေအဖို့ ပြိုင်ပွဲကြီးမှာ သာမန်လောက်ပဲ အားထုတ်မှုရှိခဲ့တာက ထင်ထင်ရှားရှားမဟုတ်ရင်တောင် အနည်းနဲ့အများတော့ ရှိနေခဲ့ပါတယ်။ ဒီထဲမှာ အဓိကပြောစရာ ဖြစ်လာတာကတော့ အာဖရိကအသင်းတွေရဲ့ ပြယုဂ်ပါပဲ။ ဥရောပထိပ်တန်းလိဂ်တွေမှာ အာဖရိကကစားသမားတွေ တစ်စတစ်စနေရာယူမှု ပိုများလာပေမယ့် လက်ရွေးစင်အသင်းတွေရဲ့ အဆင့်အတန်းကတော့ သိပ်ပြီးထူးထူးခြားခြား အပြောင်းအလဲမရှိခဲ့ဘူး။ ဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်တဲ့ အာဖရိကနိုင်ငံများဖလားလို ပြိုင်ပွဲမှာတောင် နာမည်ကြီးတွေ အာရုံစူးစိုက်မှုမရှိတဲ့ရောဂါဆိုးက ကမ္ဘာ့ဖလားပြိုင်ပွဲဆီကိုတောင် အနည်းငယ်ကူးစက်လာနေခဲ့တယ်။ ဒါ့အပြင် အခုကမ္ဘာ့ဖလားပြိုင်ပွဲက အာဖရိကအသင်းအများစုအဖို့ ဆိုးရွားတဲ့ အပိုဆုလာဘ်တွေနဲ့ပါ ရင်ဆိုင်ခဲ့ရတယ်။ ၂၀၁၀ ကမ္ဘာ့ဖလားမှာ ဆီမီးဖိုင်နယ်အဆင့်အထိ တက်ရောက်လုနီးပါးဖြစ်ခဲ့တဲ့ ဂါနာအသင်းအခြေအနေက အဆိုးရွားဆုံးဖြစ်ခဲ့တယ်။ အသင်းကပေးရမယ့် ပွဲကစားကြေးနဲ့ ဆုကြေးမရတဲ့ ဂါနာကစားသမားတွေက ပေါ်တူဂီနဲ့အုပ်စု နောက်ဆုံးပွဲစဉ်ကိုတောင် မကစားဖို့ ခြိမ်းခြောက်ခဲ့ပြီး ဂါနာသမ္မတကိုယ်တိုင် လေယာဉ်နဲ့ အမေရိကန်ဒေါ်လာ(၃)သန်းပေးပို့ခဲ့ရတယ်။ ဒါပေမဲ့ ဂါနာအသင်းရဲ့ပြဿနာတွေက ဒီ့ထက်မကပါဘူး။ ဂါနာဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်တိုင် ကမ္ဘာ့ဖလားအပြီး နိုင်ငံတကာခြေစမ်းပွဲတွေမှာ လုပ်ပွဲကစားဖို့ စီစဉ်နေတယ်ဆိုတဲ့ အပုပ်နံ့တွေလည်း ထွက်လာခဲ့ပြီး အသင်းအဖွဲ့ဝင်တစ်ဦးနဲ့ ခိုက်ရန်ဖြစ်ပွားခဲ့တဲ့ မွန်တာရီ၊ ဂါနာဘောလုံးအဖွဲ့ချုပ်ကို ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့တဲ့ ဘိုတန်တို့လည်း ပေါ်တူဂီနဲ့ပွဲမတိုင်ခင် အိမ်ပြန်ပို့လိုက်ရတယ်။ ကင်မရွန်းက ကမ္ဘာ့ဖလားမတိုင်မီကတည်းက ဆုကြေးငွေပြဿနာတက်ခဲ့ပြီး နိုက်ဂျီးရီးယားအသင်းကလည်း ရရှိသင့်တဲ့ဆုကြေးငွေမပေးလို့ ကစားသမားတွေက လေ့ကျင့်ခန်းမဆင်းတဲ့ဖြစ်ရပ်တွေတောင်ရှိခဲ့တယ်။ နောက်ဆုံး ခရိုအေးရှားနဲ့ပွဲမှာ ကင်မရွန်းအသင်း လုပ်ပွဲကစားခဲ့ဖို့များတယ်ဆိုတဲ့ကောလာဟလတွေထပ်ထွက်လာခဲ့တယ်။ ပတ်သက်ဆက်နွှယ်တဲ့သူတွေက နောက်ပိုင်းမှာ တရားဝင်ငြင်းဆန်မှုတွေပြုလုပ်ခဲ့ပေမယ့် ကမ္ဘာ့ဖလားမှာ အာဖရိကအသင်းတွေနဲ့ပတ်သက်တဲ့သတင်းတွေထဲမှာ ကောင်းသတင်းက မရှိသလောက် နည်းပါးခဲ့ပါတယ်။

## အရင်းစစ်တော့

အာဖရိကဒေသဟာ ယေဘုယျအားဖြင့် သဘာဝရင်းမြစ်ကြွယ်ဝမှုရှိတယ်လို့ ဆိုနိုင်ပေမယ့် နိုင်ငံရေးမတည်ငြိမ်မှု၊ လူမျိုးရေးပဋိပက္ခတွေကြားမှာ နိုင်ငံအများစုက ဆင်းရဲတွင်းနက်ထဲသက်ဆင်းနေရတာပါ။ လူငယ်အများစုရဲ့ အနာဂတ်အတွက် ဘောလုံးက အဓိကထွက်ပေါက်တစ်ခု ဖြစ်လာခဲ့တယ်။ ဥရောပဘောလုံးလောကမှာ ရပ်တည်နိုင်ဖို့ ကြိုးစားရင်း အောင်မြင်သွားသူတွေဟာ ဒေါ်လာသန်းချီချမ်းသာလာနေတော့ လက်ရွေးစင်အသင်းတွေက ပေးတဲ့ဆုကြေးဟာ တချို့ကစားသမားတွေရဲ့ ကလပ်အသင်းကရတဲ့ တစ်ပတ်လုပ်ခတောင်မရှိဘူး။ ဒါကြောင့်လည်း ကစားသမားတချို့ဟာ မိခင်နိုင်ငံက ပရိသတ်တွေ အမျက်တော်မရှအောင် တာဝန်ကျေကစားပေးတဲ့ပုံစံမျိုးဖြစ်လာခဲ့တယ်။ ဒီအကြောင်းအရာတွေကို ကင်မရွန်းနည်းပြဖြစ်တဲ့ ဂျာမန်လူမျိုး ဖင်ကီကိုယ်တိုင် တရားဝင်ထုတ်ဖော်ပြောဆိုခဲ့မှုတယ်။ သူ့အသင်းကကစားသမားတချို့ရဲ့လုပ်ရပ်ဟာ အလွန်စက်ဆုပ်ရွံရှာဖွယ်ကောင်းတယ်ဆိုတဲ့ ပွင့်ပွင့်လင်းလင်းဝေဖန်ခဲ့တဲ့အထိတောင် ဖြစ်သွားခဲ့တယ်။ ကလပ်အသင်းတွေမှာ လစာငွေ အမြောက်အမြားရတဲ့ကစားသမားများစွာပါနေတဲ့ ဒီပြဿနာတွေက ဘဝင်ကျစရာတော့ မရှိလှဘူး။ ဒါပေမဲ့ နောက်ကွယ်မှာ မမြင်ရတဲ့ ရှုပ်ထွေးမှုတွေကလည်းရှိနေမှာသေချာတယ်။ အာဖရိကက နိုင်ငံဘောလုံးအဖွဲ့ချုပ်အတော်များများဟာစီမံခန့်ခွဲမှုညံ့ဖျင်းတဲ့အချက်၊ ခြစားမှုတွေနဲ့လည်း ကင်းကင်းရှင်းရှင်းရှိလှတယ်လို့တော့မဟုတ်ဘူး။ ပြုမူဆောင်ရွက်ပုံတွေ မမှန်ကန်တဲ့ဘောလုံးအဖွဲ့ချုပ်နဲ့ ကစားသမားတွေကြား အားပြိုင်မှုက လက်ရွေးစင်အသင်းကို နစ်နာမှုသာအဖတ်တင်ခဲ့တယ်။ ဒီ ဖြစ်စဉ်တွေက အာဖရိကဘောလုံးမှာ အမြစ်တွယ်နေပြီး ရုတ်ချည်းပြောင်းလဲဖို့ဆိုတာ မလွယ်လောက်သေးဘူး။ ၁၉၉၆ အတ္တလန်တာအိုလံပစ်မှာ နိုက်ဂျီးရီးယား၊ ၂၀၀၀ ဆစ်ဒနီအိုလံပစ်မှာ ကင်မရွန်းအသင်းတွေဗိုလ်စွဲခဲ့ပြီးနောက်မှာ အာဖရိကအသင်းတွေလည်း ဘောလုံးစင်မြင့်မှာ ပိုမိုရေပန်းစားလာခဲ့တယ်။ လက်တွေ့မှာတော့ ပေါ့ကိန်းအလွဲတွေနဲ့ နာမည်ကြီးတဲ့ ဘောလုံးဘုရင် ပီလီရဲ့ အာဖရိကဒေသက ကမ္ဘာ့ဖလားကို ရယူနိုင်စွမ်းရှိတယ်ဆိုတဲ့ခန့်မှန်းမှုကလည်း လေထဲမှာပဲ လွင့်ပြယ်နေဦးပါလိမ့်မယ်။




Photo: AFP

### အာဖရိကအသင်း(၅)သင်းမှ ဥရောပရောက်ကစားသမားများ

| | |
|---|---|
| ကင်မရွန်း | (၂၀)ဦး |
| အိုင်ဗရီကို့စ် | (၂၂)ဦး |
| နိုက်ဂျီးရီးယား | (၁၉)ဦး |
| ဂါနာ | (၁၉)ဦး |
| အယ်လ်ဂျီးရီးယား | (၂၀)ဦး |

Premier ELEVEN

| |
|---|
| အယ်ဒီတာချုပ် |
| မြတ်ထွဋ်ဝင်း |
| အကြီးတန်းအယ်ဒီတာ |
| ဟိန်းမောင်မောင် ၊ ဝေယံလင်း |
| အယ်ဒီတာအဖွဲ့ဝင်များ |
| အာကာ၊ ငြိမ်းကိုကိုစိုး၊ ဆက်ပိုင်စိုး |
| သတင်းထောက် |
| စိုးညီညီရှိန် |
| ပုံနှိပ်သူအမည် |
| ဒေါက်တာသိန်းမြင့် |
| မှတ်ပုံတင်အမှတ် |
| ယာယီ - ၁၁၅၆ |
| ပုံနှိပ်တိုက်အမည် |
| Eleven Press |
| ပုံနှိပ်စက်တည်နေရာ |
| အမှတ်(၁၉)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ |
| Eleven Media Group |
| မှတ်ပုံတင်အမှတ် |
| ယာယီ - ၀၄၇၀၈ |
| စာပေတိုက်အမည် |
| Eleven Media Group |
| စာပေတိုက်တည်နေရာ |
| အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ဖုန်း - ၄၀၀၅၂၉၊ ၄၀၀၅၂၈ |

# ဆွာရက်ဇ်၏အပြောင်းအရွှေ့အတွက် လန်ဒန်မြို့တွင် လီဗာပူးလ်နှင့် ဘာစီလိုနာအသင်းတာဝန်ရှိသူများ ဆွေးနွေးမှုများပြုလုပ်ရန်စီစဉ်

## ဖီဖာ၏ပွဲပယ်ပြစ်ဒဏ်အားအယူခံဝင်ရန် စပိန်နာမည်ကြီးရှေ့နေနှင့်အတူ ဆွာရက်ဇ်ကြိုးပမ်းမည်




ပရီးမီးယားလိဂ်ကလပ် လီဗာပူးလ်အသင်းနှင့် စပိန်ကလပ်ဘာစီလိုနာအသင်းတို့သည် ဥရုဂွေးတိုက်စစ်မှူးလူးဝစ်ဆွာရက်ဇ်၏အပြောင်းအရွှေ့အတွက် ဆွေးနွေးမှုများစတင်ပြုလုပ်ရန်စီစဉ်နေပြီဖြစ်ကြောင်းသိရှိရသည်။

ဗြိတိန်ထုတ် Daily Mail သတင်းစာ၏ဖော်ပြချက်အရ ကလပ်အသင်းနှစ်သင်းမှတာဝန်ရှိသူများသည် အင်္ဂလန်နိုင်ငံလန်ဒန်မြို့တွင် လာမည့်ရက်ပိုင်းအတွင်း တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ဘာစီလိုနာအသင်းသည် ဆွာရက်ဇ်အား ပေါင်သန်း(၆၀)ဖြင့်ကမ်းလှမ်းမှုပြုလုပ်သွားရန်စီစဉ်နေပြီး လီဗာပူးလ်အသင်းကမူ ၎င်းတို့၏ တိုက်စစ်မှူးအတွက် ပြောင်းရွှေ့ကြေးကို ပေါင်သန်း(၈၀)အထိ အလိုရှိနေကြောင်းသိရှိရသည်။ လီဗာပူးလ်အသင်း၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ အီယန်အာရီသည် ဘာစီလိုနာအသင်းမန်နေဂျင်းဒါရိုက်တာ ဆန်လီဂီနှင့်တွေ့ဆုံရန် သဘောတူညီခဲ့ပြီဖြစ်ပြီး ပြောင်းရွှေ့ကြေးတန်ဖိုးသတ်မှတ်ရန် အကျေအလည်ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရှိရသည်။ ပြီးခဲ့သည့်ဘောလုံးရာသီက လီဗာပူးလ်အသင်းအတွက် (၃၁)ဂိုးသွင်းယူပြီး ပရီးမီးယားလိဂ်ဂိုးသွင်းဘုရင်နှင့် ဥရောပဂိုးသွင်းဘုရင်ဖြစ်ခဲ့သူဆွာရက်ဇ်အား ရီးယဲလ်အသင်းထက် လက်ဦးမှုရယူ၍ခေါ်ယူရန် ဘာစီလိုနာအသင်းက စီစဉ်နေခြင်းလည်းဖြစ်သည်။

ဆွာရက်ဇ်သည် ၂၀၁၄ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ် ဥရုဂွေး-အီတလီပွဲ၌ အီတလီနောက်ခံလူချီလီနီ၏ပခုံးကို သွားဖြင့်ကိုက်ခဲ့ခြင်းကြောင့် နိုင်ငံတကာပွဲ(၉)ပွဲနှင့် (၄)လပွဲပယ်ပြစ်ဒဏ်ချမှတ်ခံထားရရာ ၎င်းပြစ်ဒဏ်ကိုအယူခံဝင်ရန်စီစဉ်လျက်ရှိနေကြောင်းလည်း သိရှိရသည်။ ဆွာရက်ဇ်အယူခံဝင်ရာတွင် ဘာစီလိုနာအသင်းနှင့်ရင်းနှီးသော ဆက်ဆံမှုရှိသည့် စပိန်လူမျိုးနာမည်ကြီးရှေ့နေ ဟွမ်ဒီဒိုင်ယို့စ်ခရက်စပိုက ကူညီပေးသွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။ ဆွာရက်ဇ်သည် သွားဖြင့်ကိုက်ခဲ့သည့်လုပ်ရပ်အတွက် ချီလီနီကိုပြန်လည်တောင်းပန်ခဲ့ရာ ယင်းလုပ်ရပ်အတွက်လည်း ဘာစီလိုနာအားကစားဒါရိုက်တာ ဇူဘီဇာရက်တာက ချီးကျူးခဲ့သည်။

ဇူဘီဇာရက်တာက "ဆွာရက်ဇ်ဟာ သူ့ကိုယ်သူနှိမ့်ချပြီး သူ့ရဲ့အမှားအတွက် ပြန်လည်တောင်းပန်ခဲ့ပါတယ်။ ဒါဟာ အင်မတန်လုပ်သင့်လုပ်ထိုက်တဲ့လုပ်ရပ်ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

### ဆွာရက်ဇ်ကြောင့် အလက်ဆစ်ဆန်းချက်ဇ်ကို မန်ယူ လက်လျှော့ရဖွယ်ရှိ

အကယ်၍ ဘာစီလိုနာအသင်းသို့ ဆွာရက်ဇ်ပြောင်းရွှေ့ခဲ့ပါက မန်ယူအသင်းသည် ဘာစီလိုနာအသင်း၏ ချီလီတောင်ပံကစားသမား အလက်ဆစ်ဆန်းချက်ဇ်ကိုခေါ်ယူရန်ကြိုးပမ်းမှုအား လက်လျှော့ရဖွယ်ရှိနေကြောင်း သိရှိရသည်။ ဘာစီလိုနာအသင်းသည် ဆွာရက်ဇ်ကိုခေါ်ယူမှု၌ အလက်ဆစ်ဆန်းချက်ဇ်ကို လီဗာပူးလ်အသင်းထံ အလိုက်ပေးသွားရန်စီစဉ်နေကြောင်း သိရှိရသည်။ ဘာစီလိုနာအသင်းသည် ဆန်းချက်ဇ်၏တန်ဖိုးကို ပေါင်(၃၅)သန်းသတ်မှတ်သွားမည်ဖြစ်ကြောင်းလည်း ဗြိတိန်သတင်းစာ Daily Mail ကဖော်ပြခဲ့သည်။

# အေဂျက်စ်အသင်းခေါင်းဆောင်ဆီယမ်ဒီဂျောင်ကို နယူးကာဆယ်အသင်း ပေါင်(၆)သန်းဖြင့်ခေါ်ယူ




နယူးကာဆယ်အသင်းသည် ဟော်လန်ကလပ်အေဂျက်စ်အသင်း၏ အသင်းခေါင်းဆောင် ဆီယမ်ဒီဂျောင်ကို ပေါင်(၆)သန်းဖြင့် ခေါ်ယူလိုက်ကြောင်း သိရှိရသည်။

ဟော်လန်လက်ရွေးစင်ကွင်းလယ်လူ ဒီဂျောင်အား ပြီးခဲ့သည့်ရာသီကတည်းက နယူးကာဆယ်အသင်းနည်းပြ အလန်ပါဂျူးကခေါ်ယူရန်ကြိုးပမ်းခဲ့ပြီး ယခု(၆)နှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ အလန်ပါဂျူးသည် ပြီးခဲ့သည့်ရာသီက ဆီယမ်ဒီဂျောင်၏ညီဖြစ်သူ လုခ်ဒီဂျောင်ကို မိုချန်ဂလာဘတ်အသင်းထံမှ အငှားစာချုပ်ဖြင့်ခေါ်ယူခဲ့ပြီး ယခုအစ်ကိုဖြစ်သူကိုခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဆီယမ်ဒီဂျောင်သည် လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဟော်လန်အသင်းတွင် ရွေးချယ်မခံရသော်လည်း ဟော်လန်အသင်းအတွက် (၆)ပွဲကစားပေးထားသူဖြစ်သည်။ ဆီယမ်ဒီဂျောင်သည် ယခုနွေရာသီ နယူးကာဆယ်အသင်း၏ ဒုတိယမြောက်ခေါ်ယူမှုဖြစ်လာပြီး သူ့အရင်က စပိန်ကလပ် တီနီရိုက်ဖ်အသင်းမှ တိုက်စစ်မှူးအယိုဇီပီရက်ဇ်ကို ခေါ်ယူထားသည်။

## BRIEF

- ဆန်းဒါးလန်းအသင်းသည် ၎င်းတို့၏လူငယ်တိုက်စစ်မှူးကော်နာဝစ်ခ်ဟမ်းကို စာချုပ်သက်တမ်းမတိုးတော့ဘဲ ယခုနွေရာသီတွင်ရောင်းချရန်စီစဉ်နေကြောင်း သိရှိရသည်။
- နယူးကာဆယ်အသင်းသည် မန်စီးတီးနောက်ခံလူမီကာရစ်ချတ်ကိုခေါ်ယူရန်စီစဉ်နေပြီး သူ၏လစာငွေအတွက် ဆွေးနွေးမှုများပြုလုပ်ရန်စီစဉ်နေကြောင်း သိရှိရသည်။
- လီဗာပူးလ်အသင်း၏ အီတလီတိုက်စစ်မှူးဘော်ရီနီ၏အေးဂျင့်ဖြစ်သူက သူ၏ကစားသမားသည် လီဗာပူးလ်အသင်းတွင်သာ ဆက်ရှိနေမည်ဟု ပြောကြားခဲ့သည်။
- ဆောက်သမ်တန်အသင်းတာဝန်ရှိသူများသည် အသင်းမှ ပြောင်းခွင့်ပေးရန် အတင်းအကျပ်တောင်းဆိုခဲ့ပြီး လီဗာပူးလ်အသင်းသို့ပြောင်းရွှေ့သွားခဲ့သော အသင်းခေါင်းဆောင်လယ်လာနာအား ဒေါသထွက်လျက်ရှိနေကြောင်း သိရှိရသည်။

## CARTOON



## ကစားသမား(၃)ဦးကို ဆွမ်ဆီး တန်ဖိုးသတ်မှတ်

ဆွမ်ဆီးအသင်းသည် ၎င်းတို့၏ကစားသမား(၃)ဦးဖြစ်သောတိုက်စ်မှူဘိုနီး ဂိုးသမားမီချယ်ဗွန်းနှင့် နောက်ခံလူ ဘင်ဒေးဗီးစ်တို့(၃)ဦးအတွက် ပြောင်းရွှေ့ကြေးကို ပေါင်(၄၅)သန်းသတ်မှတ်ခဲ့ကြောင်း သိရှိရသည်။ ၎င်းကစားသမား(၃)ဦးအား စပါးအသင်းနှင့် လီဗာပူးလ်အသင်းတို့ကခေါ်ယူရန် စိတ်ဝင်စားနေခြင်းဖြစ်ပြီး ဆွမ်ဆီးအသင်းက ဘိုနီအတွက် ပေါင်(၂၅)သန်း၊ ဒေးဗီးစ်အတွက် ပေါင်(၁၂)သန်း၊ မီချယ်ဗွန်းအတွက် ပေါင်(၈)သန်းသတ်မှတ်ကာ ရောင်းချရန်စီစဉ်နေကြောင်း သိရှိရသည်။

## လိုဗရန်အားခေါ်ယူရန် ပိုချက်တီနို စီစဉ်

စပါးအသင်းနည်းပြ ပိုချက်တီနိုသည် သူ၏ အသင်းဟောင်းဆောက်သမ်တန်အသင်းမှ နောက်ခံလူ လိုဗရန်ကိုခေါ်ယူရန် စီစဉ်နေကြောင်းသိရှိရသည်။ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ခရိုအေးရှားအသင်းတွင် ပါဝင်ကစားခဲ့သူ လိုဗရန်သည် သူနှင့်ခင်မင်ရင်းနှီးသော ပိုချက်တီနို ပြောင်းရွှေ့သွားသည့် စပါးအသင်းသို့ လိုက်ပါရန် ဆန္ဒရှိနေကြောင်းလည်း သိရှိရသည်။ လိုဗရန်အားခေါ်ယူရန် လီဗာပူးလ်အသင်းကလည်း ပစ်မှတ်ထားနေရာ ပိုချက်တီနိုသည် လီဗာပူးလ်အသင်းနှင့်အပြိုင် ကြိုးပမ်းရဖွယ်ရှိနေကြောင်း သိရသည်။

## ရီနာကိုထပ်မံခေါ်ယူရန် နာပိုလီ ကမ်းလှမ်းမည်

စီးရီးအေကလပ် နာပိုလီအသင်းသည် လီဗာပူးလ်ဂိုးသမားရီနာအား အငှားစာချုပ်ဖြင့်ထပ်မံခေါ်ယူရန်စီစဉ်နေကြောင်း သိရှိရသည်။ စပိန်ဂိုးသမားရီနာသည် ပြီးခဲ့သည့်ရာသီက နာပိုလီအသင်းတွင် တစ်ရာသီအငှားစာချုပ်ဖြင့်လာရောက်ကစားခဲ့သူဖြစ်ပြီး လီဗာပူးလ်အသင်းက အပြီးသတ်ရောင်းချလိုသော်လည်း နာပိုလီအသင်းကအငှားဖြင့်သာ ခေါ်ယူရန်ဆန္ဒရှိနေခြင်းဖြစ်သည်။ နာပိုလီအသင်းသည် ပြီးခဲ့သည့်ရာသီက ရီနာ၏ တစ်နှစ်လစာ ယူရို(၂.၅)သန်းမှ ယူရို(၂)သန်းကို ပေးချေခဲ့သည်။

## ဘာထရန်အတွက် လီဗာပူးလ် ကြိုးပမ်းမည်

လီဗာပူးလ်အသင်းသည် ချယ်လ်ဆီးအသင်း၏နောက်ခံလူ ဘာထရန်ကိုခေါ်ယူရန် ပြန်လည်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။ အင်္ဂလန်နောက်ခံလူဘာထရန်အား ပြီးခဲ့သည့်ရာသီကတည်းက ခေါ်ယူရန် လီဗာပူးလ်အသင်းက စိတ်ဝင်စားခဲ့ပြီး ကြိုးပမ်းမှုများပြုလုပ်ခဲ့ဖူးသည်။ ချယ်လ်ဆီးအသင်းသည် အက်သလက်တီကိုနောက်ခံလူဖိလစ်ပီလူးဝစ်စ်ကိုခေါ်ယူရန်ကြိုးပမ်းနေရာ အကယ်၍ ၎င်းအားခေါ်ယူနိုင်ခဲ့ပါက ဘာထရန်ကို ပြန်လည်ရောင်းချသွားဖွယ်ရှိနေကြောင်း သိရှိရသည်။

# ယခုနွေရာသီ ပြောင်းရွှေ့ကြေးလွတ်ဖြင့်ခေါ်ယူနိုင်သူများထဲတွင် ဇာဗီ၊ လမ်းပတ်၊ ဖာဒီနန်စသည့်နာမည်ကျော်များစွာပါဝင်နေ

### ကမ္ဘာ့ဖလားတွင်နာမည်ကျော်ခဲ့သည့် မက္ကဆီကိုဂိုးသမားလည်းပါဝင်




ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်း ပြောင်းရွှေ့ကြေးအလွတ်ဖြင့်ခေါ်ယူနိုင်သော ကစားသမားများထဲတွင် နာမည်ကြီးကစားသမားများစွာ ပါဝင်လျက်ရှိနေကြောင်း သိရှိရသည်။ ဗြိတိန်ထုတ် Daily Mail သတင်းစာက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ခွင့်ရထားသည့် ထိပ်တန်းကစားသမားများကိုဖော်ပြခဲ့ရာ ယင်းထဲတွင် ဘာစီလိုနာကွင်းလယ်လူဇာဗီ၊ ချယ်လ်ဆီးနောက်ခံလူ အက်ရှ်လေကိုးလ်၊ ကွင်းလယ်လူ လမ်းပတ်၊ မန်ယူနောက်ခံလူဖာဒီနန်အစရှိသည့် နာမည်ကြီးကစားသမားများ ပါဝင်လျက်ရှိနေသည်။

ဇာဗီသည် ပြီးခဲ့သည့်ရက်သတ္တပတ်များအတွင်းက ကာတာကလပ် အယ်လ်အာရာဘီအသင်းသို့ ပြောင်းရွှေ့မည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး သူ့အားခေါ်ယူရန် မေဂျာလိဂ်ကလပ်အသင်းများဖြစ်သည့် နယူးယောက်FCနှင့်မီယာမီအသင်းများကလည်း စိတ်ဝင်စားလျက်ရှိနေကြောင်း သိရှိရသည်။ ချယ်လ်ဆီးအသင်းနှင့်လမ်းခွဲခဲ့သည့် အက်ရှ်လေကိုးလ်နှင့်လမ်းပတ်တို့ကိုလည်း မေဂျာလိဂ်အသင်းများက ပစ်မှတ်ထားနေပြီး အက်ရှ်လေကိုးလ်မှာ ပြင်သစ်ကလပ် မိုနာကိုသို့ရောက်ဖွယ်ရှိနေပြီး လမ်းပတ်မှာ နယူးယောက်စီးတီးအသင်းသို့ ရောက်ဖွယ်ရှိနေကြောင်းသိရသည်။ မန်ယူအသင်းနှင့်လမ်းခွဲခဲ့သည့် ဖာဒီနန်ကိုမူ QPR အသင်းက ခေါ်ယူနိုင်ရန်နီးစပ်နေကြောင်း သိရသည်။

**မက္ကဆီကိုဂိုးသမား အိုချိုအာကိုခေါ်ယူရန် အာဆင်နယ်၊ လီဗာပူးလ် အစရှိသည့် ပရီးမီးယားလိဂ်အသင်းကြီးများက စိတ်ဝင်စားနေ . . .**

ပြောင်းရွှေ့ကြေးအလွတ်ဖြင့်ခေါ်နိုင်သူများထဲတွင် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းစေ့သွားသည့် တိုက်စ်မှူးအီတူး၊ အင်တာမီလန်နှင့်လမ်းခွဲခဲ့သည့် အာဂျင်တီးနားကွင်းလယ်လူ ကမ်ဘီယာဆို၊ ဂါလာတာစာရေးနှင့် စာချုပ်သက်တမ်းစေ့သွားသည့် အိုင်ဗရီကို့စ်တိုက်စစ်မှူးဒရော့ဘာ၊ ဘာစီလိုနာအသင်းမှ စာချုပ်သက်တမ်းမတိုးတော့သည့် စပိန်ဂိုးသမားဗဲလ်ဒက်စ်အစရှိသူတို့ပါဝင်နေပြီး လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲတွင် နာမည်ကြီးလာသည့်ဂိုးသမားတစ်ဦးလည်းပါဝင်နေကြောင်း သိရှိရသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် Man of the Match ဆု(၂)ကြိမ်ရရှိခဲ့သည့် မက္ကဆီကိုဂိုးသမားအိုချိုအာမှာလည်း သူ၏ကလပ် အေယက်စီယိုအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်၍ ပြောင်းရွှေ့ကြေးအလွတ်ဖြင့် ထွက်ခွာခွင့်ရရှိထားကြောင်း သိရသည်။ ပြင်သစ်လီဂူး-၂ကလပ် အေယက်စီယိုမှထွက်ခွာလိုနေသော အိုချိုအာကိုခေါ်ယူရန် အာဆင်နယ်၊ လီဗာပူးလ်အစရှိသည့် ပရီးမီးယားလိဂ်အသင်းကြီးများက စိတ်ဝင်စားနေကြောင်းလည်း သိရှိရသည်။

# ၂၀၁၄ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး အာဆင်နယ်အသင်းခေါင်းဆောင် ဗာမယ်လန်းကို မန်ယူ ပေါင်(၁၁)သန်းဖြင့် ခေါ်ယူနိုင်ဖွယ်ရှိ

မန်ယူအသင်းသည် လက်ရှိကျင်းပနေသော ၂၀၁၄ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် အာဆင်နယ်နောက်ခံလူဗာမယ်လန်းအားခေါ်ယူနိုင်ရန် နီးစပ်နေပြီဖြစ်ကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ ဗြိတိန်သတင်းစာ Daily Mail ၏ဖော်ပြချက်အရ အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့သည် ဗာမယ်လန်း၏ပြောင်းရွှေ့ကြေးအတွက် ပေါင်(၁၁)သန်းဖြင့် သဘောတူညီမှုရဖွယ်ရှိကြောင်း သိရှိရသည်။

ယင်းသတင်းစာ၏ဖော်ပြချက်အရ ဗာမယ်လန်းသည် မန်ယူအသင်းတွင် လစာငွေတစ်ပတ်ပေါင်တစ်သိန်းရရှိမည်ဖြစ်ကြောင်းလည်း သိရှိရသည်။ လက်ရှိတွင် ၂၀၁၄ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ဘယ်လ်ဂျီယံအသင်းနှင့်အတူ ဘရာဇီးလ်နိုင်ငံသို့ရောက်ရှိနေသည့်ဗာမယ်လန်းက သူ၏အေးဂျင့်များအား အပြောင်းအရွှေ့အတွက် လျှို့ဝှက်ထားရန် ညွှန်ကြားထားပြီး လူသိရှင်ကြားထုတ်ဖော်ပြောဆိုမှုမပြုလုပ်ရန် သတိပေးထားကြောင်း သိရှိရသည်။ ဗာမယ်လန်းသည် အာဆင်နယ်အသင်းခေါင်းဆောင်ဖြစ်သော်လည်း ပြီးခဲ့သည့်ရာသီက အာဆင်နယ်အသင်းတွင် နည်းပြအာစင်ဝင်းဂါးက နောက်ခံလူ ကိုစီယယ်လ်နီ၊ မာတီဆက်ကာအစရှိသူတို့ကို ဦးစားပေးအသုံးပြုသဖြင့် ပုံမှန်နေရာပျောက်ခဲ့ရသူဖြစ်သည်။




## BRIEF

- အာဆင်နယ်အသင်းသည် နယူးကာဆယ်နောက်ခံလူ ဒီဘူချီကို ပေါင်(၁၁)သန်းဖြင့်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရှိရသည်။
- ဆောက်သမ်တန်အသင်းမှ ပြင်သစ်လက်ရွေးစင်ကွင်းလယ်ကစားသမားဆနိုက်ဒါလင်သည် အသင်းမှထွက်ခွာရန်ဆန္ဒရှိနေပြီး အသင်းပြောင်းရွှေ့ခွင့်ပေးရန်တောင်းဆိုခဲ့ကြောင်း သိရသည်။
- ဝက်စ်ဟမ်းအသင်းသည် ပြင်သစ်လက်ရွေးစင်အသင်း၏ ကွင်းလယ်လူ ဗယ်လ်ဘူနာအား ခေါ်ယူရန်ပစ်မှတ်ထားနေကြောင်း သိရှိရသည်။
- အဲဗာတန်အသင်းသည် ၎င်းတို့၏ဝါရင့်နောက်ခံလူ ဟစ်ဘတ်ကို ၂၀၁၆ခုနှစ်အထိ စာချုပ်သက်တမ်းတိုးခဲ့ကြောင်း သိရှိရသည်။




# ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုပွဲစဉ်များတွင် ကင်မရွန်းအသင်း လုပ်ပွဲကစားခဲ့သည်ဟု စွပ်စွဲချက်များ ထွက်ပေါ်လျက်ရှိနေ

## လုပ်ပွဲပြုလုပ်သူများကို စုံစမ်းဖော်ထုတ်မည်ဟု ဘောလုံးအဖွဲ့ချုပ်အတည်ပြု






လုပ်ပွဲကစားသည်ဟု စွပ်စွဲခံနေရသော ကင်မရွန်းအသင်း။ ခရိုအေးရှားနှင့်ပွဲတွင် အဲလက်စ်ဆောင်းအား ဒိုင်လူကြီးက အနီကတ်ပြသနေစဉ်

၂၀၁၄ ကမ္ဘာ့ဖလားအုပ်စုအဆင့်တွင် ကင်မရွန်းအသင်း လုပ်ပွဲများကစားခဲ့သည်ဟူသောစွပ်စွဲချက်များထွက်ပေါ်လျက်ရှိနေကြောင်းသိရသည်။

ကင်မရွန်းအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု(က)၌ ဘရာဇီးလ်၊ ခရိုအေးရှား၊ မက္ကဆီကိုတို့နှင့်အတူ တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး (၃)ပွဲစလုံးရှုံးနိမ့်ခဲ့သည့်အပြင် တစ်ဂိုးသာသွင်းယူနိုင်ခဲ့သည်။လက်ရှိအချိန်တွင် ကင်မရွန်းအသင်းမှာ ယင်းပွဲ(၃)ပွဲစလုံးကို လုပ်ပွဲကစားခဲ့သည်ဟု စွပ်စွဲခံနေရပြီး အထူးသဖြင့် ခရိုအေးရှားနှင့်ပွဲမှာ သံသယအရှိဆုံးပွဲအဖြစ် သတ်မှတ်ခံထားရကြောင်း သိရသည်။ ကင်မရွန်းအသင်းသည် ခရိုအေးရှားနှင့်ပွဲတွင် (၄)ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး ကွင်းလယ်လူအဲလက်စ်ဆောင်းမှာ အနီကတ်နှင့်ထုတ်ပယ်ခံခဲ့ရသလို၊ အသင်းကစားသမားများဖြစ်သည့် အီကော်တိုနှင့် မူကန်ဂျိုတို့မှာလည်း အချင်းချင်းခိုက်ရန်ဖြစ်ပွားခဲ့ကြသည်။ အဆိုပါပွဲကို စင်

**စင်ကာပူနိုင်ငံသား လုပ်ပွဲဖန်တီးသူတစ်ဦးက ခရိုအေးရှားအသင်း (၄)ဂိုးပြတ်အနိုင်ရမည်ဖြစ်ပြီး ပထမပိုင်းတွင် ကစားသမားတစ်ဦး ထုတ်ပယ်ခံရမည်ဟု တိကျစွာခန့်မှန်းခဲ့. . .**

ကာပူနိုင်ငံသား လုပ်ပွဲဖန်တီးသူတစ်ဦးက ခရိုအေးရှားအသင်း (၄)ဂိုးပြတ်အနိုင်ရမည်ဖြစ်ပြီး ပထမပိုင်းတွင် ကစားသမားတစ်ဦးထုတ်ပယ်ခံရမည်ဟုတိကျစွာခန့်မှန်းခဲ့ကြောင်း ဂျာမနီမီဒီယာများကဖော်ပြခဲ့ရာ ဖီဖာကျင့်ဝတ်ကော်မတီက စုံစမ်းစစ်ဆေးမှုစတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ကင်မရွန်းအသင်းမှကစားသမား(၇)ဦးမှာလည်း လုပ်ပွဲကစားခဲ့သည်ဟုစွပ်စွဲခံနေရကြောင်း သိရသည်။

သို့ဖြစ်ရာ ကင်မရွန်းဘောလုံးအဖွဲ့ချုပ်က လုပ်ပွဲပြုလုပ်သည်ဟူသောစွပ်စွဲချက်များအပေါ် အသေအချာစုံစမ်းသွားမည်ဖြစ်ပြီး လုပ်ပွဲကစားခဲ့သည်ဟု သံသယရှိနေသည့် ကစားသမား(၇)ဦးကိုလည်း ဖော်ထုတ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ကင်မရွန်းဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်ကြေညာချက်တွင် "မိမိတို့အနေဖြင့် အသင်း၏ ဂုဏ်သိက္ခာကိုထိခိုက်စေသော စွပ်စွဲချက်များနှင့်ပတ်သက်၍ အမြန်ဆုံး စစ်ဆေး ဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်(၅၅)နှစ်တာကာလအတွင်း ကင်မရွန်းဘောလုံးအဖွဲ့ချုပ်အနေဖြင့် လုပ်ပွဲကစားခြင်းများ အပါအဝင်ဘောလုံးပွဲစဉ်များ၌ စည်းမျဉ်းနှင့်မညီညွတ်သော လုပ်ရပ်မျိုး ပေါ်ပေါက်ခဲ့ခြင်းမရှိသည့်အပြင် အပြစ်ပေးအရေးယူခဲ့ရခြင်းမျိုးလည်း မရှိခဲ့ကြောင်း" ဖော်ပြပါရှိခဲ့သည်။

# ကမ္ဘာ့ဖလားမှထွက်ခဲ့ရပြီးနောက် နိုက်ဂျီးရီးယားနည်းပြကီရှီ ရာထူးမှနုတ်ထွက် ဝါရင့်နောက်ခံလူ ယိုဘိုမှာလည်း လက်ရွေးစင်အသင်းမှအနားယူ

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နိုက်ဂျီးရီးယားအသင်း ရှုံးထွက်အဆင့်မှထွက်ခဲ့ရပြီးနောက် နည်းပြဖြစ်သူ စတီဖင်ကီရှီမှာ ၎င်း၏ရာထူးမှနုတ်ထွက်သွားခဲ့ကြောင်းသိရသည်။

နိုက်ဂျီးရီးယားအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ရှုံးထွက်အဆင့်သို့ဒုတိယအကြိမ်မြောက်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သော်လည်း ပြင်သစ်အသင်းကို (၂-၀)ဂိုးဖြင့်ရှုံးနိမ့်ကာ ယင်းအဆင့်နှင့်ပင် ကျေနပ်ခဲ့ရသည်။ အသက်(၅၂)နှစ်အရွယ်ရှိပြီဖြစ်သူ စတီဖင်ကီရှီသည် နိုက်ဂျီးရီးယားအသင်းကို ၂၀၁၁ခုနှစ်က ကိုင်တွယ်ခဲ့ခြင်းဖြစ်ပြီး နည်းပြရာထူးက နုတ်ထွက်ခဲ့ပြီးနောက် ၎င်းက "အခုလောလောဆယ်တော့ ကျွန်တော့်မိသားစုဆီကိုပြန်မှာဖြစ်ပြီး စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်ဖို့အတွက် ပြင်ဆင်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

ထို့ပြင် နိုက်ဂျီးရီးယားအသင်း၏ ဝါရင့်နောက်ခံလူတစ်ဦးဖြစ်သည့် ယိုဘိုမှာလည်း ပြင်သစ်အသင်းနှင့်ပွဲအပြီးတွင် လက်ရွေးစင်အသင်းမှအနားယူရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ ယိုဘို(၃၃နှစ်)သည် ပြင်သစ်နှင့်ပွဲတွင် နိုင်ငံအသင်းနှင့် ပွဲ(၁၀၀)ပြည့်မြောက်ခဲ့ပြီး ၎င်းက အသင်းအတွက် မိမိ၏စွမ်းဆောင်ခဲ့မှုများကို အားရကျေနပ်မိကြောင်းပြောကြားခဲ့သည်။




## ဂရိကွင်းလယ်လူ ကာရာဂူးနစ် နိုင်ငံအသင်းမှအနားယူ

ဂရိအသင်းကွင်းလယ်ကစားသမားကာရာဂူးနစ်သည် လက်ရွေးစင်အသင်းမှ အနားယူသွားပြီဖြစ်ကြောင်းသိရသည်။ အသက်(၃၇)နှစ်အရွယ်ရှိပြီဖြစ်သည့် ကာရာဂူးနစ်သည် ဂရိအသင်းအတွက်(၁၅)နှစ်ကျော်ကြာကစားခဲ့သူဖြစ်ပြီး (၁၃၉)ပွဲဖြင့် ပွဲအများဆုံးကစားထားသူအဖြစ် စံချိန်တင်နိုင်ခဲ့သည့်အပြင် အသင်းနှင့်အတူယူရို-၂၀၀၄ချန်ပီယံဆုဖလားရယူခဲ့သူဖြစ်သည်။

## တိုက်စစ်မှူးဗန်ပါစီကို နည်းပြဗန်ဟားလ်သတိပေး

ဟော်လန်အသင်းနည်းပြဗန်ဟားလ်က တိုက်စစ်မှူးဗန်ပါစီအနေဖြင့် ကြံ့ခိုင်မှုမပြည့်ဝသည်ဖြစ်စေ၊ ခြေစွမ်းမပြနိုင်သည်ဖြစ်စေ ၎င်းကိုလူစားလဲရန် တွေဝေနေမည်မဟုတ်ကြောင်းပြောကြားခဲ့သည်။ ဗန်ဟားလ်သည် မက္ကဆီကိုနှင့်ပွဲတွင် ပွဲပြီးရန်(၁၅)မိနစ်ခန့်အလို၌ ဗန်ပါစီအား ဟန်တယ်လာနှင့် လူစားလဲခဲ့ပြီး ဟန်တယ်လာမှာအနိုင်ဂိုးကို ပယ်နယ်တီမှတစ်ဆင့်သွင်းယူခဲ့သည်။

## တံတောင်ဖြင့်ရိုက်ခဲ့သည့်ဂျိုရော့ကိုထုတ်ပယ်သင့်ဟုမိခေးလ်ဆို

နိုက်ဂျီးရီးယားကွင်းလယ်လူမိခေးလ်က ပြင်သစ်အသင်းနှင့်ကစားခဲ့သောပွဲတွင် မိမိကို တံတောင်ဖြင့်ရိုက်ခဲ့သည့်ဂျိုရော့အား ဒိုင်လူကြီးက အနီကတ်ဖြင့် မထုတ်ခဲ့ခြင်းအပေါ် အံ့အားသင့်မိကြောင်းပြောကြားခဲ့သည်။ အဆိုပါပွဲတွင် ပထမပိုင်း(၂၉)မိနစ်၌ ဂျိုရော့မှာ မိခေးလ်အား တံတောင်ဖြင့်ရိုက်ခဲ့ခြင်းဖြစ်ပြီး ဒိုင်လူကြီးက တစ်စုံတစ်ရာအရေးယူခဲ့ခြင်းမရှိကြောင်းသိရသည်။




## အိုင်ဗရီကိုစ်နည်းပြသစ်အဖြစ် ထရာပတ်တိုနီ ရေပန်းစား

အီတလီလူမျိုးနည်းပြဖြစ်သူထရာပတ်တိုနီသည် အိုင်ဗရီကို့စ်အသင်းနည်းပြသစ်ဖြစ်လာရန် ရေပန်းစားလျက်ရှိနေကြောင်းသိရသည်။ ထရာပတ်တိုနီသည် ပြီးခဲ့သည့်နှစ်အတွင်းက အိုင်ယာလန်အသင်းနှင့် လမ်းခွဲခဲ့သူဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း အိုင်ဗရီကို့စ်အသင်းနှင့်စာချုပ်ချုပ်ဆိုသွားဖွယ်ရှိနေသည်။ ထရာပတ်တိုနီအား မော်ရိုကိုအသင်းက ကမ်းလှမ်းခဲ့သော်လည်း ၎င်းကငြင်းဆန်ခဲ့ခြင်းဖြစ်သည်။ အိုင်ဗရီကို့စ်အသင်းသည် မကြာသေးမီက နည်းပြလာမိချီနှင့်လမ်းခွဲခဲ့ပြီးနောက် နည်းပြလက်မဲ့ဖြစ်နေကြောင်းသိရသည်။

## ဂျာမနီအသင်းကစားပုံကို ဂန္ထဝင်များ ဝေဖန်

ဂျာမနီအသင်းဂန္ထဝင်ကစားသမားများဖြစ်ကြသည့် အိုလီဗာခန်းနှင့် လိုသာမားသီးယက်စ်တို့က ဂျာမနီအသင်းအနေဖြင့် တိုက်စစ်ပိုင်းသာမကခံစစ်ကစားပုံတွင် ယခုထက်ပိုမိုကောင်းမွန်ရန် လိုအပ်နေပြီဖြစ်ကြောင်း ဝေဖန်သုံးသပ်ခဲ့ကြသည်။ လိုသာမားသီးယက်စ်က ဂျာမနီအသင်းခံစစ်တွင် ဘိုတန်နှင့်ဟိုဝီဒက်စ်ကို နောက်ခံအစွန်လူများအဖြစ်အသုံးပြုနေခြင်းအပေါ်ဝေဖန်ခဲ့ပြီး အိုလီဗာခန်းက ရှေ့တန်းနှင့်ကွင်းလယ်တိုက်စစ်ချိတ်ဆက်မှုအားနည်းခြင်းကိုဝေဖန်ခဲ့ကြောင်း သိရသည်။

## အီတလီနောက်ခံလူဘာဇာဂလီ (၃)လခန့် အနားယူရဖွယ်ရှိ

အီတလီအသင်း နောက်ခံကစားသမားဘာဇာဂလီသည် ဒဏ်ရာခွဲစိတ်ကုသမှုခံယူခဲ့ခြင်းကြောင့် (၃)လခန့်အနားယူရဖွယ်ရှိနေကြောင်းသိရသည်။ အသက်(၃၃)နှစ်အရွယ်ရှိပြီဖြစ်သူ ဘာဇာဂလီသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အီတလီအသင်းနှင့်အတူ အုပ်စုပွဲစဉ်(၃)ပွဲစလုံး ပါဝင်ကစားခဲ့သူဖြစ်ပြီး သူ၏ ညာဘက်ခြေထောက်တွင် ဒဏ်ရာရရှိခဲ့သဖြင့် ခွဲစိတ်ကုသမှုခံယူခဲ့ရာ အနည်းဆုံး (၃)လခန့် အနားယူရဖွယ်ရှိနေကြောင်း သိရသည်။

## နည်းပြဟာစ်ဇ်ဖဲလ်၏ အစ်ကိုဖြစ်သူကွယ်လွန်

ဆွစ်ဇာလန်အသင်းနည်းပြဟာစ်ဇ်ဖဲလ်၏အစ်ကိုဖြစ်သူသည် သွေးကင်ဆာရောဂါကြောင့် ကွယ်လွန်သွားပြီဖြစ်ကြောင်းသိရသည်။ ဟာစ်ဇ်ဖဲလ်၏အစ်ကိုဖြစ်သူ ဝင်းဖရိုင်းမှာ အသက်(၈၁)နှစ်အရွယ်ရှိပြီဖြစ်ပြီး အာဂျင်တီးနားနှင့်ကစားခဲ့သော ရှုံးထွက်ပွဲစဉ်မတိုင်မီ နာရီပိုင်းအလိုတွင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။ ဟာစ်ဇ်ဖဲလ်အနေဖြင့် သူ၏အစ်ကို ကွယ်လွန်သွားခဲ့သော်လည်း အာဂျင်တီးနားနှင့်ပွဲကို အဆုံးအထိကိုင်တွယ်သွားရန် ဆွစ်ဇာလန်ဘောလုံးအဖွဲ့ချုပ်ထံ တောင်းဆိုခဲ့ကြောင်း သိရသည်။

# ဘရာဇီးလ်အသင်းပြန်ကြားရေးဒါရိုက်တာဖြစ်သူ ပါအီဗာအား တစ်ပွဲသာပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့သည့် ဖီဖာကို ပင်နယ်လာဝေဖန်

ချီလီအသင်း တိုက်စစ်မှူးပင်နယ်လာသည် ၎င်းကို လက်သီးဖြင့် ထိုးခဲ့သည့် ဘရာဇီးလ်အသင်းပြန်ကြားရေးဒါရိုက်တာဖြစ်သူ ရိုဒရီဂိုပါအီဗာအား ဖီဖာက တစ်ပွဲသာပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့သဖြင့် ဝေဖန်ပြစ်တင်ခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့်တစ်ပတ်က ချီလီနှင့် ဘရာဇီးလ်အသင်းတို့ ကစားခဲ့သော ရှုံးထွက်ပွဲပထမပိုင်းအပြီးတွင် ပါအီဗာနှင့် ပင်နယ်လာတို့အချင်းများခဲ့ပြီး ပါအီဗာက ကိုယ်ထိလက်ရောက်စော်ကားခဲ့ခြင်းလည်းဖြစ်သည်။ အဆိုပါဖြစ်ရပ်ကို ဖီဖာက စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ပြီးနောက် ပါအီဗာအား တစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ယင်းပြစ်ဒဏ်ကြောင့် ပါအီဗာအနေဖြင့် လာမည့်သောကြာနေ့တွင် ကိုလံဘီယာနှင့်ကစားမည့်ကွာတားဖိုင်နယ်ပွဲ၌ တာဝန်ထမ်းဆောင်ခွင့်ရှိမည်မဟုတ်ဟု သိရသည်။ သို့သော်လည်း ပင်နယ်လာကမူ သူ၏ Twitter စာမျက်နှာတွင် "ဆွာရက်ဇ်ဟာ ပြိုင်ဘက်ကို ကိုက်ခဲ့တဲ့အတွက် သူ့ရဲ့ကစားသမားဘဝကို ထိခိုက်စေလောက်တဲ့ အထိပြစ်ဒဏ်ကျခံရပေမယ့် ပါအီဗာကတော့ လူတစ်ယောက်ကို ထိုးကြိတ်ခဲ့တာတောင် တစ်ပွဲပဲပွဲပယ်ခံရပါတယ်။ ဆွာရက်ဇ်လိုပဲ ပါအီဗာကို ဖီဖာက တန်းတူပြစ်ဒဏ်ချမှတ်ပေးဖို့ ကျွန်တော်တောင်းဆိုပါတယ်" ဟု ရေးသားခဲ့သည်။

ပါအီဗာကို ဖီဖာက ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့သော်လည်း စည်းကမ်းထိန်းသိမ်းရေးကော်မတီက ယင်းဖြစ်ရပ်ကို ဆက်လက်စစ်ဆေးနေဆဲဖြစ်ရာ ပါအီဗာအနေဖြင့် ထပ်မံ၍ ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိနေကြောင်းလည်း သိရသည်။


Photo: AFP

## BRIEF

❒ အသက်(၃၁)နှစ်အရွယ်ရှိပြီဖြစ်သူ နိုက်ဂျီးရီးယားအသင်းဂိုးသမား အန်ယီမာက ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရှုံးထွက်အဆင့်မှ ထွက်ခဲ့ရပြီးနောက် နိုင်ငံအသင်းမှအနားယူရန် စဉ်းစားနေပြီဖြစ်ကြောင်းဝန်ခံပြောကြားခဲ့သည်။

❒ ပြင်သစ်အသင်းနည်းပြဒက်စ်ချမ့်က ကမ္ဘာ့ဖလားကွာတားဖိုင်နယ်သို့ရောက်ရှိခဲ့ပြီဖြစ်၍ မိမိတို့၏ ချန်ပီယံအိပ်မက်များအမှန်တကယ်ဖြစ်လာရန် နီးစပ်နေပြီဖြစ်သော်လည်းအရေးကြီးဆုံးမှာ ယခုသောကြာနေ့တွင် ဂျာမနီအသင်းနှင့်ကစားရမည့်ပွဲသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

❒ ဘရာဇီးလ်အသင်းကွင်းလယ်ကစားသမားဖာနန်ဒင်ဟိုက ကိုလံဘီယာအသင်းနှင့်ပွဲမှာ ပြီးခဲ့သည့် ချီလီနှင့်ပွဲထက် ပိုမိုခက်ခဲဖွယ်ရှိနေကြောင်း သတိပေးစကားပြောကြားခဲ့သည်။

❒ အယ်လ်ဂျီးရီးယားနောက်ခံလူ ဘိုဂီယာရာက ဂျာမနီအသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့၍ အားရကျေနပ်မိကြောင်း ဝန်ခံပြောကြားခဲ့သည်။

# အယ်လ်ဂျီးရီးယားနှင့်ပွဲမှ ပထမပိုင်းတွင်ကစားခဲ့သည့် ခြေစွမ်းအပေါ် ဂျာမနီအသင်းနည်းပြ ဂျိုအာချင်လိုး ဝေဖန်

## ဂျာမနီအသင်းအား "Mickey Mouse Team" ဟု မီဒီယာများလှောင်ပြောင်

ဂျာမနီအသင်းနည်းပြ ဂျိုအာချင်လိုးသည် အယ်လ်ဂျီးရီးယားနှင့်ကစားခဲ့သော ရှုံးထွက်အဆင့်ပွဲမှ ပထမပိုင်း၌ကစားခဲ့သည့်အသင်း၏ခြေစွမ်းအပေါ် ဝေဖန်ပြောဆိုမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတွင် ဂျာမနီအသင်းမှာ အာဖရိကမှ သာမန်အသင်းတစ်သင်းသာဖြစ်သည့် အယ်လ်ဂျီးရီးယားနှင့်ဆုံတွေ့ခဲ့ရသော်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ရုန်းကန်ခဲ့ရသလို ပွဲချိန်မိနစ်(၉၀)ပြီးဆုံးသည်အထိ ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိဘဲ အချိန်ပိုရောက်မှသာ ရှူရာ၊ အိုဇေးလ်တို့၏ဂိုးများကြောင့်(၂-၁)ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ဂျိုအာချင်လိုးက အယ်လ်ဂျီးရီးယားနှင့်ပွဲတွင် အဆုံးသတ်အားနည်းခြင်းနှင့် ခံစစ်ပိုင်းအမှားကျူးလွန်ခြင်းမျိုး ပြင်သစ်နှင့်ပွဲ၌ထပ်မဖြစ်ရန် သတိပေးစကားဆိုခဲ့ခြင်းဖြစ်သည်။ ဂျိုအာချင်လိုးက "ဒီနေ့ပွဲမှာ ကျွန်တော်တို့အသင်းနိုင်လိုစိတ်ပြင်းပြမှုကြောင့်သာ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ပထမပိုင်းမှာ ကစားသွားတဲ့ ခြေစွမ်းကတော့ စိတ်ပျက်စရာပါပဲ။ ဒုတိယပိုင်းနဲ့ အချိန်ပိုရောက်မှ ခြေစွမ်းပြနိုင်ခဲ့သလို၊ အခွင့်အရေးကောင်းတွေကိုလည်းဖန်တီးနိုင်ခဲ့ပါတယ်။ လာမယ့် ပြင်သစ်နဲ့ပွဲမှာတော့ ဒီထက်ပိုကောင်းတဲ့ခြေစွမ်းပြသနိုင်ဖို့ လိုအပ်ပါတယ်"ဟုပြောကြားခဲ့သည်။

ထို့ပြင် အယ်လ်ဂျီးရီးယားနှင့်ပွဲအပြီး ဂျာမနီအသင်း၏ကစားပုံအပေါ် မီဒီယာများကဝေဖန်ခဲ့ကြပြီး Mickey Mouse များကဲ့သို့ ရယ်ရွှင်ဖွယ်ရာကောင်းသည့်သဘောဖြင့် "Mickey Mouse Team"ဟု လှောင်ပြောင်ခဲ့ကြကြောင်း သိရသည်။ ယင်းကဲ့သို့ လှောင်ပြောင်မှုများအပေါ် ဂျာမနီအသင်းနောက်ခံလူ မာတီဆက်ကာက ဒေါသတကြီးတုံ့ပြန်ခဲ့ပြီး နိုင်ပွဲရရန်သာအရေးကြီးကြောင်း ပြောကြားခဲ့သည်။ မာတီဆက်ကာက "ခြေစွမ်းပြကစားပြီးတော့ ရှုံးနိမ့်တာမျိုးကို ပရိသတ်တွေလိုချင်ပါသလား။ အရေးကြီးဆုံးက ကျွန်တော်တို့အသင်း ကွာတားဖိုင်နယ်ကိုရောက်ရှိဖို့ပါပဲ"ဟု ပြောကြားခဲ့သည်။ ဂျာမနီအသင်းသည် လာမည့်သောကြာနေ့တွင် ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ပြင်သစ်အသင်းနှင့်ရင်ဆိုင်ရမည်ဖြစ်ပြီး အဆိုပါ(၂)သင်းမှာ ၁၉၈၆ ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်တွင် ဆုံတွေ့ခဲ့ပြီးနောက်ပိုင်း နှစ်ပေါင်း(၃၀)နီးပါးအကြာ၌ ကမ္ဘာ့ဖလားတွင် ပထမဆုံးအကြိမ် ပြန်လည်ဆုံတွေ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

> ပထမပိုင်းမှာကစားသွားတဲ့ ခြေစွမ်းကတော့ စိတ်ပျက်စရာပါပဲ။ ဒုတိယပိုင်းနဲ့ အချိန်ပိုရောက်မှ ခြေစွမ်းပြနိုင်ခဲ့သလို၊ အခွင့်အရေးကောင်းတွေကိုလည်း ဖန်တီးနိုင်ခဲ့ပါတယ်။ လာမယ့် ပြင်သစ်နဲ့ပွဲမှာတော့ ဒီထက်ပိုကောင်းတဲ့ခြေစွမ်းပြသနိုင်ဖို့ လိုအပ်ပါတယ်...


Photo: AFP

Premier Eleven Sports Journal Vol:11 No.45 6, July, 2014




# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုးပေါက်ကာကွယ်မှုအများဆုံး ပြုလုပ်ခဲ့သူအဖြစ် တင်မ်ဟောင်းဝပ် စံချိန်သစ်တင်


© EPA
ဘယ်လ်ဂျီယံအသင်းခေါင်းဆောင် ကွန်ပနီ၏အပိုင်ကန်သွင်းချက်ကို တင်မ်ဟောင်းဝပ် ကာကွယ်နေစဉ်

ပြီးခဲ့သည့်အင်္ဂါနေ့က ကမ္ဘာ့ဖလားရှုံးထွက်ပွဲစဉ်အဖြစ် ဘယ်လ်ဂျီယံနှင့်အမေရိကန်အသင်းတို့ကစားခဲ့သောပွဲတွင် အမေရိကန်ဂိုးသမား တင်မ်ဟောင်းဝပ်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဂိုးပေါက်ကာကွယ်မှုအများဆုံးပြုလုပ်ခဲ့သူအဖြစ် စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတွင် တင်မ်ဟောင်းဝပ်သည် ဂိုးပေါက်ကာကွယ်မှု (၁၅)ကြိမ်အထိပြုလုပ်နိုင်ခဲ့ပြီး ၁၉၇၀ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဂိုးပေါက်ကာကွယ်မှု(၁၃)ကြိမ်ဖြင့် အကြိမ်အများဆုံးစံချိန်တင်ခဲ့သည့် ပီရူးဂိုးသမားရာမွန်ကွီရိုကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၁၉၆၆ကမ္ဘာ့ဖလားမှစတင်ကာ ဂိုးသမားများ၏ ဂိုးပေါက်ကာကွယ်မှုနှင့်ပတ်သက်၍ မှတ်တမ်းများပြုစုခဲ့ခြင်းဖြစ်ပြီး Opta လက်ရှိအချိန်တွင် တင်မ်ဟောင်းဝပ်မှာ စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းပွဲတွင် ဘယ်လ်ဂျီယံအသင်းမှာ အမေရိကန်အသင်းဘက်သို့ တစ်ဖက်သတ်နီးပါးထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ပြီး ဘယ်လ်ဂျီယံအသင်း ကန်သွင်းခဲ့သည့် ဂိုးပေါက်ကန်ချက်(၃၉)ကြိမ်အနက်(၁၇)ကြိမ်အထိ ဂိုးပေါက်တည့်ခဲ့သော်လည်းအချိန် ပို၌သွင်းယူခဲ့သည့် ဒီဘရိုင်းနှင့်လူကာကူ တို့၏ကန်ချက်များသာ ဂိုးဝင်ခဲ့ခြင်းဖြစ်ကာ ကျန်သည့်ဂိုးသွင်းခွင့်များကို တင်မ်ဟောင်းဝပ် ကာကွယ်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။ သို့သော်လည်း အမေရိကန်အသင်းမှာမူ ဘယ်လ်ဂျီယံအသင်းကို ကျော်ဖြတ်နိုင်ခဲ့ခြင်းမရှိဘဲ အချိန်ပိုတွင် (၂-၁)ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ရှုံးထွက်(၁၆)သင်းအဆင့်နှင့်သာ ကျေနပ်ခဲ့ရသည်။

---

ဘယ်လ်ဂျီယံအသင်းကန်သွင်းခဲ့သည့် ဂိုးပေါက်ကန်ချက် (၃၉)ကြိမ်အနက်(၁၇)ကြိမ်အထိ ဂိုးပေါက်တည့်ခဲ့သော်လည်းအချိန် ပို၌သွင်းယူခဲ့သည့် ဒီဘရိုင်းနှင့်လူကာကူ တို့၏ကန်ချက်များသာ ဂိုးဝင်ခဲ့ . . .

---

ဘယ်လ်ဂျီယံနှင့်ပွဲအပြီးတွင် အမေရိကန်အသင်းနည်းပြကလင်းစမန်းက“ဒီနေ့ပွဲမှာ ဟောင်းဝပ်ရဲ့ ကစားပုံဟာ တကယ့်ကို ချီးကျူးစရာပါပဲ။ သူကြောင့် ကျွန်တော်တို့အသင်း အချိန်ပိုအထိ ဆက်ကစားခွင့်ရရှိခဲ့တာပါ။ အဲဒီလိုဂိုးသမားမျိုး ကျွန်တော်တို့အသင်းမှာရှိနေတဲ့အတွက်လည်း အရမ်းဂုဏ်ယူမိပါတယ်”ဟု ချီးကျူးပြောကြားခဲ့သည်။

## အမေရိကန်နှင့်ပွဲတွင် အလွန်စိတ်လှုပ်ရှားခဲ့ရကြောင်း ဘယ်လ်ဂျီယံနည်းပြဝီလ်မို့စ်ဝန်ခံ

ဘယ်လ်ဂျီယံအသင်းနည်းပြဝီလ်မို့စ်က အမေရိကန်နှင့်ပွဲတွင် နလုံးခုန်နှုန်းမြန်လာသည်အထိ အလွန်စိတ်လှုပ်ရှားခဲ့ရပြီး ယင်းကဲ့သို့ပွဲမျိုး နောက်ထပ်မကြုံရရန် မျှော်လင့်မိကြောင်းဝန်ခံပြောကြားခဲ့သည်။ အဆိုပါပွဲအပြီးတွင် ဝီလ်မို့စ်က“ကျွန်တော် နလုံးရောဂါမရဖို့အတွက် ဒီလိုမျိုးပွဲတွေ ထပ်မကစားရပါစေနဲ့လို့မျှော်လင့်ပါတယ်။ လာမယ့်အာဂျင်တီးနားနဲ့ပွဲမှာ ကျွန်တော်တို့ ရေပန်းမစားပေမယ့် အာဂျင်တီးနားရဲ့ ကစားပုံဟန်ချက်မညီမှုကို အခွင့်ကောင်းယူပြီး အကောင်းဆုံးတုံ့ပြန်သွားမှာပါ”ဟုပြောကြားခဲ့သည်။

## ပြင်သစ်နှင့်ပွဲတွင် ဂျာမနီအသင်း၌ ဟမ်းမဲလ်နှင့်ပိုဒေါ့စကီးတို့ ပါဝင်နိုင်မည်

ဂျာမနီအသင်း၏ အဓိက ကစားသမား(၂)ဦးဖြစ်သည့် နောက်ခံလူဟမ်းမဲလ်နှင့် တိုက်စစ်မှူးပိုဒေါ့စကီးတို့သည် ယခုသောကြာနေ့တွင်ကစားမည့် ပြင်သစ်အသင်းနှင့်ပွဲ၌ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်းသိရသည်။ ဟမ်းမဲလ်သည် အဖျားဝေဒနာခံစားခဲ့ရသည့်အပြင် ပိုဒေါ့စကီးမှာလည်း ပေါင်ဒဏ်ရာကြောင့် ပြီးခဲ့သည့်အယ်လ်ဂျီးရီးယားနှင့်ပွဲစဉ်တွင် ပါဝင်နိုင်ခဲ့ခြင်းမရှိပေ။ ယခုအခါ ဟမ်းမဲလ်မှာ ရာနှုန်းပြည့်ပြန်လည်ကြံ့ခိုင်လာပြီဖြစ်သလို ပိုဒေါ့စကီးမှာလည်း အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းနေပြီဖြစ်ကြောင်းသိရသည်။

## ၂၀၁၈ခုနှစ်အထိ အမေရိကန်အသင်းနည်းပြအဖြစ်ဆက်ရှိနေမည်ဟုကလင်းစမန်းပြောကြား

အမေရိကန်အသင်းနည်းပြဖြစ်သူ ယာဂင်ကလင်းစမန်းက ၂၀၁၈ ခုနှစ်အထိ အသင်းနည်းပြအဖြစ်ဆက်ရှိနေမည်ဟုယုံကြည်ကြောင်း ပြောကြားခဲ့သည်။ ဂျာမန်လူမျိုးနည်းပြကလင်းစမန်းသည် အမေရိကန်အသင်းကို ၂၀၁၁ ခုနှစ်အတွင်းက စတင်ကိုင်တွယ်ခဲ့ခြင်းဖြစ်ပြီး အသင်းနှင့်အတူ ၂၀၁၃ Gold Cup ဖလားဆွတ်ခူးခဲ့သူဖြစ်သည်။ မီဒီယာများက ကလင်းစမန်းအား ၂၀၁၈ ခုနှစ်အထိ အသင်းနည်းပြအဖြစ် ဆက်ရှိ၊မရှိအပေါ် မေးမြန်းခဲ့ရာ ၎င်းက နည်းပြအဖြစ် ဆက်ရှိနေမည်ဟုမျှော်လင့်ကြောင်း ပြော ကြားခဲ့ခြင်းဖြစ်သည်။

## မီမီတို့၏ ကမ္ဘာ့ဖလားအိပ်မက်များ အဆုံးသတ်ခဲ့ရပြီဟု ထင်မိခဲ့ကြောင်း အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီဝန်ခံ

အာဂျင်တီးနားအသင်းတိုက်စစ်မှူး မက်ဆီက ဆွစ်ဇာလန်နှင့်ပွဲတွင် မီမီတို့အသင်း ရှုံးကန်ခဲ့ရသဖြင့် ရှုံးထွက်အဆင့်မှ ထွက်ရပြီဟုပင် ထင်မြင်မိခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။

ဆွစ်ဇာလန်နှင့် ကစားခဲ့သောပွဲတွင် အာဂျင်တီးနားအသင်းမှာ ပြိုင်ဘက်ကို အသာစီးယူနိုင်ခဲ့ခြင်းမရှိသလို အနိုင်ဂိုးကိုလည်း ပွဲချိန်(၁၁၈)မိနစ်ရောက်မှသာ မက်ဆီ၏ဖန်တီးပေးမှုမှတစ်ဆင့် တောင်ပံကစားသမား ဒီမာရီယာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ မက်ဆီက“ဆွစ်ဇာလန်နဲ့ပွဲမှာ ကျွန်တော်တို့ အကြိမ်ကြိမ်ဒုက္ခရောက်ခဲ့ပါတယ်။ အသင်းကလည်းဂိုးမသွင်းနိုင်သေးတာကြောင့် တခြားသူတွေလိုပဲ ကျွန်တော်ကိုယ်တိုင် တုန်လှုပ်မိလာပါတယ်။ တကယ်လို့ အများသေးသေးလေးတစ်ခုလုပ်ခဲ့မိရင်တောင် ကျွန်တော်တို့အိမ်ပြန်ရမယ်ဆိုတာ အသင်းသားတွေအားလုံး ယူဆထားပြီးသားပါ။ ဒီပွဲကို ပယ်နယ်တီအထိရောက်ဖို့ ဆန္ဒမရှိပါဘူး။ ပွဲချိန်အတွင်းမှာပဲ အပြီးဖြတ်ချင်တာပါ။ ကျွန်တော်တို့အသင်းအနိုင်ရမှာ မဟုတ်တော့ဘူးလို့တောင် တွေးမိနေပေမယ့် ပွဲအပြီးမှာတော့ ကံကောင်းစွာနဲ့ပဲအနိုင်ရခဲ့တာကြောင့် ရှေ့ဆက်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် (၂)ကြိမ်ဗိုလ်စွဲခဲ့သည့် အာဂျင်တီးနားအသင်းသည် လာမည့်စနေနေ့တွင် ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဘယ်လ်ဂျီယံအသင်းနှင့်ဆုံတွေ့ရမည်ဖြစ်သည်။ အာဂျင်တီးနားအသင်းသည် ပြီးခဲ့သည့် ကမ္ဘာ့ဖလား(၂)ကြိမ်ဆက်ကွာတားဖိုင်နယ်အဆင့်နှင့်သာ ကျေနပ်ခဲ့ရကြောင်းလည်းသိရသည်။

## ဒဏ်ရာပြဿနာကြောင့် ဟော်လန်အသင်း၏ လက်ကျန်ပွဲစဉ်များတွင် ကွင်းလယ်လူဒီဂျောင် ပါဝင်နိုင်တော့မည်မဟုတ်

ဟော်လန်အသင်း၏ အားထားရသည့် ကွင်းလယ်လူတစ်ဦးဖြစ်သည့် ဒီဂျောင်သည် ဒဏ်ရာပြဿနာကြောင့် အသင်း၏လက်ကျန်ပွဲစဉ်များတွင် ပါဝင်နိုင်တော့မည် မဟုတ်ကြောင်းသိရသည်။

အသက်(၂၉)နှစ်အရွယ်ရှိပြီဖြစ်သူ ဒီဂျောင်သည် ပြီးခဲ့သည့်မက္ကဆီကိုအသင်းနှင့် ရှုံးထွက်ပွဲစဉ်၌ ပေါင်ခြံဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ပွဲအစ(၉)မိနစ်မှာပင် လူစားလဲခံခဲ့ရသူဖြစ်သည်။ ယင်းပွဲအပြီးတွင် ဟော်လန်အသင်းနည်းပြဗန်ဟားလ်ကဒီဂျောင်သည် လာမည့်ကော်စတာရီကာနှင့် ကွာတားဖိုင်နယ်ပွဲကို လွဲချော်ဖွယ်ရှိကြောင်း ခန့်မှန်းပြောကြားခဲ့သော်လည်း ယခုအခါ စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် ဒီဂျောင်သည် အသင်း၏ ကမ္ဘာ့ဖလားလက်ကျန်ပွဲများကို လွဲချော်ရန် သေချာသွားပြီဖြစ်ကြောင်း ဟော်လန်ဘောလုံးအဖွဲ့ချုပ်က အတည်ပြုထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ ဟော်လန်ဘောလုံးအဖွဲ့ချုပ်က ၎င်းတို့၏ Twitter စာမျက်နှာစာမျက်နှာတွင် “ဒီဂျောင်သည် ပေါင်ခြံကြွက်သားစုတ်ပြဲသည့်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအနေဖြင့် (၂)ပတ်မှ (၄)ပတ်ခန့်အထိအနားယူရမည်ဖြစ်ရာ အသင်း၏လက်ကျန်ပွဲများကိုလွဲချော်မည်ဖြစ်ကြောင်း၊ သို့သော်လည်းဒီဂျောင်သည် အသင်းတွင် ဆက်ရှိနေမည်ဖြစ်ပြီး သူ၏ ဒဏ်ရာမှပြန်လည်သက်သာလာစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း”ဖော်ပြပါရှိခဲ့သည်။


Photo: Getty Images
မက္ကဆီနှင့်ပွဲတွင် လူစားလဲခံခဲ့ရပြီးနောက် နည်းပြဗန်ဟားလ်နှင့် ဒီဂျောင်တို့အား တွေ့ရစဉ်




# ၂၀၁၄ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လူစားဝင်ကစားသမားများ သွင်းယူခဲ့သည့် ဂိုးအရေအတွက်မှာ(၂၉)ဂိုးအထိရှိပြီး သွင်းဂိုးအများဆုံးပြိုင်ပွဲအဖြစ်စံချိန်တင်

လက်ရှိကျင်းပနေသည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လူစားဝင်ကစားသမားများသွင်းယူခဲ့သည့်ဂိုးအရေအတွက်မှာ စုစုပေါင်း(၂၉)ဂိုးအထိရှိနေပြီး သွင်းဂိုးအများဆုံးအဖြစ်စံချိန်တင်နိုင်ခဲ့ကြောင်းသိရသည်။

လူစားဝင်ကစားသမားများသွင်းယူခဲ့သည့် ဂိုးအရေအတွက် အများဆုံးမှာ ပြီးခဲ့သည့် ၂၀၀၆ကမ္ဘာ့ဖလားပြိုင်ပွဲတွင်ဖြစ်ပြီး စုစုပေါင်း(၂၃)ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သော်လည်း လက်ရှိအချိန်တွင်မူ ယင်းမှတ်တမ်းကိုကျော်ဖြတ်ကာ စံချိန်သစ်တင်နိုင် ခဲ့ခြင်းဖြစ်သည်။ ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လူစားဝင်ကစားသမားများ၏သွင်းဂိုးများကြောင့် နိုင်ပွဲရရှိခဲ့သည့်အသင်းများမှာ ကော်စတာရီကာ၊ ရုရှား၊ အမေရိကန်၊ တောင်ကိုရီးယား၊ အိုင်ဗရီကို့စ်၊ ကိုလံဘီယာ၊ ချီလီ၊ ဂရိ၊ စပိန်၊ ဘော့စနီးယား၊ မက္ကဆီကို၊ အယ်လ်ဂျီးရီးယားနှင့် ဘရာဇီးလ်အသင်းတို့ဖြစ်ကြကြောင်း သိရသည်။ ထို့ပြင် လူစားဝင်ကစားသမားများထဲမှ အထင်ရှားဆုံးသွင်း ဂိုးများမှာ ဂါနာ-ဂျာမနီပွဲတွင် ဝါရင့် တိုက်စစ်မှူးကလိုဆေး၏ကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက် (၁၅)ဂိုးမြောက်အဖြစ် သွင်းယူခဲ့သောဂိုး၊ ပေါ်တူဂီ-အမေရိကန်ပွဲတွင် ပွဲချိန်(၉၄)မိနစ်၌ ပေါ်တူဂီအတွက် ချေပဂိုးသွင်းယူခဲ့သော ဗာရယ်လာ၏သွင်းဂိုး၊ ပြီးခဲ့သည့် အယ်လ်ဂျီးရီးယားနှင့်ပွဲတွင် ဂျာမနီကစားသမားရှုရာ၏အရေးပါသော အဖွင့်ဂိုး၊ အမေရိကန်နှင့်ရှုံးထွက်ပွဲတွင် ဘယ်လ်ဂျီယံအတွက် အနိုင်ဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူးလူကာကူတို့၏ဂိုးများဖြစ်သည်။

လက်ရှိကမ္ဘာ့ဖလားတွင် လူစားဝင်ကစားသမားများမှ ဂိုးသွင်းအများဆုံးအသင်းမှာ ဟော်လန်အသင်းဖြစ်ပြီး စုစုပေါင်း(၄)ဂိုးအထိသွင်းယူခဲ့သလို၊ နောက်ခံလူဒီပိုင်းက (၂)ဂိုး၊ ဟန်တယ်လာနှင့် လီရှိုင်းဖာတို့က တစ်ဂိုးစီသွင်းခဲ့ကြောင်း သိရသည်။

**ယခုနှစ်ကမ္ဘာ့ဖလားတွင် လူစားဝင်အဖြစ် ဂိုးသွင်းခဲ့သည့် နာမည်ကျော်ကစားသမားများ**

မာတာ ➢ (စပိန်-ဩစတြေးလျ)၊ ကလိုဆေး ➢ (ဂျာမနီ-ဂါနာ)၊ ဟာနန် ဒင်ဟို ➢ (ဘရာဇီးလ်-ကင်မရွန်း)၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ် ➢ (ကိုလံဘီယာ-ဂျပန်)၊ ဖယ်လေနီ ➢ (ဘယ်လ်ဂျီယံ-အယ်လ်ဂျီးရီးယား)၊ ဂျာဗီယာဟာနန်ဒက်ဇ် ➢ (မက္ကဆီကို-ခရိုအေးရှား)၊ လူကာကူ ➢ (ဘယ်လ်ဂျီယံ-အမေရိကန်)၊ ခါဇာကော့ဗ် ➢ (ရုရှား-တောင်ကိုရီးယား)၊ ဟန်တယ်လာ ➢ (ဟော်လန်-မက္ကဆီကို)




အမေရိကန်နှင့်ပွဲတွင် ဘယ်လ်ဂျီယံအသင်းအတွက် အနိုင်ဂိုးအား လူစားဝင်လာပြီး သွင်းယူခဲ့သည့် လူကာကူ အောင်ပွဲခံနေစဉ်

# ကိုလံဘီယာနှင့်ကွာတားပွဲတွင် နေမာ မပါဝင်နိုင်မည်ကို ပရိသတ်များ စိုးရိမ်



ယခုတစ်ပတ် သောကြာနေ့တွင် ကစားမည့် ကိုလံဘီယာနှင့်ကွာတားဖိုင်နယ်ပွဲတွင် ဘရာဇီးလ်အသင်း၏ အဓိကတိုက်စစ်မှူးဖြစ်သူ နေမာ မပါဝင်နိုင်မည်ကို ဘရာဇီးလ်ပရိသတ်များက စိုးရိမ်လျက်ရှိနေကြောင်း သိရသည်။

နေမာသည် ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးလ်အသင်းအတွက် (၄)ဂိုးသွင်းယူထားသူဖြစ်ပြီး ပြီးခဲ့သည့်ချီလီနှင့်ပွဲတွင် ဘယ်ဘက်ပေါင်နှင့်ညာဘက်ဒူးတို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့ရာ ကိုလံဘီယာနှင့်ပွဲတွင် ၎င်းမပါဝင်နိုင်မည်ကိုပရိသတ်များက စိုးရိမ်လျက်ရှိနေကြခြင်းဖြစ်သည်။ ထို့ပြင် နေမာသည် ဘရာဇီးလ်အသင်းလေ့ကျင့်ရေးကွင်းတွင် ၎င်း၏ဒူး၌ ပတ်တီးများဖြင့်ပတ်ကာ လေ့ကျင့်ခန်းပြုလုပ်ခဲ့ကြောင်း သိရသည်။ နေမာ၏ဒူးဒဏ်ရာမှာ သက်သာခြင်းမရှိသေးသော်လည်း ကိုလံဘီယာနှင့်ပွဲတွင် ပါဝင်နိုင်ဖွယ်ရှိကြောင်း ဘရာဇီးလ်အသင်းတာဝန်ရှိသူတစ်ဦးဖြစ်သည့် ရိုဒရီဂိုပါအီဗာကပြောကြားခဲ့သည်။ ပါအီဗာက "အဆိုးဆုံးကတော့ နေမာရဲ့ဒူးဖြစ်ပြီး အခုအထိ နာကျင်နေဆဲပါပဲ။ ဒါပေမဲ့ အသင်းဆရာဝန်ကတော့ ပရိသတ်တွေအနေနဲ့ နေမာအတွက် စိတ်မပူဖို့ပြောကြားခဲ့ပြီး လာမယ့် ကိုလံဘီယာနဲ့ပွဲမှာ ပါဝင်နိုင်ဖွယ်ရှိတယ်လို့ ကျွန်တော်တို့ကို ပြောကြားခဲ့ပါတယ်" ဟု ဆိုခဲ့သည်။

## SHORT

❒ ပြင်သစ်အသင်း ဂိုးဝင်ကစားသမားတစ်ဦးဖြစ်သူ ပတ်ထရစ်ဗီယာရာက လက်ရှိအသင်းတွင်ခြေစွမ်းပြနေသည့် လူငယ်ကွင်းလယ်ကစားသမား ပေါ့ဘာသည် မီမီကဲ့သို့အသင်းအတွက် အကောင်းဆုံးခြေစွမ်းပြနိုင်မည်ဟု ယုံကြည်ပြီး အသင်း၏ဂိုးဝင်ကစားသမားစာရင်းတွင် တစ်ဦးအပါအဝင်ဖြစ်လာနိုင်ကြောင်း သုံးသပ်ပြောကြားခဲ့သည်။ ဗီယာရာသည် ပြင်သစ်အသင်းအတွက် စုစုပေါင်း(၁၀၆)ပွဲကစားခဲ့ပြီး အသင်းနှင့်အတူ ၁၉၉၈ ကမ္ဘာ့ဖလားနှင့် ယူရို-၂၀၀၀ ချန်ပီယံဆုတို့ကို ရယူပေးခဲ့သူဖြစ်သည်။

❒ ဘယ်လ်ဂျီယံအသင်း၏ အဓိကတောင်ပံကစားသမား အေဒင်ဟာဇက်က မိမိသည် မက်ဆီကဲ့သို့အဆင့်မျိုး မရောက်ရှိသေးကြောင်း ဝန်ခံပြောကြားခဲ့သည်။ ဘယ်လ်ဂျီယံနှင့် အာဂျင်တီးနားအသင်းတို့သည် ယခုတစ်ပတ်စနေနေ့တွင် ဆုံတွေ့ကြမည်ဖြစ်ပြီး ဟာဇက်က မက်ဆီကဲ့သို့ကစားသမားမျိုးကို မိမိလေးစားကြောင်း၊ သို့သော်လည်း ၎င်း၏အဆင့်မျိုးရောက်ရှိရန်အချိန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။



Premier Eleven Sports Journal Vol:11 No.45 6, July, 2014

## ခြေသလုံးရိုးကျိုးခဲ့သည့် အိုနာဇီ လနှင့်ချီပြီး နားရမည်

လာဇီယိုအသင်း၏နိုက်ဂျီးရီးယားလက်ရွေးစင်ကွင်းလယ်လူ အိုနာဇီသည် ခြေသလုံးရိုးကျိုးဒဏ်ရာကြောင့် လနှင့်ချီပြီး အနားယူရတော့မည်ဖြစ်ကြောင်း သိရသည်။ အိုနာဇီသည် ယင်းဒဏ်ရာအား ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့သည့် ကမ္ဘာ့ဖလားရှုံးထွက်ပွဲစဉ်တွင် ပြင်သစ်ကွင်းလယ်လူ မာတွီဒီ၏ ဖျက်ထုတ်မှုကြောင့် ရရှိခဲ့ခြင်းဖြစ်သည်။ အိုနာဇီသည် လာဇီယိုအသင်း၏ လာမည့်ရာသီ ဝက်ခန့်ကို လွဲချော်ရဖွယ်ရှိနေပြီး လာဇီယိုအသင်းဥက္ကဋ္ဌလော့တီတိုက ယင်းသတင်းအတွက် စိတ်ပျက်မိကြောင်း ပြောကြားခဲ့သည်။

## ဂျူဗီမှထွက်ခွာမည်ဆိုခြင်းကို ပေါ့ဘာ၏အေးဂျင့် ငြင်းဆန်

ဂျူဗင်တပ်စ်အသင်းလူငယ်ကြယ်ပွင့် ပေါ့ဘာ၏အေးဂျင့်ဖြစ်သူရီယိုလာက ပေါ့ဘာအနေဖြင့် ဂျူဗင်တပ်စ်အသင်းမှ ထွက်ခွာရန် အစီအစဉ်မရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ပြင်သစ်အသင်းတွင် အကောင်းဆုံးခြေစွမ်းပြနေသည့် ပေါ့ဘာကို ချယ်လ်ဆီးနှင့် PSG အသင်းများမှ ပြောင်းရွှေ့ကြေးမြင့်မားစွာပေးချေ၍ ခေါ်ယူမည်ဟု သတင်းများထွက်ပေါ်လာခြင်းဖြစ်သည်။ ရီယိုလာက ပေါ့ဘာအနေဖြင့် ဂျူဗင်တပ်စ်အသင်းတွင်သာ ပျော်ရွှင်နေပြီး အသင်းမှ ထွက်ခွာမည်မဟုတ်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

## ဘာလိုတယ်လီကိုအလိုမရှိဟု နာပိုလီဥက္ကဋ္ဌဒီလော်ရန်းတစ်ဆို

နာပိုလီအသင်း၏ ဥက္ကဋ္ဌဖြစ်သူ ဒီလော်ရန်းတစ်က ဘာလိုတယ်လီသည် ပြဿနာကစားသမားတစ်ဦးဖြစ်ပြီး ယင်းကဲ့သို့ ကစားသမားတစ်ဦးကို ခေါ်ယူရန် အလိုမရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ အေစီမီလန်အသင်းမှ ထွက်ခွာရန် နီးစပ်နေသည့် ဘာလိုတယ်လီကို ခေါ်ယူလိုပါသလားဟု သတင်းထောက်များက မေးမြန်းခဲ့ရာ ဒီလော်ရန်းတစ်က ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။ ဥက္ကဋ္ဌ ဒီလော်ရန်းတစ်က "ကျွန်တော်တို့အသင်းအတွက် ဘာလိုတယ်လီလို ကစားသမားမျိုးကို အလိုမရှိပါဘူး။ သူဟာ ဘယ်အသင်းမှာမဆို ပြဿနာရှာမယ့် ကစားသမားဖြစ်ပြီး သူ့ရဲ့အတွက်ကိုပဲ ရှေ့တန်းတင်တတ်သူတစ်ဦးပါ" ဟု ပြောကြားခဲ့သည်။

# အီတလီဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်ခံရရန် အေစီမီလန်ဂန္ထဝင်နည်းပြဟောင်း အာရီဂိုဆက်ချီ ရေပန်းစား

အီတလီဘောလုံးအဖွဲ့ချုပ် (FIGC)၏ ဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်ခံရရန် အေစီမီလန်အသင်း၏ ဂန္ထဝင်နည်းပြဟောင်း အာရီဂိုဆက်ချီက ရေပန်းစားနေကြောင်း သိရသည်။ FIGC ဥက္ကဋ္ဌအဘီတီသည် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အီတလီအသင်း အုပ်စုအဆင့်မှ ထွက်ခွာခဲ့ပြီးနောက် နည်းပြပရင်ဒယ်လီနှင့်အတူ ရာထူးမှ နုတ်ထွက်သွားခဲ့ခြင်းကြောင့် ဥက္ကဋ္ဌသစ်နေရာအတွက် ရွေးကောက်ပွဲပြုလုပ်ရန် စီစဉ်နေခြင်းဖြစ်သည်။

FIGC ဥက္ကဋ္ဌသစ်ရွေးကောက်ပွဲကို လာမည့်ဩဂုတ်လအတွင်း၌ ကျင်းပရန် စီစဉ်ထားပြီး ဥက္ကဋ္ဌသစ် ရွေးချယ်ပြီးမှ အီတလီလက်ရွေးစင်အသင်းနည်းပြသစ် ခန့်အပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။ အီတလီမီဒီယာများကမူ အာရီဂိုဆက်ချီနှင့် အီတလီအပျော်တမ်းလိဂ်အဖွဲ့ချုပ်ဥက္ကဋ္ဌတာဗက်ချီရိုတို့ နှစ်ဦးအနက်မှတစ်ဦး ဥက္ကဋ္ဌသစ်ဖြစ်လာမည်ဟု ခန့်မှန်းရေးသားနေကြသည်။

၎င်းတို့ နှစ်ဦးအနက် တာဗက်ချီရိုသည် အီတလီဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများနှင့် ရင်းနှီးသောဆက်ဆံရေးရှိသူဖြစ်သော်လည်း လက်ရှိအီတလီဘောလုံးလောက၌ လူငယ်စီမံကိန်းသစ်များ ထွက်ပေါ်လာစေရန် ဆန္ဒရှိနေမှုကြောင့် လူငယ်ကစားသမားများ မွေးထုတ်ရာတွင် နာမည်ကြီးသည့်အာရီဂိုဆက်ချီက ပိုမိုရေပန်းစားနေခြင်းဖြစ်သည်။ အာရီဂိုဆက်ချီအနေဖြင့်သာ FIGC ဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရပါက ၁၉၈၂ ကမ္ဘာ့ဖလားချန်ပီယံဆုရ အီတလီအသင်းကို ကိုင်တွယ်ခဲ့သည့် နည်းပြ အန်တော့နီနီ၏နောက် FIGC ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည့် နည်းပြဖြစ်လာမည်ဖြစ်သည်။



အီတလီဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌရာထူးအတွက် ရေပန်းစားနေသည့် အာရီဂိုဆက်ချီ (ဝဲ)အား UEFA ဥက္ကဋ္ဌ ပလာတီနီနှင့်အတူ တွေ့ရစဉ်

# ရာသီသစ်အတွက် ဂျူဗင်တပ်စ်အသင်း ပြင်ဆင်မှုများ စတင်

## ဘူဖွန်ကို သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ပြီး ဗူစီနစ်အား ထွက်ခွင့်ပြု



အသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ခဲ့သည့် ဘူဖွန်



အသင်းမှထွက်ခွာရမည့် ဗူစီနစ်

စီးရီးအေ လက်ရှိချန်ပီယံ ဂျူဗင်တပ်စ်အသင်းသည် ၂၀၁၄-၁၅ ရာသီသစ်အတွက် ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။ အသင်း၏ အဓိကကစားသမားများကို ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းနေသည့် ဂျူဗင်တပ်စ်အသင်းသည် ပြီးခဲ့သည့်လက ဝါရင့်ကွင်းလယ်လူပီယာလိုကိုစာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့ပြီးနောက် ယခုအခါ အသင်းခေါင်းဆောင်ဂိုးသမား ဘူဖွန်ကို သက်တမ်းတိုးရန်သဘောတူညီမှု ရရှိခဲ့ပြီဟု သိရသည်။

ဂျူဗင်တပ်စ်အသင်းသည် အသင်းနှင့် စာချုပ်သက်တမ်းတစ်နှစ်သာကျန်တော့သည့်ဘူဖွန်ကို ၂၀၁၇ ခုနှစ်အထိသက်တမ်းတိုးရန်သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ပြီး ရက်ပိုင်းအတွင်း၌ တရားဝင်စာချုပ်ချုပ်ဆိုပွဲ ပြုလုပ်မည်ဟု သိရသည်။ ထို့ပြင် ဂျူဗင်တပ်စ်အသင်းသည် ဝါရင့်တိုက်စစ်မှူးဗူစီနစ်(၃၀ နှစ်)ကိုလည်း အသင်းမှ ထွက်ခွာခွင့်ပြုခဲ့ကြောင်း သိရသည်။ ရိုးမားကစားသမားဟောင်း ဗူစီနစ်သည် ပြီးခဲ့သည့်ရာသီက အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မရခဲ့ဘဲ ပြိုင်ပွဲစုံ(၁၆)ပွဲသာ ကစားခွင့်ရခဲ့သူဖြစ်သည်။

**ပီယာလိုကို စာချုပ်သစ် ချုပ်ဆိုနိုင်ခဲ့ပြီးနောက် ယခုအခါ အသင်းခေါင်းဆောင်ဂိုးသမား ဘူဖွန်ကို သက်တမ်းတိုးရန် သဘောတူညီမှုရရှိ . . .**

ဂျူဗင်တပ်စ်အသင်းသည် ရာသီသစ်အတွက် အသင်းမှ ဝါရင့်ကစားသမားများကို သက်တမ်းတိုးခြင်း၊ ထွက်ခွာခွင့်ပြုခြင်းများ ပြုလုပ်နေသလို၊ ကစားသမားသစ်ခေါ်ယူမှုများကိုလည်း စတင်ပြုလုပ်နေပြီဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းသည် ယခုအပြောင်းအရွှေ့ကာလအတွက် ပထမဆုံးကစားသမားခေါ်ယူမှုအဖြစ် ဂျီနိုအာအသင်းမှ အီတလီလူငယ်ကွင်းလယ်လူစတူရာရီအား (၃)နှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ကြောင်း သိရသည်။ ဂျူဗင်တပ်စ်အသင်းသည် စတူရာရီအားပြောင်းရွှေ့ကြေးယူရို(၅.၅)သန်းဖြင့် (၃)နှစ်စာချုပ်ချုပ်ဆို ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းအနေဖြင့် စတူရာရီအား ဂျီနိုအာအသင်းတွင် တစ်ရာသီ အငှားပြန်ချပေးသွားမည်ဖြစ်သည်။

ထို့ပြင် ဂျူဗင်တပ်စ်အသင်းသည် ဗီရိုနာအသင်းမှ အာဂျင်တီးနားတောင်ပံကစားသမား အီတာဘီကိုလည်း ပြောင်းရွှေ့ကြေးယူရိုသန်း (၂၀)အပြင် ဝါရင့်တိုက်စစ်မှူး ကွာဂလီရယ်လာကိုပါ အလိုက်ပေးကမ်းလှမ်းခဲ့ကြောင်း သိရသည်။ အီတာဘီကို ခေါ်ယူရန် အေစီမီလန်အသင်းကလည်း အပြိုင်ကြိုးစားလာ၍ ဂျူဗင်တပ်စ်အသင်းက ပြောင်းရွှေ့ကြေးတိုးပေးခဲ့ခြင်းဖြစ်သည်။

■ ■ ■

## BRIEF

- ❒ ကာတာနီယာအသင်း၏ ဝါရင့်တိုက်စစ်မှူး မက်ဆီလိုပက်ဇ်သည် ဆေးစစ်မှုအောင်မြင်ခဲ့ပြီးနောက် ချီယေဗိုအသင်းသို့ အပြီးသတ်ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။
- ❒ လာဇီယိုအသင်းဥက္ကဋ္ဌ လော့တီတိုသည် ပါးမားအသင်း၏အီတလီလက်ရွေးစင်ကွင်းလယ်လူ ပါရိုလိုအား အပြီးသတ်ခေါ်ယူနိုင်ခဲ့ပြီဟု ကြေညာခဲ့သည်။
- ❒ လိုင်ယွန်အသင်း ကွင်းလယ်လူ ဂိုနာလွန်စ်သည် နာပိုလီအသင်း၏ ကမ်းလှမ်းမှုကိုပယ်ချခဲ့ကာ လိုင်ယွန်အသင်းတွင်သာ ဆက်ရှိနေမည်ဟု ပြောကြားခဲ့သည်။
- ❒ ဘိုလော့ဂ်နာအသင်းသည် ကာဂလီယာရီအသင်းနည်းပြဟောင်း ဒီယေဂိုလိုပက်ဇ်အား နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီး တစ်နှစ်စာချုပ် ချုပ်ဆိုခဲ့သည်။
- ❒ ရိုးမားအသင်းသည် လိုင်လီအသင်းမှ မွန်တီနီဂရိုးလက်ရွေးစင်နောက်ခံလူ ဘာဆာအား ယူရို (၃)သန်းဖြင့် ခေါ်ယူနိုင်ရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။
- ❒ ဗီရိုနာအသင်းသည် ဘိုလော့ဂ်နာအသင်းမှ ဂရိလက်ရွေးစင်ကွင်းလယ်လူ ခရစ္စတိုဒူလိုပူးလော့စ်အား ခေါ်ယူလိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။
- ❒ နာပိုလီအသင်းသည် ဂျန့်ခ်အသင်းနောက်ခံလူကူလီဘာလီကို (၅)နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့သလို၊ ဂိုးသမားကိုလွန်ဘိုနှင့် နောက်ခံလူမက်စ်တိုတို့အား စာချုပ်သစ်များ ချုပ်ဆိုခဲ့သည်။
- ❒ တိုရီနိုအသင်းသည် အီတလီယူ-၂၁ လက်ရွေးစင်ကွင်းလယ်လူ ဘီနက်ဆီအား အင်တာမီလန်အသင်းနှင့် နှစ်သင်းပိုင်ကစားသမားအဖြစ် စာချုပ်ချုပ်ဆို ခေါ်ယူခဲ့သည်။

# မက်ဆီ၏ အခွန်ရှောင်လွှဲမှုအား ပြန်လည်စစ်ဆေးရန် စပိန်ဘဏ္ဍာရေးဌာနမှ အစိုးရရှေ့နေများကို တောင်းဆို




မက်ဆီနှင့် သူ၏ဖခင်တို့ ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်းက အမှုစစ်ဆေးရန် တရားရုံးသို့ ရောက်လာစဉ်

စပိန်အစိုးရအာဏာပိုင်များသည် ဘာစီလိုနာအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီ၏ အခွန်ရှောင်လွှဲမှုအား ပြန်လည်စစ်ဆေးရန် စီစဉ်နေကြောင်း သိရသည်။ မက်ဆီနှင့် ၎င်း၏ဖခင်ဂျော့ချ်မက်ဆီတို့သည် ၂၀၀၇ခုနှစ်မှ ၂၀၀၉ခုနှစ်အတွင်းတွင် အခွန်ရှောင်လွှဲခဲ့ကြောင်း စွပ်စွဲခံခဲ့ရသည်။ ယင်းအမှုအား ပြီးခဲ့သည့်နှစ်စက်တင်ဘာလအတွင်းက ဘာစီလိုနာမြို့အနီးရှိ ဂါဗာတရားရုံးတွင် စစ်ဆေးခဲ့သည်။ ပြီးခဲ့သည့် ဇွန်လအတွင်းက မက်ဆီအနေဖြင့် အခွန်ရှောင်လွှဲမှုမှ ကွင်းလုံးကျွတ်လွတ်မြောက်တော့မည်ဟု သတင်းများထွက်ပေါ်လာခဲ့သည်။

သို့သော် ယခုအခါ စပိန်ဘဏ္ဍာရေးဌာနမှ မက်ဆီ၏ အခွန်ရှောင်လွှဲမှုအား ပြန်လည်စစ်ဆေးပေးရန်အတွက် စပိန်အစိုးရရှေ့နေများထံ စာရေးသားပေးပို့ တောင်းဆိုခဲ့ကြောင်း သိရသည်။ "အမှုနဲ့ပတ်သက်တဲ့စာရွက်စာတမ်းတွေကို ရှေ့နေတွေလေ့လာနေတုန်းမှာ အမှုကိုပိတ်သိမ်းလုနီးပါးဖြစ်ခဲ့ပါတယ်။ အခုအချိန်မှာတော့ ရှေ့နေများရုံးအတွင်းရေးမှူးက မက်ဆီရဲ့အမှုကို ဆက်လက်စစ်ဆေးဖို့ မေးမြန်းခြင်းခံနေရပါတယ်"ဟု သတင်းရင်းမြစ်တစ်ခုက ပြောကြားခဲ့သည်။ ထို့အတွက်ကြောင့် ယင်းသတင်းမှာ အာဂျင်တီးနားအသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေသော မက်ဆီအတွက်စိတ်အနှောင့်အယှက်ဖြစ်စရာကိစ္စဖြစ်လာနိုင်ကြောင်း စပိန်မီဒီယာများက ဖော်ပြလျက်ရှိသည်။

### မက်ဆီ၏ အခွန်ရှောင်လွှဲမှုနှင့် ပတ်သက်၍ အရေးပါသော ဖြစ်စဉ်အချို့

- ၂၀၁၃ခုနှစ် ဇွန်လမှစတင်၍ မက်ဆီအခွန်ရှောင်လွှဲမှု ပြဿနာ စတင်ထွက်ပေါ်လာ
- အစိုးရရှေ့နေများက မက်ဆီသည် ၂၀၀၇ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း စပိန်အစိုးရထံ ပေးဆောင်ရမည့် အခွန်ငွေယူရို (၄)သန်းအားရှောင်လွှဲခဲ့ဟု စစ်ဆေးတွေ့ရှိ
- အစိုးရထံပေးချေရမည့် အခွန်ငွေများအား မက်ဆီ၏ အေးဂျင့်အဖြစ်ဆောင်ရွက်နေသူ ဖခင်ဂျော့ချ်မက်ဆီက ဗြိတိန်၊ ဆွစ်ဇာလန်နှင့် ဥရုဂွေးနိုင်ငံရှိ ဘဏ်များထဲသို့ ခွဲဝေအပ်နှံ
- ယင်းအခွန်ငွေရှောင်လွှဲမှုကို မက်ဆီသိရှိခဲ့ခြင်းမရှိဟု မက်ဆီ၏ဖခင်ဂျော့ချ်မက်ဆီက တရားရုံးသို့ လျှောက်ထားခဲ့
- မက်ဆီ၏ဖခင် ဂျော့ချ်မက်ဆီသည် ၂၀၁၃ခုနှစ် ဩဂုတ်လအတွင်းက စပိန်အခွန်တာဝန်ရှိသူများထံ ယူရို(၅)သန်း ပေးချေခဲ့ဟု မီဒီယာအချို့တွင် ဖော်ပြ
- သို့သော် စပိန်အစိုးရရှေ့နေများက မက်ဆီတို့သားအဖအား တရားရုံးတွင် ဖြေရှင်းရန် ဆင့်ခေါ်ခဲ့
- ၂၀၁၃ခုနှစ် စက်တင်ဘာလတွင် မက်ဆီ၏အမှုအား ပထမဆုံးအကြိမ် စတင်စစ်ဆေး

### လီဗန်တေးဂိုးသမားနာဗတ်စ်အား ပရီးမီးယားလိဂ်အသင်းများ စိတ်ဝင်စား

လီဗန်တေးအသင်းဂိုးသမား နာဗတ်စ်အား လီဗာပူးလ်၊ အာဆင်နယ်စသည့် ပရီးမီးယားလိဂ်အသင်းကြီးများက စိတ်ဝင်စားနေကြကြောင်း သိရသည်။ ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကော်စတာရီကာအသင်းနှင့်အတူ လက်စွမ်းပြမှုများ ပြုလုပ်လျက်ရှိသူ နာဗတ်စ်အားခေါ်ယူရန် ဥရောပအသင်းကြီးများက စိတ်ဝင်စားနေကြပြီး ယခုအခါ အာဆင်နယ်နှင့် လီဗာပူးလ်အသင်းများက စတင်လှုပ်ရှားလာကြခြင်းဖြစ်သည်။ အသက်(၂၇)နှစ်အရွယ်ရှိပြီဖြစ်သူ ဂိုးသမားနာဗတ်စ်အား ခေါ်ယူလိုသည့်အသင်းများအနေဖြင့် လီဗန်တေးနှင့်ချုပ်ဆိုထားသောစာချုပ်ပါလျော်ကြေးယူရို(၈)သန်းပေးချေရမည်ဖြစ်သည်။ နာဗတ်စ်အား အေစီမီလန်နှင့် ဘာစီလိုနာအသင်းများကလည်း စိတ်ဝင်စားလျက်ရှိသည်။

### ဖယ်လ်ကာအိုနှင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့ နှစ်ဦးစလုံး ရီးယဲယ်တွင် ကစားရန်ဆန္ဒရှိနေ

မိုနာကိုအသင်းမှ တိုက်စစ်မှူး ဖယ်လ်ကာအိုနှင့် တောင်ပံကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့သည် ၎င်းတို့အား အလိုရှိနေသည့် ရီးယဲယ်အသင်းထံသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေကြကြောင်း သိရသည်။ ဖယ်လ်ကာအိုသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းတည်းက ရီးယဲယ်သို့ ပြောင်းရွှေ့လိုသည်ဟု ကိုလံဘီယာအသင်းဖော်များကို ဝန်ခံထားသူဖြစ်ပြီး ယခုအခါ ဖယ်လ်ကာအိုက ရီးယဲယ်သို့ပြောင်းဖြစ်ခဲ့ပါကလက်ရှိရရှိနေသည့်တစ်နှစ် လစာငွေ ယူရို(၁၄)သန်းထက် လျှော့ယူသွားမည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကလည်း ၎င်းသည် ရီးယဲယ်အသင်းပရိသတ်တစ်ဦးဖြစ်ကြောင်းနှင့် ရီးယဲယ်အသင်းတွင် ကစားရန်မှာ ငယ်ဘဝအိပ်မက်ဖြစ်ကြောင်း ဝန်ခံခဲ့သည်။

### အမှားကို ဝန်ခံခဲ့သည့် ဆွာရက်ဇ်အား ဘာစီလိုနာအားကစားဒါရိုက်တာ ချီးကျူး

ဘာစီလိုနာအသင်းအားကစားဒါရိုက်တာ ဇူဘီဇာရက်တာက ချီလီနီကို ကိုက်ခဲ့ကြောင်း တရားဝင်ဝန်ခံမှုများ ပြုလုပ်ခဲ့သည့် ဆွာရက်ဇ်အား ချီးကျူးပြောဆိုမှုများပြုလုပ်ခဲ့သည်။ " ကျွန်တော့်အမြင်မှာတော့ ဆွာရက်ဇ်ဟာ အမှားကို ဝန်ခံရဲတဲ့ လူသားဆန်မှုရှိနေတယ်လို့ထင်ပါတယ်။ သူဟာ အမှားတွေများစွာ ကျူးလွန်ခဲ့သူပါ။ အမှားတွေအများကြီးလုပ်တတ်သူဟာ သူ့အပြစ်ကို ဝန်မခံဘူးဆိုရင်တော့ ဘယ်တော့မှ တိုးတက်လာမှာမဟုတ်ပါဘူး။ ဆွာရက်ဇ်ကတော့ ဒီလိုမဟုတ်ပါဘူး" ဟု ဇူဘီဇာရက်တာက ပြောကြားခဲ့သည်။ ဆွာရက်ဇ်နှင့် ဘာစီလိုနာအသင်းတို့ကြား အပြောင်းအရွှေ့သတင်းများ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်နေချိန်တွင် ဘာစီလိုနာအားကစားဒါရိုက်တာတစ်ဦးက ယခုကဲ့သို့ပြောခဲ့ခြင်းမှာ ဆွာရက်ဇ်အားဆွဲဆောင်ခဲ့ခြင်းဟု သုံးသပ်နေကြသည်။

# ဂွါဒီယိုလာဝတ်ဆင်ခဲ့သည့် ကျောနံပါတ်(၄)ကို ဆက်ခံခွင့်ရခြင်းအတွက် ရာကီတစ် ဂုဏ်ယူ

ဘာစီလိုနာအသင်းသို့ ဆီဗီလာအသင်းမှ ပြောင်းရွှေ့လာသူ ခရိုအေးရှားကွင်းလယ်လူ ရာကီတစ်က ဘာစီလိုနာအသင်း၏ ဂန္ထဝင်ကစားသမား ဂွါဒီယိုလာ ဝတ်ဆင်ခဲ့သည့် ကျောနံပါတ်(၄)ကို ဆက်ခံခွင့်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း ပြီးခဲ့သည့် အင်္ဂါနေ့က ပြုလုပ်ခဲ့သော မိတ်ဆက်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။ ဂွါဒီယိုလာသည် ကစားသမားဘဝတွင်ရော နည်းပြဘဝတွင်ပါ ဘာစီလိုနာအသင်းအတွက် အောင်မြင်မှုများစွာ ရယူပေးခဲ့သူဖြစ်သဖြင့် ရာကီတစ်က " ဂွါဒီယိုလာ ဝတ်ခဲ့တဲ့ ကျောနံပါတ်ကို ဆက်ခံခွင့်ရခဲ့တာ စပယ်ရှယ်ပါပဲ။ ဂုဏ်ယူစရာ ကိစ္စတစ်ခုလို့လည်း ကျွန်တော်ထင်ပါတယ်။ သူ့လိုပဲ ဘာစီလိုနာအသင်းမှာ အောင်မြင်မှုတွေရယူသွားဖို့ မျှော်လင့်ထားပါတယ်" ဟု ပြောကြားခဲ့သည်။




ဘာစီလိုနာအသင်းအသည် ရာကီတစ်အတွက် ပြောင်းရွှေ့ကြေးမည်မျှပေးခဲ့ရသည်ကို တရားဝင်ထုတ်ပြန်ခဲ့ခြင်းမရှိခဲ့သော်လည်း စပိန်မီဒီယာများက ယူရိုသန်း(၂၀)ခန့်ပေးခဲ့ရမည်ဟု ခန့်မှန်းခဲ့သည်။ ဘာစီလိုနာအသင်းတွင် ကျောနံပါတ်(၄)ကို နောက်ဆုံးဝတ်ဆင်ခဲ့သူမှာ ချယ်လ်ဆီးသို့ပြောင်းရွှေ့သွားသူ ကွင်းလယ်လူ ဖာဘရီဂတ်စ်ဖြစ်သည်။

### BRIEF

- ❒ ရီးယဲယ်အသင်းသည်ဂိုးသမား ကာဆီးလက်စ်နှင့် ဒီယေဂိုလိုပက်ဇ်တို့အား ရောင်းချကာ ဂိုးသမားအသစ်တစ်ဦးရှာဖွေဖွယ်ရှိနေကြောင်း သိရသည်။
- ❒ အက်သလက်တီကိုအသင်းက အလိုရှိနေသော တိုက်စစ်မှူး နီဂရီဒိုကို မန်စီးတီးအသင်းက ရောင်းချမည်မဟုတ်ကြောင်း ကြေညာခဲ့သည်။
- ❒ ဘီလ်ဘာအိုအသင်းသည် ရီးယဲယ်အသင်းကွင်းလယ်လူ အီယာရာမန်ဒီအား ပေါ်တိုအသင်းနှင့်အပြိုင်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။


## ဝန်ထမ်းအမြန်အလိုရှိသည်

၁။ တရုတ်ဘာသာပြန် (ကျား/မ)
- တရုတ်ဘာသာ(အရေး၊ အဖတ်၊ အပြော) ကျွမ်းကျင်ရမည်၊
- လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်၊
- လစာငွေကောင်းကောင်းပေးမည်၊

**Developers Entrepreneurs Liaison Construction Organizers (DELCO) Limited**

(ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်မှု ဖော်ဆောင်ရေး(ဒယ်လ်ကို) လီမိတက်)

လိပ်စာ – အမှတ်(၁၅၀/ဘီ)၊ ဗာဏ္ဏသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၁–၄၀၀၅၁၄၊ ၀၁–၅၄၀၄၁၂

# ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အာရှဘောလုံးလောကအနေဖြင့် သင်ခန်းစာ များစွာရရှိခဲ့ဟု အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ခါလီဖာ သုံးသပ်

အာရှဘောလုံးအဖွဲ့ချုပ်(AFC)၏ ဥက္ကဋ္ဌဖြစ်သူ ခါလီဖာက ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အာရှကိုယ်စားပြုဘောလုံးအသင်း(၄)သင်းစလုံး အုပ်စုအဆင့်မှ လှည့်ပြန်ခဲ့ရခြင်းကို စိတ်ပျက်မိသော်လည်း ယင်းကျရှုံးမှုများမှ သင်ခန်းစာများစွာရရှိခဲ့ကြောင်း သုံးသပ်ခဲ့သည်။ ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာရှကိုယ်စားပြုအသင်းများဖြစ်သည့် ဂျပန်၊ အီရန်၊ ဩစတြေးလျ၊ တောင်ကိုရီးယားအသင်းများသည် သက်ဆိုင်ရာအုပ်စုများတွင် နိုင်ပွဲတစ်ပွဲမှ မရရှိခဲ့ကြဘဲ၊ အုပ်စုအဆင့်မှ လှည့်ပြန်ခဲ့ရခြင်းဖြစ်သည်။ ယင်းကျရှုံးမှုမှာ အာရှဘောလုံးအဖွဲ့ချုပ်အတွက် အရှက်ရဖွယ်ရာဖြစ်ခဲ့ပြီး ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် သက်ဆိုင်ရာတိုက်အလိုက်ဘောလုံးအဖွဲ့ချုပ်များထဲတွင် နောက်တစ်ဆင့်ကို မတက်နိုင်ခဲ့သည့် တစ်ခုတည်းသော ဘောလုံးအဖွဲ့ချုပ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

AFC ဥက္ကဋ္ဌ ခါလီဖာက ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းများကို ပြစ်တင်မှုမပြုခဲ့သော်လည်း မိမိတို့အာရှဘောလုံးလောကအနေဖြင့် ယခုထက်ပို၍ ကမ္ဘာ့အဆင့်ကို တက်လှမ်းနိုင်ရန် လိုအပ်ချက်များရှိနေသေးကြောင်းကို သတိပြုကြရန် သတိပေးခဲ့သည်။ ဥက္ကဋ္ဌ ခါလီဖာက "ဒီကမ္ဘာ့ဖလားပြိုင်ပွဲဟာ အာရှဘောလုံးလောကကို သင်ခန်းစာအများကြီးပေးခဲ့ပါတယ်။ အာရှဘောလုံးအသင်းအများစုဟာ အသက်အရွယ်ငယ်ရွယ်တဲ့ကစားသမားတွေကို စုဖွဲ့ထားကြပြီး အနာဂတ်မျှော်မှန်းချက်တွေ ကောင်းမွန်နေကြပေမယ့် ကမ္ဘာ့အဆင့်ကို တက်လှမ်းနိုင်ဖို့တော့ လိုအပ်ချက်တွေ ရှိနေတာကို သတိပြုရပါမယ်။ ဒီကမ္ဘာ့ဖလားပြိုင်ပွဲရလဒ်ကြောင့် အာရှအသင်းတွေအနေနဲ့ စိတ်ဓာတ်ကျသွားစရာမလိုသလို၊ ဘာလိုအပ်ချက်တွေ ရှိနေသေးလဲဆိုတာကိုလည်း ပြန်လည်သုံးသပ်ကြရမှာပါ။ ကျွန်တော်တို့ အာရှဘောလုံးအဖွဲ့ချုပ်အနေနဲ့ကတော့ အာရှဘောလုံးအသင်းတွေ ဒီထက်ပိုအဆင့်မြင့်လာဖို့ နိုင်ငံဘောလုံးအဖွဲ့ချုပ်တွေကို အပြည့်အဝထောက်ပံ့ပေးသွားမှာ ဖြစ်သလို၊ စီမံကိန်းတွေရေးဆွဲပြီး ပြင်းပြင်းထန်ထန်ကြိုးစားအကောင်အထည်ဖော်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

**၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အာရှအသင်းများ၏ ရပ်တည်မှု**

| အသင်း | နိုင် | သရေ | ရှုံး | ရမှတ် | အုပ်စုရပ်တည်မှု |
|---|---|---|---|---|---|
| ဂျပန် | - | ၁ | ၂ | ၁ | အုပ်စုနောက်ဆုံး |
| ဩစတြေးလျ | - | - | ၃ | ၀ | အုပ်စုနောက်ဆုံး |
| အီရန် | - | ၁ | ၂ | ၁ | အုပ်စုနောက်ဆုံး |
| တောင်ကိုရီးယား | - | ၁ | ၂ | ၁ | အုပ်စုနောက်ဆုံး |




ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တောင်ကိုရီးယားအသင်းသားများ အုပ်စုအဆင့်မှ ထွက်ခွာရပြီးနောက် တွေ့ရစဉ်

## SHORT

❒ ဂျပန်အသင်းနှင့် လမ်းခွဲခဲ့သည့် နည်းပြ ဇက်ခရိုနီသည် ဘောလုံးလောကမှ အနားယူရန် စီစဉ်နေကြောင်း သိရသည်။ ဂျပန်နိုင်ငံမှ မထွက်ခွာမီ သတင်းထောက်များနှင့် တွေ့ဆုံရာ၌ ဇက်ခရိုနီက မိသားစုကို အချိန်ပိုပေးနိုင်ရန် ဘောလုံးလောကမှ အနားယူဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

❒ နယူးယောက်စီးတီးအသင်းသို့ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိထားသည့် ဖရန့်ကွင်းလယ်လူလမ်းပတ်သည် မေဂျာလိဂ်ပြိုင်ပွဲမစတင်မီအချိန်၌ A-leauge ကလပ် မဲလ်ဘုန်းစီးတီးအသင်းတွင် အငှားကစားရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါသတင်းများနှင့်ပတ်သက်ပြီး သတင်းထောက်များ၏မေးမြန်းမှုကို လမ်းပတ်ကလည်း ငြင်းဆန်မှုမပြုခဲ့ပေ။

❒ ဆွမ်ဆီးအသင်းနည်းပြဟောင်း မိုက်ကယ်လောဒရပ်သည် ကာတာချန်ပီယံကလပ် လက်ဝီရာအသင်းကို တစ်နှစ်စာချုပ်ဖြင့် ကိုင်တွယ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။ လောဒရပ်က လက်ဝီရာအသင်းမှာ ၎င်း၏နည်းပြဘဝနောက်ဆုံးကိုင်တွယ်သည့် ကလပ်အသင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

❒ A-leauge ကလပ်နယူးကာဆယ်ဂျက်စ်အသင်းသည် အကျီစပွန်ဆာအသစ်အဖြစ် BLK အားကစားကုမ္ပဏီနှင့် (၃)နှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။ စာချုပ်တန်ကြေးနှင့်ပတ်သက်ပြီး နှစ်ဖက်စလုံးမှ ကြေညာခြင်းမပြုခဲ့သော်လည်း နယူးကာဆယ်ဂျက်စ်အသင်းသမိုင်းတစ်လျှောက် အမြင့်ဆုံးအကျီစပွန်ဆာစာချုပ်ဟု သိရသည်။

❒ စင်ကာပူလက်ရွေးစင်အသင်းနှင့်ယူ-၂၃အသင်းတို့သည် ဇူလိုင်လအတွင်း၌ ဩစတြီးယားနိုင်ငံတွင် (၁၆)ရက်ကြာ သွားရောက်လေ့ကျင့်မည်ဟု သိရသည်။ အဆိုပါလေ့ကျင့်ရေးခရီးတွင် ဒေါ့မွန်ယူ-၂၃၊ ဒိုင်နမိုမော်စကိုအသင်းများနှင့် ခြေစမ်းသွားမည်ဟုလည်း သိရသည်။






ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပနေစဉ်အတွင်းမှာပဲ ကလပ်အသင်းအသီးသီးဟာ လာမယ့် ၂၀၁၄-၁၅ ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်နေပါပြီ။ ဒီထဲမှာ ပရီးမီးယားလိဂ်ကလပ် လီဗာပူးလ်အသင်းဟာ ရာသီသစ်အတွက် ဆောက်သမ်တန်ကွင်းလယ်ကစားသမား လယ်လာနာကို ပြောင်းရွှေ့ကြေး ပေါင်(၂၅)သန်း၊ ကာလရှည်စာချုပ် ချုပ်ဆိုကာ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ ဒါကြောင့် လီဗာပူးလ်ကစားသမားသစ်တစ်ယောက် လယ်လာနာနဲ့ လီဗာပူးလ်အသင်းတို့ရဲ့ ပထမဆုံးတွေ့ဆုံမေးမြန်းခဲ့ရာမှာတော့ . . .

# “ကျွန်တော်က မတူတဲ့အရာတွေကို စွမ်းဆောင်ပေးသွားမှာပါ”

## လီ ဗာ ပူး လ် က စား သ မား သစ် လယ် လာ နာ နှင့် တွေ့ ဆုံ ခြင်း



Photo : Liverpool.fc

*မေး- အန်ဖီးလ်ကနေကြိုဆိုပါတယ် အခမ်းအနား ပထမဆုံးခင်ဗျားရဲ့ ရင်တွင်းခံစားချက်တွေကို ပြောပြပါဦး။*

ဖြေ- ကျေးဇူးတင်ပါတယ်။ ကျွန်တော်အခုချိန်ထိမယုံကြည်နိုင်သေးဘူး။ ဒါဟာ ကြီးမားတဲ့ခြေလှမ်းတစ်ရပ်ပါပဲ။ အဲဒီအတွက် (၁၄)နှစ်ကြာဖြတ်သန်းလာခဲ့တဲ့ ဆောက်သမ်တန်အသင်းကအသင်းဖော်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ကစားသမားဘဝမှာ လီဗာပူးလ်လိုအသင်းနဲ့လက်တွဲခွင့်ရခဲ့တဲ့အတွက် ကျွန်တော် အရမ်းပဲစိတ်လှုပ်ရှားနေမိပါတယ်။

*မေး- ဒီပြောင်းရွှေ့မှုဖြစ်မြောက်တဲ့အချိန်မှာ ခင်ဗျား ပထမဆုံးပြောပြခဲ့တဲ့သူက ဘယ်သူများဖြစ်မလဲ။*

ဖြေ- ကျွန်တော့်အဖေ၊ ကျွန်တော့်ဇနီးနဲ့ မိသားစုဝင်တွေဖြစ်လိမ့်မယ်။ တခြားရင်းနှီးတဲ့မိတ်ဆွေတချို့ကိုလည်း ပြောပြခဲ့ပါတယ်။ သူတို့က ဆောက်သမ်တန်ပရိသတ်တွေလေ၊ ဒါပေမဲ့ သူတို့နားလည်ပါတယ်။ ခင်ဗျားဆိုရင်ရော ဒီလိုအခွင့်အရေးမျိုးကို လက်လွှတ်ခံပါ့မလား။ ကျွန်တော့်ရဲ့ဆုံးဖြတ်ချက်ကို ဆောက်သမ်တန်ကမိတ်ဆွေတွေ၊ ပရိသတ်တွေအားလုံးက နားလည်လိမ့်မယ်လို့ ကျွန်တော် အပြည့်အဝယုံကြည်တယ်။

*မေး- နည်းပြ ဘရန်ဒန်ရော်ဂျာနဲ့ရော စကားပြောပြီးပြီလား။ သူ့ကိုရော ဘယ်လိုမြင်လဲ။*

ဖြေ- ဟုတ်ကဲ့။ သူဟာ ထိပ်တန်းအဆင့်နည်းပြတစ်ဦးပါ။ အရာရာကို လေးလေးနက်နက်ထားတတ်သူပါ။ အင်္ဂလန်အသင်းက လီဗာပူးလ်အသင်းဖော်တွေပြောဖူးပါတယ်။ “မင်းသာ သူ(ရော်ဂျာ)နဲ့ အလုပ်တွဲလုပ်ခွင့်ရမယ်ဆိုရင် မင်းရဲ့ကစားသမားဘဝအတွက် ကြီးမားတဲ့ ကူညီထောက်ပံ့မှုကို ရရှိလိမ့်မယ်” ဆိုတာပါ။ ဒါကြောင့် သူနဲ့ အလုပ်တွဲလုပ်ဖို့ မစောင့်နိုင်တော့ပါဘူး။

*မေး- ခင်ဗျားရဲ့ကစားပုံနဲ့ လီဗာပူးလ်မှာ အထိုင်ကျလိမ့်မယ်လို့ရော ထင်သလား။*

ဖြေ- ကျွန်တော်က မတူတဲ့အရာတွေကို စွမ်းဆောင်ပေးသွားမှာပါ။ လီဗာပူးလ်နဲ့ ဆောက်သမ်တန်က ကစားပုံဆင်တူတယ်လို့ မိတ်ဆွေတွေက ပြောဖူးပါတယ်။ ကျွန်တော့်ရဲ့ကစားပုံက လီဗာပူးလ်အသင်းနဲ့ အံဝင်လိမ့်မယ်လို့ အပြည့်အဝယုံကြည်သလို လေ့လာသင်ယူရဦးမယ်လို့လည်း ထင်ပါတယ်။

*မေး- ကမ္ဘာ့ဖလားမှာ အင်္ဂလန်အသင်း ကျရှုံးခဲ့မှုအတွက် ခင်ဗျားဘာပြောချင်လဲ။*

ဖြေ- ဒါဟာ ကျွန်တော်တစ်ဦးတည်းမဟုတ်ဘဲ အင်္ဂလန် တစ်သင်းလုံး၊ အင်္ဂလန် တစ်နိုင်ငံလုံးအတွက် စိတ်ပျက်စရာဖြစ်ခဲ့ရတာပါ။ ဒီအတွက် ကျွန်တော်တို့ သင်ခန်းစာယူစရာတွေအများကြီးရခဲ့ပါတယ်။ ဒါကြောင့် နောက်လာမယ့်ယူရိုပြိုင်ပွဲမှာ အမှားတွေကိုသင်ခန်းစာယူပြီး အကောင်းဆုံးမျှော်လင့်ချက်နဲ့ ယှဉ်ပြိုင်ချင်ပါတယ်။

*မေး- စတီဗင်(ဂျရတ်)နဲ့ ထပ်ပြီးတွဲကစားဖို့ ဖြစ်လာခဲ့ပြီဆိုတော့ သူ့ဆီကသင်ယူစရာတွေရှိဦးမလား။*

ဖြေ- သူနဲ့တွဲကစားရဖို့ ကန့်သတ်ချက်ဆိုတာ ကျွန်တော့်အတွက် မရှိပါဘူး။ ကျွန်တော်တို့က သူ့ကိုကြည့်ပြီး ကြီးပြင်းလာခဲ့တာပါ။ အခုနိုင်ငံအသင်းမှာတင်မဟုတ်ဘဲ ကလပ်အသင်းတစ်သင်းထဲမှာပါ တွဲကစားရမယ်ဆိုတာကိုက ကျွန်တော့်အတွက်တော့ အိပ်မက်တစ်ခုလိုပါပဲ။

*မေး- နောက်ဆုံးအနေနဲ့ လီဗာပူးလ်ပရိသတ်တွေအတွက် ခင်ဗျားပြောချင်တာက။*

ဖြေ- ကျွန်တော်အသင်းမှာ အမြန်ဆုံးအထိုင်ကျဖို့ မျှော်လင့်ပါတယ်။ အသင်းအတွက်အကောင်းဆုံးခြေစွမ်းကိုပြသနိုင်အောင် ကြိုးစားသွားပါမယ်။ ကျွန်တော်ရှိနေစဉ်မှာ လီဗာပူးလ်အတွက် ဆုဖလားနဲ့ အောင်မြင်မှုတွေ ရယူချင်ပါတယ်။ အောင်မြင်မှုအတွက် ကျွန်တော်ဒီကို ရောက်ရှိလာတာပါ။


# ဂျင်းရှီမော်တော်ဆိုင်ကယ်၏

## အထူး PROMOTION ဈေးနှုန်းအစီအစဉ်



765,000 ကျပ်



## ဖြင့် လက်ငင်း ဝယ်ယူနိုင်ပြီ။

## လိုင်စင်နဲ့နော်...

MARKETED BY
AstroNova INTERNATIONAL CO.,LTD.
No.(70), Corner of U Tun Nyo St and U Chain St, Industrial Zone(2), Hlaing Thar Yar Tsp, Yangon, Myanmar.951-687 933, 687 934, 09-250369039
email: astronova.myanmar@gmail.com

# Wuxi Classic စနူကာပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်(၂) နေးလ်ရောဘတ်ဆန် (၂)နှစ်ဆက်တိုက် ဗိုလ်စွဲ

၂၀၁၄-၁၅ စနူကာပြိုင်ပွဲရာသီ၏ ဒုတိယမြောက်ပွဲစဉ်ဖြစ်သည့် Wuxi Classic စနူကာပြိုင်ပွဲကို တရုတ်နိုင်ငံတွင်ကျင်းပခဲ့ပြီး သြစတြေးလျစနူကာသမား နေးလ်ရောဘတ်ဆန်က အင်္ဂလန်မှ ဂျိုးပယ်ရီကို (၁၀-၉)ပွဲဖြင့် အကြိတ်အနယ်ကစားပြီး ဗိုလ်စွဲခဲ့သည်။


Photo : Snookerclub.com

ဂျိုးပယ်ရီမှာ (၆-၈)ပွဲ ဖြင့် နောက်မှလိုက်ကစားခဲ့ရပြီး (၃)ပွဲဆက်အနိုင်ရမှုကြောင့် (၉-၈)ပွဲဖြင့် ဦးဆောင်ခဲ့ကာ ဗိုလ်စွဲရန်လက်တစ်ကမ်းအလိုထိရောက်ရှိခဲ့သော်လည်း နေးလ်ရောဘတ်ဆန်က (၂)ပွဲဆက်ပြန်အနိုင်ယူကာ (၂)နှစ်ဆက်တိုက်ဗိုလ်စွဲနိုင်ခဲ့သည်။ နေးလ်ရောဘတ်ဆန်သည် ကမ္ဘာ့အဆင့်သတ်မှတ်သည့် Ranking ပြိုင်ပွဲများတွင် (၁၀)ကြိမ်မြောက် ဗိုလ်စွဲနိုင်ခဲ့ကာ ဆုကြေးငွေ ပေါင်(၈၅၀၀၀) ဆွတ်ခူးရရှိခဲ့ပြီး ဂျိုးပယ်ရီမှာမူ Ranking ပြိုင်ပွဲများတွင် ပထမဆုံးအကြိမ်ဗိုလ်စွဲရန် အခွင့်အရေးကောင်းရရှိခဲ့ပြီးမှ လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။

# NW Arkansas ပြိုင်ပွဲတွင် စတေဆီလူးဝစ် တစ်ချက်အသာဖြင့်ဗိုလ်စွဲ

LPGA Tour ပွဲစဉ်ဖြစ်သည့် Walmart NW Arkansas Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးမယ် စတေဆီလူးဝစ်က တစ်ချက်အသာဖြင့် ဗိုလ်စွဲနိုင်ခဲ့သည်။ ပြိုင်ပွဲမှာ (၃)ရက်သာ ယှဉ်ပြိုင်ရသည့်ပြိုင်ပွဲဖြစ်ပြီး စတေဆီလူးဝစ်မှာ လျှော့ရိုက်ချက်(၁၂)ချက်ရိုက်ကာ စုစုပေါင်း(၂၀၁)ချက်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ အမေရိကန်ဂေါက်သီးမယ်များဖြစ်သည့် ခရစ္စတီးကားနှင့် အန်ဂျယ်လာစတန်းဖို့ဒ်၊ နယူးဇီလန်ဂေါက်သီးမယ် လီဒီယာကိုတို့က (၂)ချက်အကွာဖြင့် ဒုတိယပူးတွဲရရှိခဲ့ကြောင်း သိရသည်။ စတေဆီလူးဝစ်အနေဖြင့် ယခုပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်ဂေါက်သီးမယ်အဖြစ်သို့ မကူးပြောင်းမီ ၂၀၀၇ ခုနှစ်က ဗိုလ်စွဲထားခဲ့ပြီး ဒုတိယအကြိမ်မြောက် ချန်ပီယံဆုရရှိခဲ့ခြင်းဖြစ်သည်။

## ၂၀၂၂ အိုလံပစ်အိမ်ရှင်ရွေးပွဲတွင် Lviv မြို့ ရွေးချယ်ခံမည်မဟုတ်

ယူကရိန်းမြို့တော် Lviv မြို့သည် နိုင်ငံရေးမတည်ငြိမ်မှုကြောင့် ၂၀၂၂ ဆောင်းရာသီအိုလံပစ်အိမ်ရှင်ရွေးပွဲတွင် ဝင်ရောက်ရွေးချယ်ခံတော့မည်မဟုတ်ကြောင်းနှင့် ၂၀၂၆ ပြိုင်ပွဲတွင်သာ ရွေးချယ်ခံဖွယ်ရှိနေကြောင်း နိုင်ငံတကာအိုလံပစ်ကော်မတီက ကြေညာခဲ့သည်။ လက်ရှိတွင် ဘေဂျင်း၊ အော်စလိုနှင့် အယ်လ်မာတီ မြို့ (၃)မြို့သာယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၂၀၁၅၊ ဇူလိုင် ၃၁ ရက်နေ့တွင် ကြေညာမည်ဖြစ်သည်။

## Quicken Loans ပြိုင်ပွဲတွင် ဂျပ်စတင်းရို့စ်အနိုင်ရ

အင်္ဂလန်ဂေါက်သီးသမား ဂျပ်စတင်းရို့စ်သည် PGA Tour ပွဲစဉ်ဖြစ်သည့် Quicken Loans National ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမကျင်းပိုမှာပင် သတ်မှတ်ရိုက်ချက်(Par)ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ဂျပ်စတင်းရို့စ်သည် (၄)ရက်ပေါင်းတွင် အမေရိကန်မှ ရှောင်စတက်ဖန်နှင့်ရိုက်ချက် (၂၈၀)ချက်စီ တူညီနေခဲ့ပြီး ကျင်းပိုPar ရိုက်ချက်ကြောင့် ယမန်နှစ် ယူအက်စ်အိုးပင်းနောက်ပိုင်း ပထမဆုံးဆုဖလားပြန်လည်ရရှိခဲ့သည်။

# ၂၀၁၄ ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ရာဖေးလ်နာဒယ်လ ကမ္ဘာ့အဆင့်ထိပ်ဆုံး(၁၀၀)ဦးပြင်ပမှ ပြိုင်ဘက်များကို (၃)နှစ်ဆက်ရှုံးနိမ့်

ကျင်းပလျက်ရှိသည့် ၂၀၁၄ ဝင်ဘယ်လ်ဒန် ဂရင်းစလင်းတင်းနစ်ပြိုင်ပွဲမှာ ဗုဒ္ဓဟူးနေ့က,ကစားခဲ့သည့် ပွဲစဉ်များအပြီးတွင် ကွာတားဖိုင်နယ်ပွဲများ ပြီးဆုံးသွားခဲ့ပြီဖြစ်ကြောင်း သိရသည်။ ကမ္ဘာ့နံပါတ်(၁) နာဒယ်လ်နှင့် ဆရီနာဝီလျံ၊ လီနာတို့ တတိယအဆင့်မှပင် ထွက်ခဲ့ရပြီးနောက် ဗိုလ်စွဲရန် ရေပန်းအစားဆုံးဖြစ်လာသည့် ရှာရာပိုဗာမှာ စတုတ္ထအဆင့်မှပင် ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

နာဒယ်လ်မှာစတုတ္ထအဆင့်တွင် (၁၉)နှစ်အရွယ်သာရှိသေးသည့် သြစတြေးလျတင်းနစ်သမား နစ်ခ်ကာကျီယို့စ်နှင့် တွေ့ဆုံခဲ့ပြီး ၆-၇(၅-၇)၊ ၇-၅၊ ၆-၇(၅-၇)၊ ၃-၆ ဖြင့် ရှုံးနိမ့်ခဲ့သည်။ နာဒယ်လ်အနေဖြင့် ပြီးခဲ့သည့် ဝင်ဘယ်လ်ဒန်ပြိုင်ပွဲနှစ်ကြိမ်ဆက် ကမ္ဘာ့အဆင့်ထိပ်ဆုံး(၁၀၀)ဦးပြင်ပမှ တင်းနစ်သမားများဖြစ်သည့် လူးကပ်ရိုဆိုးလ်၊ စတိဗ်ဒါစစ်တို့ကို ရှုံးနိမ့်ခဲ့ပြီး ကမ္ဘာ့အဆင့်(၁၄၄)ရှိ ကာကျီယို့စ်ကို ထပ်မံအရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ကမ္ဘာ့နံပါတ်(၁) တင်းနစ်သမားတစ်ဦးအနေဖြင့် ၁၉၉၂ ခုနှစ်က နာမည်ကြီး ဂျင်ကော်ရီယာမှ အန်ဒရေအိုဟော့စကီးကို ရှုံးနိမ့်ခဲ့ပြီးနောက် ထိပ်ဆုံး(၁၀၀)ဦးပြင်ပမှပြိုင်ဘက်ကို ပထမဆုံးအကြိမ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာမည်ကြီး ရုရှားတင်းနစ်မယ် ရှာရာပိုဗာမှာလည်း ဆီဒင်(၉)ရ ဂျာမန်တင်းနစ်မယ် အန်ဂျယ်လီကာဘာကို ၆-၇(၄-၇)၊ ၆-၄၊ ၄-၆ ဖြင့် အရှုံးပေးခဲ့ရသည်။ ၂၀၀၄ ခုနှစ်က အသက်(၁၇)နှစ်အရွယ်ဖြင့် ဝင်ဘယ်လ်ဒန်ပြိုင်ပွဲတွင် ပထမဆုံးဂရင်းစလင်းချန်ပီယံဆုရယူနိုင်ခဲ့သည့် ရှာရာပိုဗာမှာ နောက်ပိုင်းပြိုင်ပွဲများတွင် ၂၀၁၁ ခုနှစ်က ဒုတိယ၊ ၂၀၀၅ နှင့် ၂၀၀၆ ခုနှစ်များက ဆီမီးဖိုင်နယ်အဆင့်သို့ အမြင့်ဆုံးရောက်ရှိခဲ့ကာ ကျန်ပြိုင်ပွဲများတွင် စတုတ္ထအဆင့်ပင်ကျော်ဖြတ်နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

ယခုနှစ် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ချက်တင်းနစ်မယ်(၄)ဦးအထိ ကွာတားဖိုင်နယ်သို့ တက်ရောက်လာနိုင်ခဲ့ပြီး ကွာတားပွဲစဉ်များတွင် ထိပ်တိုက်တွေ့ဆုံခဲ့ကြသည်။ ချက်ဒါဘီ ပွဲစဉ်ကွာတား(၂)ပွဲတွင် ဆာဖာရိုဗာက မာကာရိုဗာကို ၆-၃၊ ၆-၁ ဖြင့်လည်းကောင်း၊ ၂၀၁၁ ဝင်ဘယ်လ်ဒန်ချန်ပီယံဟောင်း ခီဗီတိုဗာက စထရိုကိုဗာကို ၆-၁၊ ၇-၅ ဖြင့်လည်းကောင်း နှစ်ပွဲပြတ်စီဖြင့် အနိုင်ယူကာ ဆီမီးဖိုင်နယ်သို့ အသီးသီးတက်ရောက်သွားခဲ့ကြသည်။ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် Big Four စာရင်းဝင် ဂျိုကိုဗစ်၊ အန်ဒီမာရေး၊ ဖက်ဒါရာတို့အပြင် ယခုနှစ် သြစတြေးလျအိုးပင်းချန်ပီယံ ဝါရင်ကာတို့ အခက်အခဲသိပ်မရှိဘဲ ကွာတားဖိုင်နယ်သို့ အသီးသီးတက်ရောက်နိုင်ခဲ့ကြသည်။ အမျိုးသမီးတစ်ဦးချင်းဗိုလ်လုပွဲကို ဇူလိုင်(၅)ရက်နေ့နှင့် အမျိုးသားဗိုလ်လုပွဲကို ဇူလိုင်(၆) ရက်နေ့များတွင် အသီးသီးယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။


Photo : AFP
နာဒယ်လ်(ပုံကြီး)နှင့် ရာရာပိုဗာ

## အီတလီဂရင်းပရီကျင်းပသည့် ကွင်းတွင် ဖော်မြူလာဝမ်း အနာဂတ် မသေချာတော့

ဖော်မြူလာဝမ်းပြိုင်ပွဲအကြီးအကဲဖြစ်သူ အက်ကလက်စတုန်းက အီတလီဂရင်းပရီကျင်းပသည့် မွန်ဇာကွင်းမှာ ငွေကြေးပိုင်းဆိုင်ရာအခက်အခဲကြောင့် အနာဂတ်တွင် ကျင်းပဖွယ်မရှိတော့ကြောင်း ပြောကြားခဲ့သည်။ မွန်ဇာကွင်းမှာ ဖော်မြူလာဝမ်းနှင့် ၂၀၁၆ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားခြင်းဖြစ်ပြီး အက်ကလက်စတုန်းက စာချုပ်သက်တမ်းတိုးဖွယ်မရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းကွင်းတွင် ဖော်မြူလာဝမ်းပြိုင်ပွဲစတင်ခဲ့သည့် ၁၉၅၀ ခုနှစ်ကတည်းက ကျင်းပခဲ့ခြင်းဖြစ်ပြီး ၁၉၈၀ ခုနှစ် တစ်ကြိမ်မှလွဲ၍ နှစ်စဉ်ကျင်းပခဲ့သည်။

## ရုရှားတုတ်ထောက်ခုန်မယ် အစ်ဆင်ဘာရီးဗား သမီးဦးမွေးဖွား

နာမည်ကြီးရုရှားတုတ်ထောက်ခုန်မယ်ဖြစ်သူ အစ်ဆင်ဘာရီးဗားသည် ပြီးခဲ့သည့် တနင်္ဂနွေနေ့က သမီးဦးမွေးဖွားခဲ့ကြောင်း ရုရှားပြေးခုန်ပစ်အဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့သည်။ အသက်(၃၂)နှစ်အရွယ်ရှိ အစ်ဆင်ဘာရီးဗားသည် အိုလံပစ်ချန်ပီယံ (၂)ကြိမ်နှင့် တုတ်ထောက်ခုန်ကမ္ဘာ့စံချိန်ကို ရရှိခဲ့သူဖြစ်ပြီး ယခုသမီးဦးမွေးဖွားရန်အတွက် ပြီးခဲ့သည့်နှစ်က ကျင်းပခဲ့သည့် ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲတွင် အနိုင်ရပြီးကတည်းက ပြိုင်ပွဲများမှ အနားယူနေခဲ့သည်။

## IN-BRIEF

- ❐ ဖာရာရီကားမောင်းသမား ရိတ်ကွန်နန်သည် နတ်ထွက်သွားသည့် ဒိုမီနီကာလီ၏နေရာတွင် အစားထိုးတာဝန်ယူမည့် အသင်းအကြီးအကဲသစ် မတ်တီယာချီကို ထောက်ခံမှုများပြုလုပ်ခဲ့သည်။
- ❐ Senior Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျာမန်ဂေါက်သီးသမား ဘားနက်လန်ဂါက လျှော့ရိုက်ချက်(၁၅)ချက်ရိုက်ကာ စုစုပေါင်း (၂၆၅)ချက်ဖြင့် ဗိုလ်စွဲခဲ့သည်။
- ❐ အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံသည် နေမကောင်းဖြစ်မှုကြောင့် အစ်မဖြစ်သူ ဗီးနပ်စ်နှင့်အတူယှဉ်ပြိုင်နေသည့် ဝင်ဘယ်လ်ဒန်နှစ်ယောက်တွဲပြိုင်ပွဲမှ နတ်ထွက်ခဲ့သည်။
- ❐ NBA ကလပ် မီဝါကီဘက်ခ်အသင်းသည် နည်းပြသစ်အဖြစ် ဘရွက်ကလင်းနက်စ်အသင်းနည်းပြဟောင်း ဂျေဆင်ကစ်ဒ်ကို ခန့်အပ်ခဲ့သည်။
- ❐ BMW International ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါရာဂွေးမှ ဖာနော့တီက ဗိုလ်စွဲခဲ့ပြီး ပထမဆုံး European Tour ဆုဖလားရယူခဲ့သည်။


Slim Men
အာမခံဖြင့် အဆီချလုပ်ငန်း
ကျား/မ မရွေး ပေါင် ၂၀ ၊ ၃၀ ၊ ၄၀ နှင့် အထက် အဆီချလိုသော အဝလွန်သူများအတွက်
New Heavy Weight Loss Program
Ph : 09-5197776 , 09-73030777
IHBC(ပထမထပ်)၊ ဗိုလ်အောင်ကျော်အထက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

PYI KYAW GROUP TRAINING CENTER
ပြည့်ကျော်
စက်ကြီးမောင်းသင်တန်းနှင့် ကားကြီးမောင်းသင်တန်း

* သင်တန်းကာလ - စက်ကြီးမောင်း (၂)လ၊ ကားကြီးမောင်း (၃)ပတ်ဖြင့် အတတ်သင်ကြားပေးမည်။
* အငြိမ်းစား သင်တန်းကျောင်းအုပ်ကြီးများနှင့် လုပ်သက်ရင့် အင်ဂျင်နီယာများကိုယ်တိုင်စာတွေ့/လက်တွေ့သင်ကြားပေးမည်။
သင်တန်းသားသစ်များ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါပြီ။
ဆက်သွယ်ရန် အခန်း (၂၅)၊ သောက်လုပ်ရေးတိုက်တန်း၊ ရန်ကုန် - မန္တလေးလမ်းမကြီး၊ (၇၀)လမ်း၊ ကျွဲဆည်ကန်သံလမ်းအနီး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
09-43175836, 09-91017958, 09-2401093, 09-43022142

## မနေသဟာယအားကစားပြိုင်ပွဲဝင် ဂျမေကာအသင်း လူစာရင်းတွင် အူစိန်ဘော့ ပါဝင်လာ

ကမ္ဘာ့တာတိုဘုရင် အူစိန်ဘော့သည် ၂၀၁၄ မနေသဟာယအားကစားပြိုင်ပွဲဝင်မည့် ဂျမေကာပြေးခုန်ပစ်အသင်းလူစာရင်းတွင် ရွေးချယ်ခြင်းခံခဲ့ရကြောင်း သိရသည်။ အူစိန်ဘော့အနေဖြင့် ၂၀၀၆ နှင့် ၂၀၁၀ ပြိုင်ပွဲများကိုလွဲချော်ခဲ့ပြီး ယခုယှဉ်ပြိုင်မှုမှာ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်လာမည်ဖြစ်သည်။ အူစိန်ဘော့သည် မီတာ(၁၀၀)နှင့် (၂၀၀)ပွဲစဉ်များ ယှဉ်ပြိုင်ပမည်မဟုတ်ဘဲ မီတာ(၄×၁၀၀) အသင်းလိုက်လက်ဆင့်ကမ်းပွဲစဉ်တစ်ခုသာယှဉ်ပြိုင်မည်ဖြစ်ကြောင်း အစောပိုင်းက ပြောကြားထားခဲ့သည်။

## ပိုလန်ရယ်လီပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် အော်ဂီယာ အမှတ်ပေးဇယားတွင် ရမှတ်ထပ်ဖြတ်ထားနိုင်

Volkswagen Polo အသင်းမှ ပြင်သစ်ကားမောင်းသမား အော်ဂီယာသည် ကမ္ဘာ့ရယ်လီချန်ပီယံရှစ်ပြိုင်ပွဲ(WRC)၏ ပွဲစဉ်တစ်ပွဲဖြစ်သည့် ပိုလန်ရယ်လီပြိုင်ပွဲတွင် ထပ်မံဗိုလ်စွဲခဲ့ပြီး ကမ္ဘာ့ချန်ပီယံအမှတ်ပေးဇယားတွင် ဒုတိယနေရာမှ လတ်ဗာလာကို ရမှတ်(၅၀)မှတ်တိတိ ဖြတ်ထားနိုင်ခဲ့သည်။ အော်ဂီယာသည် နောက်ဆုံးပွဲစဉ်(၂)ပွဲဆက်အနိုင်ရကာ ယခုနှစ်ရာသီ(၇)ပွဲတွင် (၅)ပွဲအနိုင်ဖြင့် ၁၆၆ မှတ် ရရှိနေခဲ့သည်။ ပိုလန်ရယ်လီပြိုင်ပွဲတွင် မစ်ကယ်လ်ဆင်က ဒုတိယနှင့် နူဗီးလ်က တတိယရရှိခဲ့သည်။

## IN-BRIEF

- ရက်ဘူးလ်အသင်းအကြီးအကဲဖြစ်သူ ခရစ္စဟော်နာက ယခုနှစ်ရာသီ အသင်းရလဒ်ဆိုးများနှင့်ပတ်သက်ပြီး ရေးနော့တ်အင်ဂျင်များကို ပြစ်တင်ဝေဖန်ခဲ့သည်။
- ဗြိတိသျှအိုးပင်း ဂရင်းစလင်း ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ၂၀၁၇ ပြိုင်ပွဲကို Royal Birkdale ဂေါက်ကွင်း၊ ၂၀၁၈ ပြိုင်ပွဲကို Carnoustie ဂေါက်ကွင်းများတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။
- လစ်သူယေးနီးယားတွင်ကျင်းပရန်စီစဉ်ထားသည့် ပွဲစဉ်အချို့ကို အသင်းများမှကန့်ကွက်ခဲ့မှုအား ပိုလန်ရယ်လီပြိုင်ပွဲဥက္ကဋ္ဌ နိုဗိုရီးလ်က ပြစ်တင်ဝေဖန်ခဲ့သည်။
- မီယာမီဟိတ်သ်အသင်းမှ နာမည်ကြီး NBAဘက်စကတ်ဘောသမား ခရစ္စဘို့ရှ်သည် လီဘရွန်ဂျိမ်းစ်၊ ဒွိုင်းဝေဒ်တို့နှင့်အတူ အသင်းလက်မဲ့ကစားသမားဖြစ်လာခဲ့သည်။

# အာဂျင်တီးနားလက်ဝှေ့သမား မိုင်ဒါနာနှင့် ပြန်လည်ထိုးသတ်မည်ဟု မေဝယ်သာအတည်ပြု

ရှုံးပွဲမရှိသေးသည့် အမေရိကန်လက်ဝှေ့အကျော်အမော် ဖလွိုက်မေဝယ်သာသည် အာဂျင်တီးနားလက်ဝှေ့သမား မားကို့စ်မိုင်ဒါနာနှင့်ပြန်လည်ထိုးသတ်မည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

၎င်းတို့နှစ်ဦးသည် ပြီးခဲ့သည့်မေလအတွင်းကပင် တွေ့ဆုံခဲ့ပြီး မေဝယ်သာက အမှတ်ဖြင့် အနိုင်ရရှိထားခဲ့သည်။ မေဝယ်သာသည် လော့စ်အိန်ဂျလိစ်တွင်ပြုလုပ်ခဲ့သည့် BET Awards အခမ်းအနားသို့ တက်ရောက်ခဲ့စဉ် ပြောကြားခဲ့ခြင်းဖြစ်ပြီး ယင်းပွဲကို လာမည့်စက်တင်ဘာ(၁၃)ရက်နေ့တွင် နယူးယောက်၌ ထိုးသတ်သွားမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။ မေဝယ်သာ၏ လက်ဝှေ့ပွဲများစီစဉ်သည့် ကိုယ်ပိုင်ကုမ္ပဏီကလည်း လက်ဝှေ့ပွဲပြုလုပ်ခွင့်လိုင်စင်အတွက် နယူးယောက်အားကစားကော်မရှင်သို့ လျှောက်ထားမှုမှာ ရရှိရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့်မေလက ထိုးသတ်ခဲ့သည့်ပွဲတွင်မူ မေဝယ်သာက အမေရိကန်ဒေါ်လာ(၃၂)သန်းရရှိခဲ့ပြီး မိုင်ဒါနာမှာ(၅.၇)သန်းရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ မေဝယ်သာသည် လက်ရှိတွင် ထိုးသတ်ခဲ့သည့် (၄၆)ပွဲစလုံး အနိုင်ယူထားပြီး ဟိုဆေးလူးဝစ်ကက်စတီလိုနှင့် မကျေပွဲ ပြန်လည်ထိုးသတ်သည့်တစ်ကြိမ်သာရှိခဲ့ဖူးကြောင်း သိရသည်။



မေဝယ်သာ(ဝဲ)နှင့် မိုင်ဒါနာ(ယာ)တို့ မေလအတွင်းထိုးသတ်ခဲ့စဉ်

## တစ်ပတ်အတွင်းကြည့်ရှုရမည့်အားကစားပြိုင်ပွဲများ

### ဂေါက်သီး

၂၀၁၃-၁၄ PGA Tour ပြိုင်ပွဲရာသီ၏ ပွဲစဉ်တစ်ပွဲဖြစ်သည့် Greenbrier Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဇူလိုင်(၃)ရက်မှ (၆)ရက်နေ့အထိကျင်းပမည်ဖြစ်သည်။ (၂၉ပ TSP5မှ မြန်မာစံတော်ချိန်နံနက်အစောပိုင်းတွင် တိုက်ရိုက်ပြသမည်ဖြစ်သည်။)

### ဘော်လီဘော

အမျိုးသားအသင်းများ ယှဉ်ပြိုင်လျက်ရှိသည့် ၂၀၁၄ FIVB ကမ္ဘာ့ဘော်လီဘောအမှတ်ပေးပြိုင်ပွဲကို လာမည့် ဇူလိုင်လ(၂၀)ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ (၂၉ပ TSP6 ရုပ်သံလိုင်းမှ တိုက်ရိုက်ပြသထွယ်ရှိသည်။)

### တင်းနစ်

၂၀၁၄ တင်းနစ်ရာသီ၏တတိယမြောက် ဂရင်းစလင်းပြိုင်ပွဲဖြစ်သည့် ဝင်ဘယ်လ်ဒန်ပြိုင်ပွဲကို ပြီးခဲ့သည့်ဇွန်လ(၂၃)ရက်နေ့မှ ဇူလိုင်လ(၆)ရက်နေ့အထိယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (၂၉ပ Fox Sportsမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။)

### ဖော်မြူလာဝမ်း

၂၀၁၄ ဖော်မြူလာဝမ်းပြိုင်ပွဲရာသီ၏ နဝမမြောက်ပွဲစဉ်ဖြစ်သည့် ဗြိတိန်ဂရင်းပရီပြိုင်ပွဲဗိုလ်လုပွဲစဉ်ကို ဇူလိုင်လ(၆)ရက်နေ့တွင် ပြုလုပ်သွားမည်ဖြစ်သည်။ (၂၉ပ STAR Sportsမှ မြန်မာစံတော်ချိန် ညနေပိုင်းတွင် တိုက်ရိုက်ပြသမည်ဖြစ်သည်။)



Premier Eleven Sports Journal Vol:11 No.45 6, July, 2014

# ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲတွင် မြန်မာအသင်း(၆-၀)ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်

## ၂၀၁၀ ဆူဇူကီးဖလားအုပ်စုပွဲတွင် (၇-၁)ဂိုးဖြင့်ရှုံးနိမ့်ပြီးနောက်ပိုင်း ဂိုးပြတ်ထပ်မံရှုံးနိမ့်ခဲ့ခြင်းဖြစ်



ဗီယက်နမ်အသင်းအတွက် ဟက်ထရစ်သွင်းယူခဲ့သော လီကောင်ဗင် (နံပါတ်-၉)အား ဂိုးသွင်းအပြီး တွေ့ရစဥ် (Photo-VFF.com)



မြန်မာအသင်းနည်းပြချုပ် မိုဇစ်နှင့် လ/ထနည်းပြ ဦးစိုးမြတ်မင်း (ဓာတ်ပုံ-ညီညီစိုးညွန့်)

၂၀၁၄ အာဆီယံဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာလက်ရွေးစင်အသင်းနှင့် ဗီယက်နမ်လက်ရွေးစင်အသင်းတို့သည် ပြီးခဲ့သည့် ဇူလိုင်(၂)ရက်က ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ခြေစမ်းကစားခဲ့ရာ ဗီယက်နမ်လက်ရွေးစင်အသင်းက (၆-၀)ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာအသင်းမှာ ပြီးခဲ့သည့် ၂၀၁၀ ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဥ်တွင် တွေ့ဆုံစဥ်က ဗီယက်နမ်အသင်းကို (၇-၁)ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ဖူးပြီး ယင်းပွဲနောက်ပိုင်း ဂိုးဒါဇင်ဝက်ပေးကာ ဗီယက်နမ်အသင်းကို ဂိုးပြတ်ထပ်မံရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းတွင် အမာခံကစားသမားအချို့ ဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်ခဲ့ခြင်းမရှိဘဲ ကျော်ကိုကို၊ စိုးမင်းဦး၊ ကျော်ဇေယျာဝင်း၊ ရန်အောင်ကျော်၊ မင်းမင်းသူတို့ဖြင့် လူစုံနီးပါးပါဝင်ခဲ့သော်လည်း ဗီယက်နမ်အသင်းကို ယှဥ်ကစားနိုင်ခြင်း မရှိခဲ့ပေ။ ဗီယက်နမ်အသင်းတွင်လည်း နာမည်ကြီးတိုက်စစ်မှူး လီကောင်ဗင် အပါအဝင် ကစားသမားအစုံအလင်ပါဝင်ခဲ့ပြီး ပထမပိုင်းမှာပင် (၄)ဂိုးပြတ်ဖြင့် အနိုင်ရရှိနေခဲ့သည်။

**မြန်မာ့လက်ရွေးစင်အသင်းကို ဆားဘီးယားလူမျိုးနည်းပြ အေဗရာမိုဗစ် ကိုင်တွယ်ပြီးနောက်ပိုင်း အဆိုးရွားဆုံးရှုံးနိမ့်မှု ဖြစ်ခဲ့ပြီး နိုင်ငံတကာပြိုင်ပွဲနှင့်ခြေစမ်းပွဲများတွင် (၆)ပွဲမြောက် ရှုံးနိမ့်ခဲ့ခြင်းဖြစ်**

ဗီယက်နမ်အသင်းအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး လီကောင်ဗင်တစ်ဦးတည်းက (၂၀၊ ၃၄၊ ၅၁)မိနစ်များတွင် ဟက်ထရစ်သွင်းယူခဲ့ပြီး (၁၀၊ ၁၅)မိနစ်တွင် ငုယင် ဟိုင်အန်၊ (၈၅)မိနစ်တွင် ငုယင်ဗန်ယက်တို့က သွင်းယူပေးခဲ့သည်။ မြန်မာအသင်းမှာ ဒုတိယပိုင်းတွင် ချေပဂိုးရရှိနိုင်သည့် အခွင့်အရေးများရရှိခဲ့သော်လည်း ကျော်ကိုကိုနှင့် ကျော်ဇေယျာဝင်းတို့ အသုံးချနိုင်ခဲ့ခြင်း မရှိပေ။

မြန်မာအသင်းမှာ ဆူဇူကီးဖလားပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ခြေစမ်းပွဲ (၂)ပွဲ ကစားခဲ့ရာ ဂျေလိဂ်ကလပ် ဆီရီဇိုအိုဆာကာအသင်းကို (၁-၀)ဂိုး၊ ယခု ဗီယက်နမ်လက်ရွေးစင်အသင်းကို (၆-၀)ဂိုးတို့ဖြင့် (၂)ပွဲစလုံး ရှုံးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းကို ဆားဘီးယားလူမျိုးနည်းပြ အေဗရာမိုဗစ် ကိုင်တွယ်ပြီးနောက်ပိုင်း အဆိုးရွားဆုံး ရှုံးနိမ့်မှုဖြစ်ခဲ့ပြီး နိုင်ငံတကာပြိုင်ပွဲနှင့် ခြေစမ်းပွဲများတွင် (၆)ပွဲမြောက် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

# တရုတ်နိုင်ငံတွင် ကျင်းပမည့်နိုင်ငံတကာဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲကို မြန်မာဖူဆယ်လက်ရွေးစင်အသင်း ဝင်ရောက်ယှဥ်ပြိုင်မည်



Ooredoo Cup ဖူဆယ်ပြိုင်ပွဲမှ ပွဲစဥ်တစ်ခု (ဓာတ်ပုံ-သက်ထွန်းအောင်)

မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် နိုင်ငံတကာဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲကို ဝင်ရောက်ယှဥ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို တရုတ်နိုင်ငံ၊ ကျန်ကျိုး(Xangzhou)မြို့တွင် လာမည့်ဇူလိုင် (၂၂)ရက်မှ (၂၄)ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး တရုတ်ဖူဆယ်ကလပ်အသင်းများအပါအဝင် နိုင်ငံတကာဖူဆယ်အသင်းများဝင်ရောက်ယှဥ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းကို ပဏာမကစားသမား(၃၄)ဦးဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ဆာအိ(အီရန်)က တာဝန်ယူကိုင်တွယ်နေလျက်ရှိကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ပြိုင်ပွဲမတိုင်မီ တရုတ်နိုင်ငံသို့ကြိုတင်သွားရောက်ကာ နေထိုင်လေ့ကျင့်မှုများ ပြုလုပ်ရန်လည်း စီစဥ်ထားကြောင်း သိရသည်။ လက်ရှိရွေးချယ်ထားသည့်ပဏာမလက်ရွေးစင် ကစားသမား(၃၄)ဦးမှာ ပြီးခဲ့သည့် MFF Ooredoo Cup ဖူဆယ်ပြိုင်ပွဲမှ ထူးချွန်သည့် ကစားသမားများကို ရွေးချယ်ထားခြင်းဖြစ်ကြောင်း သိရသည်။ MFF Ooredoo Cup ဖူဆယ်ပြိုင်ပွဲကို ပြီးခဲ့သည့် ဇွန်(၁၂)ရက်မှ (၂၂)ရက်အထိ ကျင်းပပြုလုပ်ခဲ့ပြီး အသင်းပေါင်း (၄၂)သင်း ဝင်ရောက်ယှဥ်ပြိုင်ခဲ့ကာ MIC အသင်း ဗိုလ်စွဲခဲ့ကြောင်း သိရသည်။

## ယူ-၁၉ အမျိုးသမီးအသင်း ခြေစမ်းပွဲများ ကစားမည်

အာဆီယံယူ-၁၉ အမျိုးသမီးပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲ(၂)ပွဲအပါအဝင် ခြေစမ်းပွဲ(၄)ပွဲယှဥ်ပြိုင်ကစားရန် စီစဥ်ထားကြောင်း သိရသည်။ မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် အာဆီယံယူ-၁၉ အမျိုးသမီးပြိုင်ပွဲအတွက် ပြီးခဲ့သည့် ဇွန်လဆန်းပိုင်းမှစ၍ ပဏာမလက်ရွေးစင်ကစားသမား(၂၃)ဦးဖြင့် လေ့ကျင့်မှုများ ပြုလုပ်နေလျက်ရှိကြောင်း သိရသည်။ မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် တရုတ်နိုင်ငံသို့ သွားရောက်၍ နေထိုင်လေ့ကျင့်ရန်လည်း စီစဥ်ထားကြောင်း သိရသည်။

## ဇေယျာရွှေမြေနှင့်ပွဲကို နေလင်းထွန်းလွဲချော်မည်

ရောဝတီယူနိုက်တက်အသင်း၏ တောင်ပံကစားသမားဖြစ်သူ နေလင်းထွန်းသည် ခြေချင်းဝတ်ဒဏ်ရာကြောင့် လာမည့်ဇေယျာရွှေမြေနှင့်ပွဲကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။ ရောဝတီယူနိုက်တက်အသင်းနှင့် ဇေယျာရွှေမြေအသင်းတို့သည် လာမည့်ဇူလိုင် (၆)ရက်တွင် MFF Ooredoo Cup ရှုံးထွက်ပြိုင်ပွဲ တတိယအဆင့်အဖြစ် ရန်ကုန်မြို့ရှိ စလင်းကွင်း၌ ယှဥ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

## မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ် ပွဲကျင်းပမည်

မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို လာမည့်ဇူလိုင် (၆)ရက်တွင် ရန်ကုန်မြို့ရှိ သိမ်ဖြူအားကစားရုံ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲတွင် မြန်မာဘက်မှ ရိုးရာလက်ဝှေ့ကစားသမား(၁၀)ဦးနှင့် ထိုင်းဘက်မှ မွေထိုင်းလက်ဝှေ့ကစားသမား(၁၀)ဦးတို့ယှဥ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။ မြန်မာဘက်မှ ရိုးရာလက်ဝှေ့ကစားသမားများတွင် စိုးလင်းဦး၊ ထွန်းထွန်းမင်း၊ တူးတူး၊ သတ္တိအောင် အစရှိသည့် နာမည်ကြီးရိုးရာလက်ဝှေ့ကစားသမားများ ပါဝင်နေကြောင်း သိရသည်။

## MNL-2 ပြိုင်ပွဲ ပွဲစဉ်(၁၅)အပြီး ခေတ္တရပ်နား

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် MNL-2 (ပထမတန်း)ပြိုင်ပွဲ ပွဲစဉ် (၁၅)ကို ပြီးခဲ့သည့် ဇွန်(၂၇၊ ၂၈)ရက်များက ရန်ကုန်မြို့ရှိ ပဒုမ္မာနှင့် စလင်းကွင်းတို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ယခုအခါ ပြိုင်ပွဲကို ခေတ္တရပ်နားထားကြောင်း သိရသည်။ ပွဲစဉ်(၁၅)အပြီးတွင် ဟံသာဝတီအသင်းက အမှတ်ပေးဇယားထိပ်ဆုံး၌ ဆက်လက်ဦးဆောင်နေပြီး ရခိုင်ယူနိုက်တက်အသင်းမှာ ဒုတိယနေရာမှလိုက်ကာ ဖိအားပေးနေကြောင်းသိရသည်။ ပွဲစဉ်(၁၅)တွင် အမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်နေသည့် ဟံသာဝတီအသင်းမှာ မောရဝတီကို (၇-၂)ဂိုးဖြင့်လည်းကောင်း၊ ဒုတိယနေရာမှ ရခိုင်ယူနိုက်တက်အသင်းမှာ Horizon ကို (၁-၀)ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲကို လာမည့်ဇူလိုင်(၁၁)ရက်တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## MNL-2 လူငယ်ပြိုင်ပွဲ ပွဲစဉ်(၄)ဆက်လက်ကျင်းပမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် MNL-2 (ပထမတန်း) လူငယ်ပြိုင်ပွဲ ပွဲစဉ်(၄)ကို လာမည့်ဇူလိုင်(၇၊ ၉)ရက်များတွင် ရန်ကုန်မြို့ရှိ ပဒုမ္မာနှင့်စလင်းကွင်းတို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ပြိုင်ပွဲကို အသင်း(၇)သင်းပါဝင်ယှဉ်ပြိုင်နေလျက်ရှိပြီး ပွဲစဉ်(၃)အပြီးတွင် ဟံသာဝတီအသင်းက ရမှတ်(၇)မှတ်၊ ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေပြီး မြဝတီအသင်းက ရမှတ်(၇)မှတ်ဖြင့်ပင် ဒုတိယ၊ ဒဂုံအသင်းက ရမှတ်(၆)မှတ်ဖြင့် တတိယနေရာတို့တွင် ရပ်တည်နေကြောင်း သိရသည်။

| | | |
|---|---|---|
| ၇-၇-၁၄ | ရခိုင် - ဒဂုံ | စလင်း |
| | ဟံသာဝတီ - Horizon | ပဒုမ္မာ |
| ၉-၇-၁၄ | မောရဝတီ - ငွေကြယ်ပွင့် YUSC | |

## မြန်မာယူ-၁၆နှင့် ဖနွမ်းပင်ခရောင်းအသင်းတို့ယှဉ်ပြိုင်မည်



အရှယူ-၁၆ ဖလားပြိုင်ပွဲဝင် မြန်မာယူ-၁၆အသင်း (ဓာတ်ပုံ-ညီညီစိုးညွန့်)

အာရှယူ-၁၆ ချန်ပီယံဖလား (Asia Champions Trophy U-16 2014)ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာယူ-၁၆(မန္တလေးအကယ်ဒမီ)အသင်းသည် ပွဲစဉ်-၈ အဖြစ် လာမည့် ဇူလိုင်(၅)ရက်တွင် ရန်ကုန်မြို့ရှိ အောင်ဆန်းကွင်း၌ ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာယူ-၁၆ လူငယ်အသင်းသည် လက်ရှိအချိန်၌ အုပ်စု(ခ)တွင် (၆)ပွဲကစားအပြီး ရမှတ်(၈)မှတ်ဖြင့် အဆင့်(၄)နေရာတွင်လည်းကောင်း၊ ဖနွမ်းပင်ခရောင်းအသင်းမှာ (၇)ပွဲကစားအပြီး ရမှတ်(၁၀)မှတ်ဖြင့် အဆင့်(၃)နေရာတွင်လည်းကောင်း ရပ်တည်နေကြောင်း သိရသည်။ မြန်မာယူ-၁၆ လူငယ်အသင်းသည် ပထမအကျော့အဖြစ် ကမ္ဘောဒီးယားနိုင်ငံ၌ ဖနွမ်းပင်ခရောင်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့စဉ်က (၁-၀)ဂိုးဖြင့် အနိုင်ရရှိထားကြောင်း သိရသည်။ မြန်မာယူ-၁၆ လူငယ်အသင်းသည် ယခုပြိုင်ပွဲတွင် ရလဒ်များ မကောင်းသောကြောင့် နည်းပြချုပ်ဖြစ်သူ မင်ကော့ဗ်စကီး (ဘူလ်ဂေးရီးယား)ကို ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ရာထူးမှထုတ်ပယ်ခဲ့ပြီး လာမည့်ပွဲကို မြန်မာနည်းပြများကသာ တာဝန်ယူကိုင်တွယ်မည်ဖြစ်ကြောင်း သိရသည်။

# ဧယျာရွှေမြေနှင့် ကစားရမည့် ရှုံးထွက်ပြိုင်ပွဲတွင် တတိယအဆင့်ပွဲစဉ်မှာ မိမိတို့အတွက် လွန်စွာခက်ခဲမည်ဖြစ်ကြောင်း ရောဝတီနည်းပြပြောကြား

MFF Ooredoo Cup ရှုံးထွက်ဘောလုံးပြိုင်ပွဲ၊ တတိယအဆင့်ပွဲစဉ်များကို လာမည့်ဇူလိုင်(၅၊ ၆၊ ၇)ရက်များတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး MNL အသင်းကြီးများဖြစ်သည့် ရောဝတီယူနိုက်တက်နှင့် ဧယျာရွှေမြေအသင်းတို့ တွေ့ဆုံနေလျက်ရှိကြောင်းသိရသည်။ ယင်းကဲ့သို့တွေ့ဆုံနေမှုနှင့်ပတ်သက်၍ ရောဝတီအသင်းနည်းပြချုပ်ဖြစ်သူ ဦးဆန်းဝင်းက ၎င်းတို့အသင်းအတွက် လွန်စွာခက်ခဲမည်ဖြစ်ကြောင်းနှင့် ဧယျာရွှေမြေအသင်းမှာ တောင့်တင်းသည့်အသင်းကောင်းတစ်သင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။



ရောဝတီအသင်းနည်းပြချုပ် ဦးဆန်းဝင်း (ဓာတ်ပုံ - ညီညီစိုးညွန့်)

ဦးဆန်းဝင်းက "ကျွန်တော့်အသင်းဟာ MNL အမှတ်ပေးလိဂ်ပြိုင်ပွဲ ပထမအကျော့မှာရှုံးကန်ခဲ့ရပေမယ့် ဒုတိယအကျော့မှာတော့ နှစ်ပွဲဆက်တိုက် နိုင်ပွဲရယူထားနိုင်ပါတယ်။ ရန်ကုန်နဲ့မကွေးအသင်းတို့ကို အနိုင်ရရှိခဲ့တဲ့ပွဲတွေမှာဆိုရင် နှစ်ပွဲစလုံး အရှုံးကနေလိုက်ကစားခဲ့ရတာပါ။ ဒါဟာ ကစားသမားတွေရဲ့ အနိုင်ရလိုစိတ် ပြင်းထန်မှုကိုပြသလိုက်တာပါပဲ။ အခုအချိန်မှာ ကျွန်တော့်အသင်းဟာ အကောင်းဆုံးအနေအထားကို ရရှိနေပြီဖြစ်တာကြောင့် လက်ကျန်ပွဲစဉ်တွေမှာ ရလဒ်ကောင်းတွေ ရယူနိုင်မယ်လို့ထင်ပါတယ်။ အခုရှုံးထွက်ပြိုင်ပွဲ တတိယအဆင့်မှာ တွေ့ဆုံနေတဲ့ ဧယျာရွှေမြေအသင်းဟာ တောင့်တင်းတဲ့အသင်းကောင်းတစ်သင်းပါ။ သူတို့နဲ့ရင်ဆိုင်ရမှာ ကျွန်တော်တို့အတွက် ခက်ခဲမှာသေချာပါတယ်။ ဒါပေမယ့် ဒီရှုံးထွက်ပြိုင်ပွဲမှာလည်း ကျွန်တော်တို့အသင်းက ဗိုလ်စွဲဖို့ရည်မှန်းထားတာပါ။ ဧယျာရွှေမြေအသင်းကို ကျော်ဖြတ်နိုင်ဖို့ အစွမ်းကုန်ကြိုးပမ်းသွားမှာပါ" ဟု ပြောကြားခဲ့သည်။ ရောဝတီယူနိုက်တက်နှင့် ဧယျာရွှေမြေအသင်းတို့သည် လာမည့် ဇူလိုင် (၆)ရက်၊ ညနေ(၃း၃၀)နာရီတွင် ရန်ကုန်မြို့ရှိ စလင်းကွင်း၌ ယှဉ်ပြိုင်ကစား ရမည်ဖြစ်ကြောင်း သိရသည်။ MFF Ooredoo Cup ရှုံးထွက်ဘောလုံးပြိုင်ပွဲကို ပြီးခဲ့သည့် ဧပြီ(၅)ရက်မှစ၍ MNL အသင်း (၁၂)သင်း၊ MNL-2 (ပထမတန်း) အသင်း (၉)သင်း၊ ပေါင်း(၂၁)သင်း ဝင်ရောက်ယှဉ်ပြိုင်နေကြောင်း သိရသည်။ ဒုတိယ အဆင့်ပွဲစဉ်များကို ပြီးခဲ့သည့် မေ(၇၊ ၈၊ ၉) ရက်များက ကျင်းပပြုလုပ်ခဲ့ပြီး အနိုင် ရရှိခဲ့သည့် ဟံသာဝတီ၊ မြဝတီ၊ Southern၊ ချင်း၊ Horizon အသင်း(၅)သင်းမှာ MNL အသင်းကြီးများဖြစ်သည့် မကွေး၊ KBZ ဇွဲကပင်၊ မနောမြေ၊ ရောဝတီ၊ ဧယျာရွှေမြေ ရတနာပုံ အသင်း(၇)သင်းနှင့် တတိယအဆင့်အဖြစ် ယှဉ်ပြိုင်ကစားရခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်ရာသီက MNL အမှတ်ပေးလိဂ်ပြိုင်ပွဲတွင် အဆင့်(၁၊ ၂)ရပ်တည်ခဲ့သည့် ရန်ကုန်နှင့်နေပြည်တော် အသင်းတို့မှာမူ ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး ပြိုင်ပွဲတွင်ဗိုလ်စွဲမည့်အသင်းမှာ ၂၀၁၅ AFC Cup ပြိုင်ပွဲနှင့် တိုယိုတာမဲခေါင်ဖလားပြိုင်ပွဲတို့ကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ရှုံးထွက်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်များ**

| | | |
|---|---|---|
| ၅-၇-၁၄ | မြဝတီ - မကွေး | စလင်း |
| | KBZ - ဇွဲကပင် | ပဒုမ္မာ |
| ၆-၇-၁၄ | ချင်း - မနောမြေ | အောင်ဆန်း |
| | ရောဝတီ - ဧယျာရွှေမြေ | စလင်း |
| | ဟံသာဝတီ - Horizon | ပဒုမ္မာ |
| ၇-၇-၁၄ | Southern - ရတနာပုံ | ပဒုမ္မာ |

**ရောဝတီနှင့် ဧယျာရွှေမြေတို့၏တွေ့ဆုံမှု**

| | | | |
|---|---|---|---|
| ၁၄-၈-၁၀ | ရောဝတီ | ၃-၃ | ဧယျာရွှေမြေ |
| ၃-၄-၁၀ | ဧယျာရွှေမြေ | ၁-၀ | ရောဝတီ |
| ၂၀-၃-၁၁ | ဧယျာရွှေမြေ | ၁-၁ | ရောဝတီ |
| ၂၂-၉-၁၁ | ရောဝတီ | ၃-၀ | ဧယျာရွှေမြေ |
| ၂၀-၁-၁၂ | ဧယျာရွှေမြေ | ၁-၀ | ရောဝတီ |
| ၁၄-၅-၁၂ | ရောဝတီ | ၂-၁ | ဧယျာရွှေမြေ |
| ၅-၅-၁၃ | ဧယျာရွှေမြေ | ၂-၂ | ရောဝတီ |
| ၁၈-၅-၁၃ | ရောဝတီ | ၁-၂ | ဧယျာရွှေမြေ |
| ၂၉-၃-၁၄ | ဧယျာရွှေမြေ | ၁-၂ | ရောဝတီ |

## အာဆီယံအမျိုးသမီးပြိုင်ပွဲ ကျင်းပရန် မသေချာ

၂၀၁၄ အာဆီယံအမျိုးသမီး ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(AFF Women's Championship 2014)ကို ကျင်းပပြုလုပ်ရန် မသေချာတော့ကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို လာမည့်ဩဂုတ်လအတွင်း၌ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပပြုလုပ်ရန် စီစဉ်ထားခဲ့သော်လည်း ထိုင်းဘောလုံးအဖွဲ့ချုပ် (FAT)က ထိုင်းနိုင်ငံရေးအခြေအနေများကြောင့် ပြိုင်ပွဲကို လက်ခံကျင်းပတော့မည်မဟုတ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)ထံသို့အကြောင်းကြားစာပေးပို့ထားကြောင်း သိရသည်။ သို့သော် FAT သည် ဩဂုတ်လအတွင်း၌ပင် အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်ရန်စီစဉ်ထားသည့် အာဆီယံယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကိုမူ လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## မနောမြေလူငယ်ကစားသမားကို MFF အရေးယူ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)စည်းကမ်းထိန်းသိမ်းရေးကော်မတီသည်မနောမြေလူငယ်အသင်းမှ ကစားသမားတစ်ဦးဖြစ်သူ အောင်ထိုက်ဝင်းကို အရေးယူခဲ့ကြောင်း သိရသည်။ MNL လူငယ်ပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ် ပြီးခဲ့သည့် ဇွန်(၂၆)ရက်က မနောမြေနှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် မနောမြေလူငယ်အသင်းမှ ကစားသမားဖြစ်သူ အောင်ထိုက်ဝင်းသည် ပွဲကစားချိန် (၇၅)မိနစ်၌ တစ်ဖက်အသင်းမှ ကစားသမားကို လက်သီးဖြင့်ထိုးခဲ့သောကြောင့် ကွင်းလယ်ဒိုင်က အနီကတ်ဖြင့် ထုတ်ပယ်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် MFF စည်းကမ်းထိန်းသိမ်းရေးကော်မတီက အောင်ထိုက်ဝင်းကို (၂)ပွဲပယ်နှင့် ဒဏ်ကြေးငွေ ကျပ် (၁)သိန်းပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။




Photos : AFP, Reuters

# အကြောက်တရားတွေ ရှိနေပေမယ့်

AK

UNHCR မှ ဖွင့်လှစ်ပေးထားသည့် ဒုက္ခသည်စခန်းတွင် ဘောလုံးကစားနေသော ကလေးငယ်နှစ်ဦး

အီရတ်နိုင်ငံသား အဗ္ဗဒူဟူစိန်ဟာ ဘဂ္ဂဒက်မြို့က ကော်ဖီဆိုင်လေးထဲမှာရှိတဲ့ တီဗွီဖန်သားပြင်ကိုမမှိတ်မသုန်ကြည့်နေတယ်။ ဒီအချိန်မှာ သူ့ရဲ့စိတ်အာရုံတွေဟာ တီဗွီဖန်သားပြင်ပေါ်ကလွဲပြီးဘာမှမရှိဘူး။ သူနေထိုင်ရာ ဘဂ္ဂဒက်မြို့လေးထဲမှာ ခဏခဏဖြစ်လေ့ရှိတဲ့ဗုံးပေါက်ကွဲမှုတွေလည်း အပါအဝင်ပေါ့။ ကော်ဖီဆိုင်လေးထဲမှာ အဗ္ဗဒူဟူစိန်အပြင် ဘောလုံးဝါသနာအိုး အီရတ်နိုင်ငံသားအများအပြားလည်းရှိနေတယ်။ အဗ္ဗဒူဟူစိန်ကတော့ အဖော်သူငယ်ချင်း(၃)ယောက်နဲ့အတူ ဘောလုံးပွဲကိုလာကြည့်တာပါ။ အီရတ်ဘောလုံးဝါသနာအိုးတွေ စုဝေးနေတဲ့ ကော်ဖီဆိုင်လေးနာမည်က ခေတ်ဆန်ပါတယ်။ Facebook cafe တဲ့။ ခုနကပြောခဲ့သလိုပါပဲ။ Facebook cafe လေးထဲက အီရတ်တွေအားလုံး တီဗွီဖန်သားပြင်ကိုကြည့်ပြီး ငြိမ်သက်နေကြတယ်။ မကြာခင်မှာပဲ "ဟေး" ဆိုပြီး အော်ဟစ်သံတွေနဲ့အတူ လက်ခုပ်သံတစ်ဖြောင်းဖြောင်းကို ကြားလိုက်ရတယ်။ ပွဲပြီးခါနီးနောက်ဆုံးမိနစ်မှာ ဟော်လန်တိုက်စစ်မှူး ဟန်တယ်လာက ပယ်နယ်တီကနေ မက္ကဆီကိုဘက်ကို အနိုင်ဂိုးသွင်းလိုက်လို့ ကော်ဖီဆိုင်ထဲမှာ ဆူညံသွားရတာပါ။

ပွဲအပြီးမှာ အဗ္ဗဒူဟူစိန်က "ဘောလုံးဟာ ကျွန်တော်တို့အားလုံးကို အတူတကွဖြစ်စေတယ်" ဆိုတဲ့စကားကို ခံစားချက်အပြည့်နဲ့ ပြောလိုက်တယ်။ တကယ်တော့ အခုလို ဘောလုံးပွဲတစ်ပွဲအပေါ် စိတ်နှစ်ထားကာပျော်ရွှင်နေပေမယ့် အဗ္ဗဒူဟူစိန်က သေမင်းနှုတ်ခမ်းဝပေါ် လမ်းလျှောက်နေရသူလို့ဆိုရမယ်။ သူ့ရဲ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်တဲ့ အငှားကားမောင်းတာဟာ ဘဂ္ဂဒက်မြို့ရဲ့အခြေအနေအရ သချိုင်းကို တစ်နေ့(၅)ခါလောက် မျက်စောင်းထိုးနေရသလိုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဘဂ္ဂဒက်မြို့တွင်းက ဗုံးပေါက်ကွဲမှုအတော်များများဟာ ကားဗုံးခွဲမှုတွေဖြစ်နေလို့ပါ။ အသက်ကိုရင်းပြီး စီးပွားရှာစားနေရတဲ့ သူတို့လိုလူတွေအဖို့ ဘောလုံးပွဲတွေဟာ စိုးရိမ်စရာပတ်ဝန်းကျင်ကနေ လွတ်မြောက်စေတယ်လို့လည်း အဗ္ဗဒူဟူစိန်က ဆက်ပြောလိုက်တယ်။

ပြောရမယ်ဆို လက်ရှိအချိန် အီရတ်နိုင်ငံအတွင်း လုံခြုံရေးအခြေအနေတွေက လှုပ်လှုပ်ခတ်ခတ်ရှိနေပါတယ်။ ဆွန်နီစစ်သွေးကြွတွေရဲ့ ဘဂ္ဂဒက်မြို့အနီးတစ်ဝိုက် ဗုံးဖောက်ခွဲမှုတွေကြောင့် အီရတ်စစ်သားတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေဟာ လုံခြုံရေးအခြေအနေကို မနည်းထိန်းနေရတယ်။ ဆွန်နီစစ်သွေးကြွတွေ ဗုံးခွဲလေ့ရှိတဲ့နေရာတွေထဲမှာ ကော်ဖီဆိုင်တွေလည်း အပါအဝင်ပါ။ ပြီးခဲ့တဲ့နှစ်တုန်းကဆို (၆)လအတွင်းမှာ ကော်ဖီဆိုင်(၅၀)နီးပါးလောက် အသေခံဗုံးခွဲခံရမှုတွေ ရှိခဲ့တယ်လို့လည်း သိရတယ်။ ဒါပေမဲ့ အဗ္ဗဒူဟူစိန်တို့လို ဘောလုံးဝါသနာအိုးတွေက ညနေစောင်းပြီဆို ကမ္ဘာ့ဖလားပွဲတွေကြည့်ဖို့ ကော်ဖီဆိုင်တွေဆီ အရောက်လှမ်းနေဆဲပါပဲ။ "ကျွန်တော်တို့ ကြောက်ကြောက်နဲ့ပဲ ဘောလုံးပွဲတွေကို ထိုင်ကြည့်နေကြတာပါ။ တကယ်ဆိုအိမ်မှာလည်းကြည့်လို့ရပေမယ့် အပြင်မှာကြည့်ရတဲ့ ခံစားချက်ကို မမီပါဘူး" လို့ အသက်(၂၁)နှစ်အရွယ် အီရတ်သား အလီက ပြောပါတယ်။ ဘောလုံးကို အီရတ်တွေ ဘာလို့ဒီလောက်အရူးအမူးဖြစ်သွားရတဲ့ အကြောင်းကိုလည်း အလီက ဆက်ပြောပြတယ်။ "ဘောလုံးဟာ အီရတ်သားတွေအတွက် ဘဝတစ်ခုပါပဲ။ ၂၀၀၇ အာရှဖလားမှာ ကျွန်တော်တို့ အီရတ်အသင်း ဗိုလ်စွဲခဲ့ချိန်ကို ပြန်အမှတ်ရနေမိတယ်။ အဲဒီတုန်းက အီရတ်အသင်းရဲ့နောက်မှာ အီရတ်တစ်နိုင်ငံလုံးရှိနေခဲ့ပါတယ်။ ဆွန်နီ၊ ရှီအိုက်၊ အီရတ်စစ်တပ်အားလုံးက အီရတ်ရဲ့အောင်ပွဲကို အတူတကွ မျှော်လင့်ခဲ့ကြတာပါ" တဲ့။ ကမ္ဘာ့ဖလားမပြီးဆုံးသေးသရွေ့ အီရတ်သားတွေရဲ့ ဘောလုံးရောဂါက ပြင်းပြင်းထန်ထန်ရှိနေဦးမှာပါ။ အကြောက်တရားတွေ ရှိနေပေမယ့် လွတ်လပ်စွာရှင်သန်လိုတဲ့ လူသားဆန်မှုကို မျက်ကွယ်ပြုထားလို့မရဘူးဆိုတာ ဘဂ္ဂဒက်မြို့က အီရတ်ဘောလုံးပရိသတ်တွေက သက်သေပြနေတယ်ဆိုရင်…



# ပုပ်ရဟန်းမင်းကြီးပြောတဲ့ စစ်ပွဲတစ်ပွဲ

ပုပ်ရဟန်းမင်းကြီးတစ်ဦးရဲ့တာဝန်က ငြိမ်းချမ်းရေးတရားတွေဟောဖို့ဆိုတာ အားလုံးသိပြီးသားပါ။ လက်ရှိပုပ်ရဟန်းမင်းကြီး ဖရန်ဆစ်တစ်ယောက်ကတော့ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းမှာ မူလအလုပ်ရဲ့ဆန့်ကျင်ဘက် စစ်ပွဲတစ်ပွဲကို ဆင်နွှဲမြဲဖြစ်လာတယ်။ ပုပ်ရဟန်းမင်းကြီးဆင်နွှဲခဲ့ရတဲ့စစ်ပွဲက အသက်တွေနဲ့ရင်းနှီးရတဲ့ စစ်ပွဲတစ်ပွဲတော့ မဟုတ်တဲ့ ရှုံးနိမ့်ခဲ့ရင်ဂုဏ်သိက္ခာတွေ စတေးရမယ့် ဘောလုံးစစ်ပွဲတစ်ပွဲဖြစ်ပါတယ်။ ဘောလုံးအားကစားနည်းကို နှစ်သက်အားပေးသူ အာဂျင်တီးနားနိုင်ငံသား ပုပ်ဖရန်ဆစ်ဟာ ဆွစ်ဇာလန်နဲ့ကစားမယ့် ကမ္ဘာ့ဖလားနုတ်ထွက်ပွဲစဉ်မှာ သူ့ရဲ့မွေးရပ်မြေ အာဂျင်တီးနားဘက်ကနေ အားပေးနိုင်ခဲ့တယ်ဆိုတာ တွေးကြည့်စရာမလိုပါဘူး။ ဒီအချိန်မှာ တိုက်ဆိုင်မှုအဖြစ်ရှိလာတာက ပုပ်ရဟန်းမင်းကြီးသီတင်းသုံးရာ အီတလီနိုင်ငံ ရောမမြို့က Vatican မှာ အစောင့်အကြပ်အဖြစ်ရှိနေတာက ဆွစ်ဇာလန်ကလာတဲ့ စစ်သည်ရဲမက်တွေပါပဲ။ အာဂျင်တီးနား-ဆွစ်ဇာလန်ပွဲမတိုင်ခင်မှာ ပုပ်ရဟန်းမင်းကြီး ဖရန်ဆစ်က "ဒီနေ့ညတော့ ကျွန်တော်တို့ကြားထဲမှာ စစ်ပွဲတစ်ပွဲလိုဖြစ်နေမှာပါပဲ" လို့ ပြောခဲ့ပါတယ်။ Vatican က အစောင့်အကြပ်ရဲမက်တွေဘက်ကလည်း အာဂျင်တီးနား-ဆွစ်ဇာလန် ရှုံးထွက်(၁၆)သင်းအဆင့်ပွဲကို အတူတကွအားပေးဖို့ ပုပ်ရဟန်းမင်းကြီး ဖရန်ဆစ်ကို ဖိတ်ကြားခဲ့ပါတယ်။ ဒါပေမဲ့ ပုပ်ရဟန်းမင်းကြီးဖရန်ဆစ်က ငြိမ်းချမ်းရေးကိုရှေ့ရှုကာ ငြင်းပယ်ခဲ့တယ်လို့ သိရပါတယ်။


RR KABEL wires without worries
RR EARTH
• EARTHING RODS
• EARTHING TAPES
RR LIGHTING
RR INDOASIAN
RR CONDUIT
CLASSIC Wires & Cables



PRODUCT APPROVALS / CERTIFICATE
MADE IN INDIA
ALSO AN UL CERTIFIED COMPANY
UL-USA

Distributor - Classic Wires & Cables Co., Ltd.
Yangon Office: No. 140, 25th St (Middle Block), Pabedan Tsp, Yangon. Tel: 01-251922, 243073, 384481 , www.ramratna.com
Mandalay Branch: No.444, 83rd St., Between 34th and 35th St., Chan Aye Thar San Tsp., Tel: 011201305 Hp: 09 402766060 / 09 5064817

Premier Eleven Sports Journal Vol:11 No.45 6, July, 2014

# ကမ္ဘာ့ဖလားနဲ့ ပန်းသီးပုပ်ဇာတ်လမ်းတွဲ

ကျော်ရင်

ဘရာဇီးလ်ဟာ ၁၉၆၂ နဲ့ ၁၉၇၀ ကမ္ဘာ့ဖလားမှာ ဗိုလ်စွဲနိုင်ခဲ့ပါတယ်။ အင်္ဂလန်နဲ့ ဂျာမနီက ဘရာဇီးလ်ရဲ့ လွှမ်းမိုးမှုကိုရပ်တန့်ပစ်ဖို့ လျှို့ဝှက်ပူးပေါင်း ကြံစည်ခဲ့တယ်လို့ ဟားဗလန့်ချ်က ဆိုပါတယ်. . .


Photo : AFP, Dailymail

ခရီအေးရှား ၄-၀ ကင်မရွန်း။ ၂၀၁၄ ကမ္ဘာ့ဖလား အုပ်စု(A)က ပွဲတစ်ပွဲဖြစ်ပါတယ်။ ဒီပွဲကို(လုပ်ပွဲဖန်တီးသူလို့ယူဆရတဲ့)စင်ကာပူနိုင်ငံသား ပါရှမယ်က အတိအကျခန့်မှန်းနိုင်ခဲ့တဲ့နောက်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲကြီး ရုတ်ရုတ်သဲသဲဖြစ်သွားပါတယ်။ ဒီဖြစ်ရပ်ကို ဇာတ်ရည်လည်အောင်ရှင်းပြရရင် ဂျာမနီထုတ် Der Spiegel မဂ္ဂဇင်းရဲ့ ဂျာနယ်လစ်တစ်ဦးဖြစ်တဲ့ ရာဖေးလ် ဘက်ရှ်မန်းဟာ သတင်းကို မုဆိုးလိုခြေရာခံလိုက်ရင်း လုပ်ပွဲဖန်တီးသူလို့ယူဆရတဲ့ ပါရှမယ်ကို Facebook လူမှုကွန်ရက်မှာတွေ့ရှိခဲ့တယ်။ ပါရှမယ်နဲ့ Facebook မှာ ရင်းနှီးအောင်လုပ်ပြီး သတင်းနှိုက်ရာမှာ ပါရှမယ်ဆီက ကင်မရွန်းရဲ့ လုပ်ပွဲသတင်းထွက်လာပါတယ်။ ပါရှမယ်က ခရီအေးရှား-ကင်မရွန်းပွဲကို ရလဒ်အတိအကျခန့်မှန်းနိုင်ခဲ့ရုံမက ကင်မရွန်းအသင်းမှာ ပန်းသီးပုပ် (၇)လုံးရှိတယ်လို့ လုပ်ပွဲဖန်တီးသူတွေနဲ့ ချိတ်ဆက်ထားတဲ့ ကင်မရွန်းကစားသမားတွေကို ရည်ညွှန်းပြီး ပြောခဲ့တယ်။ ဒါကို ဂျာနယ်လစ်ဘက်ရှ်မန်းက သတင်းတည့်ဆောက် ရေးသားခဲ့ပြီး Der Spiegel မဂ္ဂဇင်းက ဖော်ပြခဲ့တယ်။ ဒီနောက်မှာတော့ ကမ္ဘာ့မီဒီယာတွေမှာ ရှုန်းရှုန်းဝေအောင် ကိုးကားဖော်ပြလာပြီး ကင်မရွန်း ဘောလုံးအဖွဲ့ချုပ်ကိုယ်တိုင် စုံစမ်းစစ်ဆေးမယ့် အခြေအနေ ရောက်လာတာပါ။ သတင်းရဲ့ သားကောင်ဖြစ်နေတဲ့ ပီရှမယ်ကတော့ ပြန်ငြင်းပါတယ်။ ဖော်ပြခဲ့တဲ့ အကြောင်းအရာတွေက သူပြောခဲ့တာ မှန်ပေမယ့် ဘက်ရှ်မန်းနဲ့ သူ Facebook မှာ Friend ဖြစ်တာ ဇွန်လ (၂၁)ရက်နေ့မှာ။ ခရီအေးရှား-ကင်မရွန်းပွဲက (၁၉)ရက်နေ့မှာ ကန်တာဖြစ်လို့ ပွဲပြီးတာ(၂) ရက်တောင်ရှိသွားခဲ့ပြီလို့ ပြန်လည်ဖြေရှင်းခဲ့ပါတယ်။ Der Spiegel မဂ္ဂဇင်းနဲ့ ဂျာနယ်လစ်ဘက်ရှ်မန်းကတော့ သတင်းခိုင်မာမှုကို ဆက်လက်အာမခံခဲ့ပါတယ်။

ဒီလုပ်ပွဲသတင်းဟာ မဖော်ထုတ်နိုင်သေးတဲ့ ကမ္ဘာ့ဖလားလုပ်ပွဲသတင်းတွေထဲက သေးငယ်တဲ့ အစိတ်အပိုင်းတစ်ခုသာဖြစ်ပါတယ်။ တကယ်တမ်း ကမ္ဘာ့ဖလားရဲ့ သမိုင်းကြောင်းကိုပြန်လှန်ကြည့်ရင် လုပ်ပွဲသံသယဆိုတာ တသီတတန်း မဆုံးနိုင်အောင်ရှိနေခဲ့တာပါ။

ကမ္ဘာ့ဖလားလုပ်ပွဲသံသယမီးကို မီးပေါင်မြှင့်ပေးခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးက ဖီဖာဥက္ကဋ္ဌဟောင်း ဟားဗလန့်ချ်ဖြစ်ပါတယ်။ သူက ၂၀၀၈ ခုနှစ်အတွင်း ဘရာဇီးလ်သတင်းဌာနတစ်ခုနဲ့ အင်တာဗျူးပြုလုပ်ရာမှာ ၁၉၆၆ နဲ့ ၁၉၇၄ ကမ္ဘာ့ဖလားတွေဟာ လုပ်ပွဲတွေဖြစ်တယ်။ အင်္ဂလန်နဲ့ (အနောက်)ဂျာမနီကိုတော့ လုပ်ပွဲပူးပေါင်းဖန်တီးသူတွေဖြစ်တယ်လို့ စွပ်စွဲခဲ့ပါတယ်။ ၁၉၆၀ ကျော်ကာလတွေကိုပြန်ကြည့်ရင် ဘရာဇီးလ်နဲ့ ဂန္ထဝင်တိုက်စစ်မှူးပီလီတို့ကို ရပ်တန့်မရနိုင်တဲ့အချိန်ပါ။ ဘရာဇီးလ်ဟာ ၁၉၆၂ နဲ့ ၁၉၇၀ ကမ္ဘာ့ဖလားမှာ ဗိုလ်စွဲနိုင်ခဲ့ပါတယ်။ အင်္ဂလန်နဲ့ ဂျာမနီက ဘရာဇီးလ်ရဲ့ လွှမ်းမိုးမှုကိုရပ်တန့်ပစ်ဖို့ လျှို့ဝှက်ပူးပေါင်း ကြံစည်ခဲ့တယ်လို့ ဟားဗလန့်ချ်က ဆိုပါတယ်။ ၁၉၆၆ အင်္ဂလန်ကမ္ဘာ့ဖလားမှာ ဘရာဇီးလ် အုပ်စုအဆင့်ကထွက်ခဲ့ရတယ်။ ဘရာဇီးလ်ရဲ့ အုပ်စုနံပါတ်(၃)မှာ ပေါ်တူဂီ၊ ဟန်ဂေရီ၊ ဘူလ်ဂေးရီးယားတို့ပါဝင်ခဲ့ပါတယ်။ ဟန်ဂေရီ၊ ဘူလ်ဂေးရီးယားတို့ဟာ ဘရာဇီးလ်ရဲ့ Backbone ဖြစ်နေတဲ့ ပီလီကို အကြိမ်ကြိမ်ကြမ်းကြမ်းတမ်းတမ်းကစားခဲ့ရာမှာ နောက်ဆုံးပီလီဒဏ်ရာရပြီး ကွင်းထဲက ထွက်သွားရတယ်။ ဒိုင်အဖွဲ့က ဖြစ်ဒဏ်ကျူးလွန်မှုတွေကို လျစ်လျူရှုပေးခဲ့ပါတယ်။ ဘရာဇီးလ်ကစားခဲ့တဲ့ အုပ်စု(၃)ပွဲကိုကြည့်ရင် ကွင်းလယ်ဒိုင်(၃)ဦးနဲ့ စည်းကြပ်ဒိုင်(၆)ဦး၊ ပေါင်း(၉)ဦးမှာ အင်္ဂလန်နိုင်ငံက(၇)ဦး၊ ဂျာမနီနိုင်ငံက(၂)ဦးဖြစ်ခဲ့တာတွေရှိမှာပါ။ အဲဒီနောက်မှာတော့ အင်္ဂလန်နဲ့ ဂျာမနီ ဗိုလ်လုပွဲတက်သွားခဲ့ပြီး အင်္ဂလန်အသင်းက ဗိုလ်စွဲခဲ့ပါတယ်။ ဗိုလ်လုပွဲလမ်းကြောင်းမှာလည်း အင်္ဂလန်နဲ့ ဂျာမနီဟာ အပြန်အလှန်ကူညီခဲ့ကြတယ်။ အင်္ဂလန်နဲ့ အာဂျင်တီးနားတို့ရဲ့ ကွာတားဖိုင်နယ်မှာ ဂျာမနီကွင်းလယ်ဒိုင်က အာဂျင်တီးနားအသင်းခေါင်းဆောင်ရတ်တင်ကို ထုတ်ပယ်ခဲ့တယ်။ ဂျာမနီနဲ့ ဥရုဂွေးတို့ရဲ့ ကွာတားဖိုင်နယ်မှာတော့ အင်္ဂလန်ကွင်းလယ်ဒိုင်က ဥရုဂွေးကစားသမား(၂)ဦးကို ထုတ်ပယ်ခဲ့ရုံမက သေချာပေါက်ဂိုးတဲ့ ဥရုဂွေးရဲ့ကန်သွင်းချက်ကို ဂျာမနီကစားသမားလက်နဲ့ပုတ်ထုတ်ခဲ့တာကိုလည်း မသိကျိုးကျွံပြုပေးခဲ့ပါတယ်။ ၁၉၇၄ ဂျာမနီကမ္ဘာ့ ဖလားမှာတော့ ၁၉၆၆ အိမ်ရှင်နဲ့ ချန်ပီယံဖြစ်တဲ့ အင်္ဂလန်က ဂျာမနီကို ကျေးဇူးပြန်ဆပ်ဖို့ဖြစ်လာပါတယ်။ အုပ်စုဒုတိယအဆင့် နောက်ဆုံးပွဲဖြစ်တဲ့ ဟော်လန်-ဘရာဇီးလ် ပွဲဟာ ဗိုလ်လုပွဲနဲ့ တတိယနေရာလုပွဲ လမ်းကြောင်းအဆုံးအဖြတ်ဖြစ်နေတယ်။ အင်္ဂလန်ကွင်းလယ်ဒိုင် တာဝန်ယူခဲ့တဲ့ ဒီပွဲမှာ ဟော်လန်က ဘရာဇီးလ်ကို(၂-၀)ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ ဘရာဇီးလ်က တတိယနေရာလုပွဲရောက်သွားပြီး ဂျာမနီက ဟော်လန်ကို ဗိုလ်လုပွဲမှာ အနိုင်ယူကာ ဗိုလ်စွဲခဲ့ပါတယ်။ ဘရာဇီးလ်လူမျိုးတစ်ဦးဖြစ်နေပြီး အသက်(၉၂)နှစ်အရွယ်ရောက်မှပြောခဲ့တဲ့ ဟားဗလန့်ချ်ရဲ့ စကားက အမှန်ဘယ်နှစ်ရာခိုင်နှုန်းပါမလဲတော့ မသိပါဘူး။ တချို့ကလည်း အမှန်ဆိုရင်တောင် ဒီလျှို့ဝှက်ချက်ကို ဘာလို့ဆယ်စုနှစ်ပေါင်းများစွာ ဖုံးကွယ်ထားသလဲလို့ မေးခွန်းထုတ်ကြတယ်။ တချို့ကလည်း ဟားဗလန့်ချ်ဟာ ဘရာဇီးလ် လူမျိုးဖြစ်လို့ ဘရာဇီးလ်အတွက်နာပြီး စွပ်စွဲခဲ့တာလို့ဆိုတယ်။ တချို့ကလည်း ဟားဗလန့်ချ် ပြောစကားဟာ ကြောင်းကျိုးဆီလျော်မှုရှိတယ်လို့ သုံးသပ်ကြပါတယ်။

၁၉၇၈ ကမ္ဘာ့ဖလားမှာလည်း နိုင်ငံရေးနဲ့ ဆက်နွှယ်တဲ့ လုပ်ပွဲဖန်တီးမှုဖြစ်ခဲ့ပြန်တယ်။ ခံရတာကတော့ ဘရာဇီးလ်ပါပဲ။ ဒီမှာလည်း ဘရာဇီးလ်က အုပ်စုဒုတိယအဆင့် ပွဲကုန်ကစားပြီး ရမှတ်(၅)မှတ် ဂိုးကွာခြားချက်(+၅)နဲ့ ဦးဆောင်ခဲ့တယ်။ ဒါပေမဲ့ အချိန်နာရီပိုင်းခြားတဲ့ အာဂျင်တီးနားပွဲအဖြေကို စောင့်ကြည့်ရဦးမယ်။ အာဂျင်တီးနားက ဒီပွဲကိုအနိုင်ရရင် (၅)မှတ်ဖြစ်ဖို့ရှိပေမယ့်ဂိုးကွာခြားချက်နည်းနေတယ်။ ဘရာဇီးလ်ကို ကျော်တက်ဖို့ဆိုရင် အနိမ့်ဆုံး(၄)ဂိုးသွင်းနိုင်မှရမယ်။ ကစားရမှာက ပီရူးနဲ့။ အဲဒီကာလရဲ့ နိုင်ငံရေးအခြေအနေကို ပြန်ပြောင်းကြည့်ရင် အာဂျင်တီးနားမှာ အာဏာရှင်စီဒယ်လာ အာဏာရတာ (၂)နှစ်ပဲရှိသေးတယ်။ သူက နိုင်ငံရေးသိက္ခာတက်ဖို့ ကမ္ဘာ့ဖလားကို လိုအပ်နေတယ်။ အခြားတစ်ဖက်မှာလည်း ပီရူးသမ္မတဘာမူဒက်ဇ်က အတိုက်အခံနိုင်ငံရေးသမား(၁၃)ဦးကို ပြည်နှင်ဒဏ်ပေးရာမှာ အာဂျင်တီးနားက လက်ခံပြီး ထောင်သွင်းအကျဉ်းချပေးဖို့ စီဒယ်လာကို တောင်းဆိုထားတယ်။ ဒီမှာ အာဂျင်တီးနား အာဏာရှင် စီဒယ်လာနဲ့ ပီရူးသမ္မတတို့ လက်ဝါးချင်းရိုက်လိုက်ကြပါတယ်။ ပီရူးက အာဂျင်တီးနားလိုသလောက်ဂိုးနဲ့ အရှုံးပေးမယ်။ အာဂျင်တီးနားက ပီရူးအတိုက်အခံနိုင်ငံရေးသမားတွေကို အကျဉ်းသားအဖြစ်လက်ခံမယ်။ တကယ်ပွဲကစားတော့ အာဂျင်တီးနားဟာ ပီရူးကို (၆)ဂိုးပြတ်အနိုင်ရခဲ့တယ်။ ဂိုးကွာခြားချက် (+၈) အထိရသွားပြီး ဘရာဇီးလ်ကိုကျော်၊ ဗိုလ်လုပွဲကိုတက်သွားခဲ့ပါတယ်။ ဗိုလ်လုပွဲမှာ ဟော်လန်ကိုနိုင်ပြီး ဗိုလ်စွဲနိုင်ခဲ့တာကြောင့် အာဂျင်တီးနား အာဏာရှင် စီဒယ်လာရဲ့ ဆန္ဒလည်းပြည့်ဝခဲ့ပါတယ်။ အာဂျင်တီးနား-ပီရူးပွဲကို အရင်က သံသယသာရှိခဲ့ပေမယ့် ၂၀၁၂ ခုနှစ်မှာတော့ ပီရူးလွှတ်တော်အမတ်တစ်ဦးဖြစ်တဲ့ ဂျီနာရိုလီဒက်စ်မာက အတည်ပြုခဲ့ပါတယ်။ ပီရူးက ဘောလုံးထက် သူပုန်ကိစ္စ(နိုင်ငံရေးအတိုက်အခံ)ကို ရှေ့တန်းတင်ခဲ့ရသလို၊ အာဂျင်တီးနားအာဏာရှင် စီဒယ်လာကလည်း ဘောလုံးကလွဲပြီး တခြားညှိနှိုင်းမှုကိုလက်မခံခဲ့ဘူးလို့ ဝန်ခံခဲ့ပါတယ်။

တစ်ဆက်တည်းပဲ ၁၉၈၂ ကမ္ဘာ့ဖလား ရောက်ပြန်တော့လည်း အုပ်စုပထမအဆင့်က ဩစတြီးယား-ဂျာမနီပွဲဟာ လုပ်ပွဲလို့ဆိုကြပြန်တယ်။ ဒီပွဲမှာ (၁-၀)ဂိုးနဲ့ ဂျာမနီနိုင် ဆိုတဲ့ရလဒ် အတိအကျထွက်ပေါ်ခဲ့ရင် ဩစတြီးယားနဲ့ ဂျာမနီ (၂)သင်းစလုံး အုပ်စုဒုတိယအဆင့်ကို တက်နိုင်မှာဖြစ်ပါတယ်။ တကယ်လည်း ဒီရလဒ်ပဲထွက်ပေါ်ခဲ့တယ်။ ဂျာမနီဟာ ပွဲချိန်(၁၁)မိနစ်မှာ ဂိုးရခဲ့ပြီး ကျန်ပွဲချိန်တွေမှာတော့ လေ့ကျင့်ခန်းဆင်းသလို (၂)သင်းစလုံးကစားသွားခဲ့ပါတယ်။ နစ်နာသွားတာက အယ်လ်ဂျီးရီးယား။ ဩစတြီးယား၊ ဂျာမနီတို့နဲ့ အမှတ်တူခဲ့ပေမယ့် ဂိုးကွာခြားချက်နဲ့ အုပ်စုကထွက်ခဲ့ရပါတယ်။ အယ်လ်ဂျီးရီးယားက ဒီ(၂)သင်းညှိနှိုင်းပြီး လိုအပ်တဲ့ရလဒ် ထွက်အောင်ဖန်တီးသွားခဲ့ကြောင်း ဖီဖာကို စောဒကတက်ခဲ့သေးပေမယ့် ဖီဖာက (၁-၀)ဂိုး ရလဒ်ကိုအတည်ပြုခဲ့ပါတယ်။ လက်ရှိ ၂၀၁၄ ကမ္ဘာ့ဖလား ရှုံးထွက်အဆင့်မှာ ဂျာမနီနဲ့ အယ်လ်ဂျီးရီးယားတို့ ဆုံတွေ့ခဲ့တော့ မီဒီယာတချို့က ဒီရန်ငြိုးဟောင်းကို ပြန်ဖွခဲ့ကြသေးတယ်။ အယ်လ်ဂျီးရီးယားကလည်း ဂျာမနီနဲ့ အဆင့်ချင်းကွာပေမယ့် သွေးကြွေးအတွက် ကျားကုတ်ကျားခဲ ကစားခဲ့တာကြောင့် အချိန်ပိုအထိကစားပြီးမှ ဂျာမနီ အနိုင်ရခဲ့ပါတယ်။

၂၀၀၂ ကမ္ဘာ့ဖလားမှာလည်း ပူးတွဲအိမ်ရှင်တောင်ကိုရီးယား ဆီမီးဖိုင်နယ်တက်ခဲ့ပြီး စတုတ္ထရခဲ့တာမှာ လမ်းကြောင်းတစ်လျှောက် ကွင်းလယ်ဒိုင်ရဲ့ ဖေးမမှုတွေအများအပြားရခဲ့တယ်။ လုပ်ပွဲလို့မစွပ်စွဲလိုပေမယ့် သံသယဖြစ်စရာကောင်းခဲ့တာတော့ အမှန်ပါပဲ။ ၂၀၀၆ ကမ္ဘာ့ဖလားမှာ ပြင်သစ်နဲ့ ဘရာဇီးလ် ကွာတားဖိုင်နယ်မှာတွေ့ဆုံတော့ ပြင်သစ်က ဘရာဇီးလ်ကို ဒေါ်လာ(၂၅)သန်းပေးပြီး အရှုံးပေးစေခဲ့တယ်လို့ ပေါက်ကြားခဲ့တဲ့ အီးမေးလ်တစ်စောင်မှာတွေ့ရတယ်။ အဲဒီအချိန်က ကမ္ဘာ့ဖလားမှာ ဗိုလ်စွဲရင်တောင် ဒေါ်လာ(၂၅)သန်းမရနိုင်တာကြောင့် ဘရာဇီးလ်က လက်ခံပြီးအရှုံးပေးခဲ့ပါတယ်။ ပြင်သစ်က (၁-၀)ဂိုးနဲ့အနိုင်ရခဲ့တာဖြစ်ပြီး ရော်နယ်လ်ဒို၊ ရော်နယ်လ်ဒင်ဟို၊ ကာကာတို့လို ပါရမီရှင်တွေပါတဲ့ ဘရာဇီးလ်က ဂိုးပေါက်ခြိမ်းခြောက်မှု တစ်ကြိမ်ပဲပြုလုပ်နိုင်ခဲ့တယ်။ ဒီပွဲအပြီးမှာ ဘရာဇီးလ်ကစားသမားတစ်ဦးမှ သတင်းစာရှင်းလင်းပွဲ မတက်ခဲ့တော့ လုပ်ပွဲသံသယကို ပိုပြီးခိုင်မာစေသလိုဖြစ်ခဲ့ပါတယ်။

နောက်ဆုံးကစားခဲ့တဲ့ ၂၀၁၀ ကမ္ဘာ့ဖလား၊ ပြိုင်ပွဲမတိုင်ခင်မှာ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (FA)ဥက္ကဋ္ဌ ထရီးစ်မန်းက စပိန်ဘောလုံးအာဏာပိုင်တွေဟာ ၂၀၁၀ ကမ္ဘာ့ဖလားအတွက် ဒိုင်လူကြီးတွေကို တံစိုးလက်ဆောင်ပေးပြီး စည်းရုံးနေတယ်ဆိုတဲ့ပြောကြားမှု ပေါက်ကြားခဲ့တာကြောင့် ရာထူးက နုတ်ထွက်ခဲ့ရတယ်။ အဲဒီ ကမ္ဘာ့ဖလားမှာ စပိန်ရဲ့ အဓိကပြိုင်ဘက်လို့ သတ်မှတ်ခဲ့တာ ဂျာမနီ။ အုပ်စုအဖွင့်ပွဲမှာ ဂျာမနီကစားသမားတစ်ဦးကို စပိန်ကွင်းလယ်ဒိုင်က အနီကတ်ပြထုတ်ပယ်ခဲ့ပြီး ဂျာမနီကလည်း ဆာဘီးယားကို (၁-၀)ဂိုးနဲ့ ရှုံးခဲ့တယ်။ ဒါပေမဲ့ ဂျာမနီဟာ အုပ်စုကတက်ခဲ့ပြီး ဆီမီးဖိုင်နယ်မှာ စပိန်နဲ့ဆုံတွေ့ခဲ့တယ်။ ဒီမှာလည်း စပိန်က ဂျာမနီကို (၁-၀)ဂိုးနဲ့ အနိုင်ယူသွားခဲ့ပြီး ဗိုလ်လုပွဲကို တက်နိုင်ခဲ့ရုံမက၊ ၂၀၁၀ ကမ္ဘာ့ဖလားရဲ့ ချန်ပီယံလည်းဖြစ်ခဲ့ပါတယ်။ ထရီးစ်မန်းပြောတဲ့ ဒိုင်လူကြီးတွေရဲ့အကူအညီနဲ့လားဆိုတာတော့ . . .

Premier Eleven Sports Journal Vol:11 No.45 6, July, 2014

ဒီတစ်ပတ်သတင်းလူသားကတော့ ဆွာရက်ဇ်ဆိုတာ သေချာနေသည်။ ချီလီနီကို ကိုက်ခဲ့သော ဆွာရက်ဇ်က ကမ္ဘာ့မီဒီယာလောကကို သိမ်းပိုက်လိုက်သည်။ ဆွာရက်ဇ် မှန်လား၊ မှားလားဆိုတဲ့ ဇာတ်လမ်းကြားမှာ မျှောပါခဲ့ကြသည်။ သူ့ရဲ့လုပ်ရပ်အပေါ်၊ ကျခံခဲ့ရသော ပြစ်ဒဏ်အပေါ် ပြောဆိုသုံးသပ်မှုတွေက အဆုံးမသတ်သေးခင်မှာပဲ သူနှင့်ပတ်သက်သော အပြောင်းအရွှေ့သတင်းတွေက ခပ်များများမြင်လာရသည်။ ဆွာရက်ဇ်ကို ဘာစီလိုနာက ခေါ်နိုင်တော့မည်ဆိုသောသတင်းက အမှန်ဖြစ်လာမည်လား။

# တစ်ပတ်အတွင်း ရင်ခုန်စရာသတင်းအချို့ကိုခံစားခြင်း


Photos : AFP

ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်ရုပ်ပုံရှေ့တွင် လှောင်ပြောင်၍ဓာတ်ပုံအရိုက်ခံနေသည့် ပရိသတ်တစ်ဦး



## ဆွာရက်ဇ်နှင့် မေးခွန်းများစွာ

ဆွာရက်ဇ် မှန်လား၊ မှားလား။ ဒီရက်ပိုင်းအတွင်း၊ လူပြောသူပြောများနေသည့် ပြဿနာဖြစ်သည်။ ဆွာရက်ဇ်ဘက်မှာ ရပ်တည်ခဲ့သူတွေက ဥရုဂွေးဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများ၊ ဥရုဂွေးသမ္မတနှင့် ပြည်သူအချို့၊ ဥရုဂွေးအသင်းသားအချို့၏ ဇနီးမယားများ။ ဒီကြားထဲ အကိုက်ခံရသူ ချီလီနီကိုယ်တိုင် ပါဝင်ခဲ့သည်က ထူးဆန်းပါပေ့လို့ဆိုရမည်။ ဒါကလည်း ဆွာရက်ဇ် နိုင်ငံတကာပွဲကစားခွင့် (၉)ပွဲ၊ ဘောလုံးလောကနှင့်ပတ်သက်ခွင့် (၄)လပိတ်ပင်ခံရသည့် ပြစ်ဒဏ်ချမှတ်ခဲ့ပြီးမှ ထွက်ပေါ်လာသော ထောက်ခံမှုများ။ ဆွာရက်ဇ်ဘက်မှာရှိမနေသူတွေထဲမှာ ဗြိတိန်မီဒီယာတွေက ထိပ်ဆုံးမှာ ရှိနေသည်။ တချို့ကလည်း အင်္ဂလန်နှင့်ပွဲတွင် အနိုင်ဂိုးသွင်းခဲ့သည့် ဆွာရက်ဇ်ကို ဗြိတိန်မီဒီယာတွေ လက်စားပြန်ချေခြင်းလို့ဆိုကြသည်။ ဆွာရက်ဇ်မှန်လား၊ မှားလားဆိုတာကို ယတိပြတ် မဆုံးဖြတ်နိုင်သူတွေလည်း ရှိခဲ့သည်။ ဒါတွေက ဆွာရက်ဇ်တကယ်ကိုက်ခဲ့ရဲ့လားလို့ သံသယဝင်နေသောကြောင့် ဖြစ်လိမ့်မည်။ ကာယကံရှင်ဖြစ်သူ ဆွာရက်ဇ်ကိုယ်တိုင် ဝန်ခံလိုက်တော့မှ ဆွာရက်ဇ်မှားသည်ဟု ဆိုချင်သူတွေများလာခဲ့သည်။ တချို့ကလည်း ဆွာရက်ဇ်မှားသည်။ ဒါပေမဲ့ သူကျခံခဲ့ရသောပြစ်ဒဏ်က သူ့လုပ်ရပ်နှင့်မမျှဟု ဆိုကြသည်။ ပြိုင်ဘက်ကစားသမားကို ကစားသမားဘဝမှ အနားယူခဲ့ရသည့်အထိ ရည်ရွယ်ချက်ရှိရှိ ကြမ်းခဲ့သော မန်ယူကွင်းလယ်လူဟောင်းရွိုင်ကင်းလို လုပ်ရပ်မျိုးနဲ့ယှဉ်ရင် ဆွာရက်ဇ်ရဲ့လုပ်ရပ်က ဘာမှမဟုတ်ဟု ဆိုချင်ကြသည်။ တခြားတစ်ဖက်က လှည့်စဉ်းစားကြည့်ရင်တော့ ယောက်ျားသားချင်းကစားကြတဲ့ပွဲမှာ ယောက်ျားဆန်ဆန် မကျေနပ်မှုများကို ပါးပါးနပ်နပ်လေး တုံ့ပြန်ကြသူတွေအများကြီး။ Fair Play ဆိုသောသဘောကို ကျော်လွန်ခဲ့သည့် ဘောလုံးလူဆိုးကြီးများက ဘောလုံးလောကမှာ ဒုနှင့်ဒေး။ ဒါပေမဲ့ သူတို့လုပ်ရပ်က ကြမ်းသည်မှန်သော်လည်း ဆွာရက်ဇ်လိုမျိုး သေးသိမ်သောလုပ်ရပ် ကိုက်ခြင်းမျိုးနှင့် မတူညီသည်မှာအမှန်။ ပြီးတော့ သူ့ကိုခွင့်လွှတ်ရမလားလို့ တွေးကြည့်ပြန်တော့လည်း ဆွာရက်ဇ်က အခုမှ ပထမဆုံးအကြိမ်ကိုက်ခဲ့ခြင်း မဟုတ်။ ချီလီနီကို ကိုက်ခဲ့ခြင်းက သူ့အတွက် (၃)ကြိမ်မြောက်ဖြစ်နေသည်။ ဒီတော့ ဆွာရက်ဇ်ကို ခွင့်လွှတ်ရမည်လား။

ဆွာရက်ဇ်အကြောင်းပဲ ဆက်ပြောပါရစေ။ ဘာစီလိုနာကို ပြောင်းတော့မည်ဆိုသောသတင်းများနှင့်ပတ်သက်၍ဖြစ်သည်။ အစတော့ ဆွာရက်ဇ်ကို ဘာစီလိုနာနှင့် ရီးယဲလ်အသင်းတို့က ပေါင်သန်း(၁၀၀)ဝန်းကျင်ဖြင့် အပြိုင်ခေါ်မည်ဟု သတင်းများထွက်ခဲ့သည်။ ချီလီနီကို ဆွာရက်ဇ်ကိုက်ခဲ့ပြီးချိန်မှာတော့ ရီးယဲလ်က ဆွာရက်ဇ်ကို လက်ရှောင်သွားသည်။ ဘာစီလိုနာကပဲ ဆက်လက်ကြိုးပမ်းခဲ့သည်။ အခုရက်ပိုင်းအတွင်းမှာတော့ ဘာစီလိုနာကို ဆွာရက်ဇ် ရောက်လုနီးပြီဟု မီဒီယာတွေကရေးနေကြသည်။ ဒီအချိန်တွင် ဆွာရက်ဇ်နှင့် ဘာစီလိုနာအသင်းကြားက ကနဦးသဘောတူညီချက်တစ်ခုကို မြင်ခဲ့ရသည်။ ချီလီနီနှင့်ကိစ္စတွင် မိမိများကြောင်း လူသိရှင်ကြားဝန်ခံခဲ့သော ဆွာရက်ဇ်ကို ဘာစီလိုနာအားကစားဒါရိုက်တာ ဇူဘီဇာရက်တာက ချီးကျူးခဲ့ခြင်းဖြစ်သည်။ ဒါက ရင်ထဲလာသောစကားလား။ ဘာစီလိုနာသို့ ဆွာရက်ဇ်လာရန် မြူဆွယ်ခြင်းတစ်မျိုးလားဆိုတာ ဇူဘီဇာရက်တာပဲ သိနိုင်လိမ့်မည်။ ဆွာရက်ဇ်ကို ဘာစီလိုနာခေါ်ယူမည်ဆိုသောသတင်းများနှင့် ဆက်စပ်၍ စဉ်းစားမိတာတွေလည်း ရှိလာသည်။ ဇာတ်ရှုပ်တွေနဲ့ ဘာစီလိုနာအသင်း ပတ်သက်နေခြင်းကို ဖြစ်သည်။ ပြီးခဲ့သည့်ရာသီက ဘာစီလိုနာအသင်းမှာ ရှုပ်ခဲ့သည့်ဇာတ်တွေက မနည်းမနော။ နေမာ၏ ပြောင်းရွှေ့ကြေးနှင့် ပတ်သက်ပြီး ထင်သာမြင်သာမရှိခဲ့သော ဘာစီလိုနာဥက္ကဋ္ဌ ရိုဆဲလ် ရာထူးမှထွက်ခွာသွားရခြင်း၊ မက်ဆီ၏ အခွန်ရှောင်လွှဲမှု ပြဿနာကို ရင်ဆိုင်ခဲ့ရခြင်းများက ဘာစီလိုနာကျဆုံးမှုတွင် တစ်စိတ်တစ်ပိုင်းဖြစ်ခဲ့ရသည်။ အခုလည်းကြည့်ဦး။ ဘောလုံးသမားဘဝတစ်လျှောက် ပြဿနာများဖြင့် နာမည်ပျက်ခဲ့သည့် ဆွာရက်ဇ်လိုလူစားမျိုးကို ခေါ်ချင်နေသည်က မေးခွန်းထုတ်စရာ။ ဆွာရက်ဇ်က သူ့ရဲ့အကျင့်ဆိုးတွေကို ပြင်နိုင်ခဲ့ရင်တော့ ဘာစီလိုနာအတွက် ကောင်းမည်။ မဟုတ်ရင်တော့ . . .

## ဘောလုံးကိုပိုချစ်လာသောအမေရိကန်

အမေရိကန်တွေ ဘောလုံးကို ပိုစိတ်ဝင်စားလာတာ သေချာသည်။ အခုကမ္ဘာ့ဖလားမှာ အမေရိကန်ပြည်သူများရဲ့ ကမ္ဘာ့ဖလားရောဂါပိုးက မသေး။ သူတို့အသင်းက အုပ်စုအဆင့်ကို ကျော်ဖြတ်ကာ ရှုံးထွက်အဆင့်ကို ရောက်ခဲ့တော့ သူတို့ရဲ့ရောဂါက ပိုဆိုးလာပုံရသည်။ ပြီးခဲ့သည့် ဘယ်လ်ဂျီယံနှင့် ရှုံးထွက်(၁၆)သင်းအဆင့်ပွဲကို အားပေးကြလိုက်သည်မှာ လှည်းနေလှေအောင်း မြင်းဇောင်းမကျန်လို့ တင်စားရမည်။ အမေရိကန်သမ္မတကြီး အိုဘားမားမှစကာ အနုပညာရှင်များ၊ အားကစားသမားများ၊ သာမန်ပြည်သူများစသဖြင့် အလျှာမျိုးစုံသည်။ ဘက်စကက်ဘောနှင့် အမေရိကန်ရပ်ဘီတို့သာ ကြီးစိုးခဲ့သော အမေရိကန်ပြည်တွင်းတွင် ဘောလုံးက ပိုပြီးနေရာယူလာပြီဟု ဆိုချင်သည်။ ဒီအချက်ကို သက်သေပြခဲ့သည်က အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားခဲ့သော အမေရိကန်-ဂျာမနီပွဲတွင် ရုပ်သံမှကြည့်ရှုသည့် ပြည်တွင်းပရိသတ်(၁၅)သန်းအထိရှိနေခဲ့ခြင်းဖြစ်သည်။


Photo : Reuters

ဘယ်လ်ဂျီယံ-အမေရိကန်ပွဲအား ရုပ်သံမှတစ်ဆင့်ကြည့်ရှုအားပေးနေသည့် အမေရိကန်သမ္မတ အိုဘားမား

## ဗန်ဟားလ်ရဲ့ စားသွားပေါ်က ပျားရည်စက်

ဗန်ဟားလ်အတွက် ဥရောပရဲ့ နွေရာသီက လှုပ်လှုပ်ရှားရှား ဟော်လန်နှင့်အတူ ကမ္ဘာ့ဖလားပွဲထွက်ရလဒ်များက အားရစရာ။ ကမ္ဘာ့ဖလားပြီးရင် ဟော်လန်နှင့်လမ်းခွဲမည့် ဗန်ဟားလ်က အကောင်းဆုံးအရာများ ချန်ထားခဲ့မည်လား။ ဟော်လန်နှင့် လမ်းခွဲပြီးချိန်တွင် တာဝန်ယူရမည့် မန်ယူကလည်း ပြင်ဆင်မှုများစွာဖြင့် သူ့ကိုစောင့်ကြိုနေသည်။ စိန်ခေါ်မှုအသစ်ဖြစ်သော ပရီးမီးယားလိဂ်ရပ်ဝန်းတွင် ဗန်ဟားလ် အဆင်ပြေမည်လား။ ဗန်ဟားလ်တာဝန်ယူရမည့် မန်ယူက ယမန်နှစ်တွင် ကျဆင်းမှုများကြုံတွေ့ခဲ့ရသည်။ ဥရောပပြိုင်ပွဲဝင်ခွင့်ပင် မရခဲ့။ ဗန်ဟားလ်အတွက် အားတက်စရာများတော့ ရှိနေသည်။ လုခ်ရှော၊ ဟာရဲရားတို့ကို ခေါ်ထားနိုင်ခဲ့သော မန်ယူအသင်း၏ ရာသီကြိုပြင်ဆင်မှုများဖြစ်သည်။ ဒါ့အပြင် ပရီးမီးယားလိဂ်ရာသီ အဖွင့်ပွဲစဉ်များတွင် အသင်းငယ်လေးများနှင့် ဦးစွာရင်ဆိုင်ရဖို့ရှိနေခြင်းက ဗန်ဟားလ်အတွက် ပျားရည်စက်များလို့ ဆိုရမည်။ သို့သော် ယမန်နှစ်က ကျဆင်းခဲ့ရသောဂုဏ်သိက္ခာများ အဖတ်ဆယ်ရဖို့ရှိနေသည်က ဗန်ဟားလ်ကို ဓားသွားပေါ်လမ်းလျှောက်သလို ဖြစ်နေလိမ့်မည်။ ဓားသွားပေါ်ကပျားရည်စက်များကိုဗန်ဟားလ် ဘယ်လိုသောက်သုံးမည်လဲ . . .

Premier ELEVEN
SPORTS JOURNAL
SUPPLEMENT
အာ ချ င် ဗို

# ကမ္ဘာ့ဖလားကွာတားဖိုင်နယ်ရောက် အသင်း(၈)သင်းတွင် ကစားသမားပါဝင်မှုအများဆုံးလိဂ်အဖြစ် ပရီးမီးယားလိဂ်ဦးဆောင်

ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိလာပြီဖြစ်သည့် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့်ပတ်သက်၍ ထူးခြားသည့်ကိန်းဂဏန်းအချက်အလက်များကို Dailymail မှ စာရင်းပြုစုထုတ်ပြန်ခဲ့ရာ ပြိုင်ပွဲတွင် အင်္ဂလန်အသင်းပါဝင်ခြင်းမရှိတော့သော်လည်း ပြိုင်ပွဲဝင်ကစားသမားစာရင်းတွင် ပရီးမီးယားလိဂ်က ဦးဆောင်လျက်ရှိကြောင်း သိရှိရသည်။

ကွာတားဖိုင်နယ်ရောက် အသင်း(၈)သင်းတွင် တစ်သင်းလျှင် ကစားသမား(၂၃)ဦးနှုန်းဖြင့် စုစုပေါင်းကစားသမား(၁၈၄)ဦးရှိသည့်အနက် ပရီးမီးယားလိဂ်မှ ကစားသမား(၄၂)ဦး ပါဝင်နေခြင်းလည်း ဖြစ်သည်။ ဒုတိယနေရာတွင် ဘွန်ဒက်စ်လီဂါက (၂၅)ဦးဖြင့် ရပ်တည်နေသည့်အတွက် ပရီးမီးယားလိဂ်အနေဖြင့် အနီးဆုံးပြိုင်ဘက်ကိုပင် (၁၇)ဦးအထိ အသာရနေခြင်းဖြစ်သည်။ ၎င်းတို့၏နောက်တွင် စီးရီးအေက (၁၈)ဦး၊ ပြင်သစ်လီဂူးက (၁၆)ဦး၊ လာလီဂါက (၁၅)ဦးဖြင့် အစဉ်အလိုက်ရပ်တည်လျက်ရှိသည်။ ကလပ်အသင်းများထဲတွင်မူ ဂျာမနီကစားသမားအများဆုံးပိုင်ဆိုင်ထားသည့် ဘာယန်မြူးနစ်အသင်းက ဦးဆောင်ခဲ့သော်လည်း ကစားသမားပါဝင်မှုအများဆုံးကလပ်အသင်း(၂၀)စာရင်းတွင် ပရီးမီးယားလိဂ်အသင်း(၆)သင်းအထိ ရှိနေပြီး အများဆုံးဖြစ်ခဲ့ကြောင်းလည်း သိရှိရသည်။ အဆိုပါပရီးမီးယားလိဂ်အသင်းများမှာ အာဆင်နယ်၊ ချယ်လ်ဆီး၊ မန်စီးတီး၊ မန်ယူ၊ စပါးနှင့် နယူးကာဆယ်တို့ဖြစ်သည်။ ထို့ကြောင့် ပရီးမီးယားလိဂ်သည် ကမ္ဘာ့ထိပ်တန်းကစားသမားအများဆုံး ပိုင်ဆိုင်ထားပြီး ကမ္ဘာ့အကောင်းဆုံးလိဂ်အဖြစ် ထိုက်ထိုက်တန်တန် ရပ်တည်နေခြင်းဖြစ်ကြောင်း သက်သေပြလိုက်နိုင်ခဲ့ပြီဟုလည်း Dailymail က မှတ်ချက်ပြုဖော်ပြခဲ့သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇူလိုင်(၄)ရက်(ယနေ့) စတင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။




ကစားသမားပါဝင်မှုအများဆုံး လိဂ်(၅)ခု

| | |
|---|---|
| ပရီးမီးယားလိဂ် | ၄၂ ဦး |
| ဘွန်ဒက်စ်လီဂါ | ၂၅ ဦး |
| စီးရီးအေ | ၁၈ ဦး |
| ပြင်သစ်လီဂူး | ၁၆ ဦး |
| လာလီဂါ | ၁၅ ဦး |

ကစားသမားပါဝင်မှုအများဆုံး ကလပ်(၈)သင်း

| | |
|---|---|
| ဘာယန်မြူးနစ် | ၁၀ ဦး |
| အာဆင်နယ် | ၈ ဦး |
| ချယ်လ်ဆီး | ၇ ဦး |
| PSG | ၇ ဦး |
| မန်စီးတီး | ၅ ဦး |
| ဗီယင်န | ၅ ဦး |
| အင်တာမီလန် | ၅ ဦး |
| ရီးယဲလ်မက်ဒရစ် | ၅ ဦး |

ပရီးမီးယားလိဂ်ကစားသမားများဖြစ်သည့် အော်စကား၊ ရာမီရက်စ်နှင့် ရှူရာ

## သောကြာနေ့နံနက်ပိုင်းသတင်းများ

❒ ပြင်သစ်ကလပ်မိုနာကိုအသင်းသည် လစ်လပ်နေသော နည်းပြနေရာတွင် စပို့တင်းလစ္စဘွန်းအသင်းနည်းပြ လီယိုနာဒိုယာဒင်အား (၂)နှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူခန့်အပ်လိုက်ကြောင်းသိရသည်။

❒ ကမ္ဘာ့ဖလားလက်မှတ် မှောင်ခိုရောင်းချမှုကို ဘရာဇီးလ်သို့ရောက်နေသည့် ဖီဖာအမှုဆောင်အဖွဲ့ဝင်တစ်ဦးက ကြိုးကိုင်နေခြင်းဖြစ်ကြောင်း ဘရာဇီးလ်ရဲတပ်ဖွဲ့မှ ထုတ်ဖော်ပြောကြားလိုက်သည်။

❒ မိုနာကိုအသင်းသည် ဘာစီလိုနာကစားသမားဖဲလ်ဒက်စ်အား ခေါ်ယူတော့မည်မဟုတ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

❒ ပြင်သစ်နှင့်ပွဲမတိုင်မီ ဂျာမနီအသင်းမှ ကစားသမား(၇)ဦး တုပ်ကွေးဟု ယူဆရသောအဖျားဝေဒနာခံစားခဲ့ရကြောင်း နည်းပြဂျိုအာချင်လိုးက ဝန်ခံခဲ့သည်။

❒ ဘရာဇီးလ်တိုက်စစ်မှူးနေမာက ကမ္ဘာ့ဖလားတွင်အနိုင်ယူလိုပါက ကစားပုံလုပရေးထက် အနိုင်ရရှိအောင်ကစားနိုင်ရန် သာပိုမိုအရေးကြီးကြောင်း အသင်းသားများကို တိုက်တွန်းပြောကြားခဲ့သည်။

❒ ပြင်သစ်ကွင်းလယ်လူ မာတွီဒီက ဂျာမနီအသင်းမှာ မိမိတို့ထက်ပိုမိုရေပန်းစားနေသော်လည်း အသင်းတိုင်းတွင်အားနည်းချက်ကိုယ်စီရှိနေသဖြင့်မိမိတို့အသင်းတွင်လည်းအခွင့်အရေးရှိနေကြောင်းဆိုခဲ့သည်။

❒ ဘရာဇီးလ်နည်းပြ စကိုလာရီသည် အသင်းသားများ၏ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုအတွက် စိတ်ပညာရှင်ဘရန်ဒါဒိုအား ငှားရမ်းခဲ့ကြောင်းသိရသည်။

## လေဗာကူဆင်မှ အမ်မရီကန်အား လီဗာပူးလ်ခေါ်ယူ

လီဗာပူးလ်အသင်းသည် လေဗာကူဆင်အသင်းမှ ဂျာမနီကွင်းလယ်ကစားသမား အမ်မရီကန် အား ခေါ်ယူစာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ လီဗာပူးလ်သည် ၎င်းအား ပြောင်းရွှေ့ကြေး ပေါင်(၁၀)သန်းဖြင့် သဘောတူညီခဲ့ကြောင်းသိရသည်။ လီဗာပူးလ်အသင်းသည် ယခုနှစ်နွေရာသီတွင် လမ်းဘတ်၊ လယ်လာနာနှင့် အမ်မရီကန်တို့အား ခေါ်ယူထားပြီဖြစ်သည်။

## ကမ္ဘာ့ဖလားပိတ်ပွဲတွင် ပေါ့ပ်စတားရှာကီရာ ပါဝင်တင်ဆက်မည်

ကမ္ဘာ့ကျော် ပေါ့ပ်စတားတစ်ဦးဖြစ်သူ ကိုလံဘီယာအဆိုတော်ရှာကီရာသည် ကမ္ဘာ့ဖလားပိတ်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း ဖီဖာမှထုတ်ပြန်ခဲ့သည်။ ထို့ပြင် ယင်းပိတ်ပွဲတွင် ကမ္ဘာ့ကျော်ဂစ်တာသမားကောင်းတစ်ဦးဖြစ်သည့် ကားလို့စ်ဆန်တာနာနှင့် ရက်ပ်အဆိုတော် ဝိုင်ကလက်ဗ်ဂျင်းတို့ကလည်း ပါဝင်တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ ရှာကီရာသည် ဘရာဇီးလ်အဆိုတော်ကာလင်ဟိုစ်နှင့်အတူ "La la la" သီချင်းအားသီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း ဖီဖာမှအတည်ပြုခဲ့သည်။

## ဆွာရက်ဇ်၏ပြစ်ဒဏ်အတွက် ဥရုဂွေးဘောလုံးအဖွဲ့ချုပ်အယူခံဝင်

ပြိုင်ဘက်ကစားသမားအား ကိုက်ခဲ့မှုအတွက် ပြစ်ဒဏ်များချမှတ်ခံခဲ့ရသော ဆွာရက်ဇ်အတွက် ဥရုဂွေးဘောလုံးအဖွဲ့ချုပ်မှ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံအယူခံဝင်မည်ဖြစ်ကြောင်း ဖီဖာထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ဥရုဂွေးဘောလုံးအဖွဲ့ချုပ်က အဆိုပါပြစ်ဒဏ်အတွက် လာမည့်တနင်္ဂနွေနေ့တွင် အယူခံဝင်မည်ဖြစ်သည်။ ဖီဖာစည်းကမ်းထိန်းသိမ်းရေးကော်မရှင်ဥက္ကဋ္ဌ ကလော်ဒီယိုဆယ်လ်ဆာက ဆွာရက်ဇ်ကို ပွဲပယ်ပြစ်ဒဏ်ချမှတ်ထားသော်လည်း အပြောင်းအရွှေ့အတွက် ဆေးစစ်နိုင်ကြောင်းလည်း ပြောကြားခဲ့သည်။

# ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းဗိုလ်လုပွဲသို့ ခွီတိုဗာနှင့် ဘူချက်ဒ်တို့တက်ရောက်

ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း ဆီမီးဖိုင်နယ်ပွဲစဉ်များကို ကြာသပတေးနေ့က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ခွီတိုဗာနှင့် ဘူချက်ဒ်တို့ အသီးသီးအနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

ခွီတိုဗာသည် ဆာဖာရိုဗာကို ၇-၆ (၈-၆)၊ ၆-၁ မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဘူချက်ဒ်ကလည်း ဟာလက်ပ်ကို ၇-၆(၇-၅)၊ ၆-၂မှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦး၏ ဗိုလ်လုပွဲကို ဇူလိုင်(၅)တွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရှိရသည်။




ဗိုလ်လုပွဲတွင်ဆုံတွေ့ရမည့် ခွီတိုဗာနှင့် ဘူချက်ဒ်

အမျိုးသားတစ်ဦးချင်းပွဲစဉ်များမှာမူ ကွာတားဖိုင်နယ်ပြီးဆုံးပြီဖြစ်၍ ဇူလိုင်(၄) (ယနေ့)တွင် ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ကွာတားပွဲစဉ်များတွင် ဒီမီထရော့ဗ်က အန်ဒီမာရေးကို (၃)ပွဲပြတ်၊ ဂျိုကိုဗစ်က မာရင်စီလစ်ကို (၃-၂)ပွဲ၊ ရာအိုနစ်က ကာဂျီယိုစ်ကို (၃-၁)ပွဲ၊ ဖေ့ဒါရာက ဝေါရင်ကာကို (၃-၁)ပွဲတို့ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်တွင် ဂျိုကိုဗစ်နှင့် ဒီမီထရော့ဗ်၊ ဖေ့ဒါရာနှင့် ရာအိုနစ်တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရှိရသည်။

# 2014 WORLD CUP

ELEVEN Vol : 11, No.45 6, July, 2014

SPECIAL SUPPLEMENT


# ဘယ်လမ်းကို ဦးတည်နေသလဲ

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ချန်ပီယံဆုကိုမျှော်လင့်နိုင်ခွင့်က အသင်း(၈)သင်းမှာပဲ ရှိပါတော့တယ်။ အဆင့်ဆင့်စစ်ထုတ်ယူပြီး နောက်ဆုံးကျန်ရစ်ခဲ့တဲ့(၈)သင်းကတော့ ဘရာဇီးလ်၊ ကိုလံဘီယာ၊ ပြင်သစ်၊ ဂျာမနီ၊ ဟော်လန်၊ ကော်စတာရီကာ၊ အာဂျင်တီးနားနဲ့ ဘယ်လ်ဂျီယံတို့ပါ။ ပွဲအရေအတွက်အားဖြင့်ဆိုရင်တော့ ကွာတားဖိုင်နယ်(၄)ပွဲ၊ ဆီမီးဖိုင်နယ်(၂)ပွဲ၊ ဗိုလ်လုပွဲနဲ့ တတိယနေရာလုပွဲ စုစုပေါင်း(၈)ပွဲဆင်နွှဲပြီးရင် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲအောင်မြင်စွာအဆုံးသတ်ပါပြီ။ မျှော်လင့်ထားခဲ့သလိုစိတ်လှုပ်ရှားစရာ ကမ္ဘာ့ဖလားဖြစ်ခဲ့ပါရဲ့လား။ တာအတွက်မှာ သွင်းဂိုးတွေနဲ့ မြိုင်ဆိုင်ခဲ့သလောက် ပြီးခဲ့တဲ့ရှုံးထွက်အဆင့်ပွဲစဉ်တွေမှာ ဂိုးတစ်ဂိုးရဖို့ အသည်းအသန်ရုန်းကန်ခဲ့ရတဲ့အခြေအနေက ပရိသတ်တွေအတွက် ရာနှုန်းပြည့်ကျေနပ်စရာမဖြစ်မှာတော့ သေချာပါတယ်။ ကွာတားဖိုင်နယ်အဆင့်ကို အုပ်စုအဆင့်မှာ အုပ်စုဗိုလ်နေရာရယူခဲ့တဲ့ အသင်း(၈)သင်းပဲ တက်ရောက်နိုင်ခဲ့တာပါ။ ဒါပေမဲ့ အားလုံးလိုလို ပြိုင်ဘက်တွေကို ခက်ခက်ခဲခဲကျော်ဖြတ်ခဲ့ရတာကတော့ ထူးခြားချက်ဖြစ်ခဲ့ပါတယ်။ ဒါကို အကြိတ်အနယ်ပွဲကောင်းတွေဖြစ်စေတယ်လို့ ဖြေတွေးရမှာလား။ ဒါမှမဟုတ် ဘယ်အသင်းမှ ချန်ပီယံခြေစွမ်းမပြနိုင်သေးဘူးလို့ အပြစ်တင်ရမှာလား။ ရှုံးထွက်ပွဲစဉ်တိုင်းက နောက်ကြည့်ဖို့လိုအပ်ပါလိမ့်မယ်။

ကွာတားဖိုင်နယ်ပွဲစဉ်(၄)ပွဲက

| | | | |
|---|---|---|---|
| (၁) | ဘရာဇီးလ် | - | ကိုလံဘီယာ |
| (၂) | ပြင်သစ် | - | ဂျာမနီ |
| (၃) | ဟော်လန် | - | ကော်စတာရီကာ |
| (၄) | အာဂျင်တီးနား | - | ဘယ်လ်ဂျီယံ |

တို့ဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်မှာ (၁)နဲ့ (၂)၊ (၃)နဲ့ (၄) တို့ ဆုံတွေ့ရမှာဖြစ်ပါတယ်။ ဒီတော့ ဘရာဇီးလ်၊ ဂျာမနီနဲ့ ပြင်သစ် တို့ထဲက တစ်သင်းသာ ဗိုလ်လုပွဲကိုတက်နိုင်မှာဖြစ်သလို၊ ဟော်လန်နဲ့ အာဂျင်တီးနားထဲကလည်း တစ်သင်းပဲ ဗိုလ်လုပွဲတက်နိုင်မှာပါ။ ဒါက ကွာတားဖိုင်နယ်အတွဲအဖက်တွေထဲက အစဉ်အလာနဲ့အင်အားအတောင့်တင်းဆုံးအသင်းတွေကို ဥပမာပေးဖော်ပြလိုက်တာပါ။ ဘရာဇီးလ်က ကိုလံဘီယာကို တကယ်ကျော်နိုင်ပါ့မလား၊ အာဂျင်တီးနားကရော ဘယ်လ်ဂျီယံကိုကျော်နိုင်ပါ့မလား ဆိုတာကိုတော့ ဇူလိုင် (၄၊ ၅) ကွာတားဖိုင်နယ်ပွဲစဉ်တွေမှာ စတင်မြင်တွေ့ရမှာဖြစ်ပါတယ်။ သေချာတာကတော့ ပွဲစဉ်လမ်းကြောင်းအနေအထားအရ နောက်ဆုံးဗိုလ်လုပွဲမှာ ဥရောပအသင်းတွေချည်းပဲဖြစ်ဖြစ်၊ တောင်အမေရိကအသင်းတွေချည်းပဲဖြစ်ဖြစ် ဆုံတွေ့နိုင်ခြေရှိနေသေးတာပဲဖြစ်ပါတယ်။ တောင်အမေရိကထိပ်သီးနှစ်သင်းဖြစ်တဲ့ အိမ်ရှင်ဘရာဇီးလ်နဲ့ အာဂျင်တီးနားတို့ရဲ့ဖလားလုပွဲကို မျှော်လင့်စိတ်ကူးထားတဲ့အတိုင်း ဆက်ရှိနေခဲ့တာလည်း ဖြစ်ပါတယ်။

ဒီအခြေအနေက အုပ်စုအဆင့်မှာရော၊ ရှုံးထွက်အဆင့်မှာပါ ကြီးကြီးမားမားအပြောင်း အလဲမရှိခဲ့တာကြောင့်လည်းဖြစ်ပါတယ်။ လက်ရှိ ချန်ပီယံစပိန်အပါအဝင် အီတလီ၊ အင်္ဂလန်၊ ပေါ်တူဂီ၊ ဥရုဂွေးတို့လို ထိပ်သီးအသင်းတွေ အုပ်စုအဆင့်မှာ ပြုတ်ကျန်ခဲ့ပေမယ့် ကွာတားဖိုင်နယ်အပေါ် သက်ရောက်မှုတော့နည်းပါတယ်။ ကော်စတာရီကာအုပ်စုကလွဲရင် ကျန်တဲ့အုပ်စုတွေမှာက ကြိုတင်မှန်းဆချက်နဲ့သိပ်မလွဲခဲ့ပါဘူး။ တကယ်လို့ စပိန်သာ အုပ်စုကိုကျော်နိုင်ခဲ့မယ်ဆိုရင်လည်း လမ်းကြောင်းစီစဉ်ထားမှုအရ ဘရာဇီးလ်ဘက် ရောက်ရင်ရောက်၊ အာဂျင်တီးနားဘက်ရောက်ရင်ရောက် တစ်ခုခုပါပဲ။ ဆိုလိုတာကတော့ တောင်အမေရိကမြေမှာ လက်ခံကျင်းပတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ တောင်အမေရိကမဟာ ပြိုင်ဘက်နှစ်သင်းသာ ကိုယ့်တာဝန်ကိုယ်ကျေခဲ့မယ်ဆိုရင် နောက်ဆုံးဗိုလ်လုပွဲမှာဆုံတွေ့နိုင်စေဖို့ လမ်းကြောင်းကရှိနေထားပြီးသားဖြစ်နေတာပါ။ လက်တွေ့မှာလည်း နှစ်သင်းစလုံးက အုပ်စုပထမနေရာတွေကို အရယူနိုင်ခဲ့တာကြောင့် တောင်အမေရိက ဒါဘီဗိုလ်လုပွဲကို မျှော်လင့်ခွင့်ရှိနေတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အုပ်စုကျုပ်တွေထဲမှာ ဥရောပထိပ်သီးအသင်းတချို့ လဲပြိုခဲ့တာကလွဲရင် ကျန်အသင်းတွေအားလုံး အုပ်စုပထမနေရာကိုလည်း ရယူနိုင်ခဲ့ပြီး ကွာတားဖိုင်နယ်ကိုလည်း အရောက်လှမ်းနိုင်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း ကွာတား(၈)နေရာမှာ ကော်စတာရီကာ တစ်နေရာပဲလွဲချော်သွားတယ်လို့ ဆိုရတာပါ။








ဆုံးခရာမမှုတ်မချင်း အသက်ပြင်းပြင်းမရှူဝံ့အောင်ဖြစ်စေခဲ့ပြီး ဘယ်အသင်းမှ တစ်ပေးလို့ရအောင် ချွန်ထွက်မနေခဲ့တာတော့ အမှန်ပါပဲ။

၂၀၁၄ ကမ္ဘာ့ဖလားအတွက် ခြေစစ်ပွဲကို ကမ္ဘာတစ်လွှားက အသင်း(၂၀၃)သင်းနဲ့စတယ်။ ဘရာဇီးလ်မြေမှာ အိမ်ရှင်အပါအဝင် (၃၂)သင်းယှဉ်ပြိုင်တယ်။ အခုနောက်ဆုံးကျန်တာက (၈)သင်း။ ဒီတော့ ဘာပဲဖြစ်ဖြစ် လက်ရှိကွာတားဖိုင်နယ်အဆင့်ကို ရောက်ရှိလာတဲ့(၈)သင်းကိုတော့ ကမ္ဘာ့အကောင်းဆုံးအသင်း(၈)သင်းလို့ပဲ သတ်မှတ်ထားရမှာပါ။ ခြေချော်တာတွေ၊ ကံကြမ္မာတွေ စတဲ့အကြောင်းပြချက်အမျိုးမျိုးနဲ့ အုပ်စုအဆင့်မှာ ကျန်ရစ်ခဲ့ရတဲ့အသင်းတချို့ရှိပေမယ့် လောလောဆယ်မှာတော့ အဲဒါတွေကို မေ့ထားပြီး ရှေ့ဆက်ရမယ့် ချန်ပီယံခရီးမှာ လက်ရှိ(၈)သင်းထဲက ဘယ်အသင်းပန်းတိုင်အထိအရောက်လှမ်းနိုင်မလဲဆိုတာကိုပဲ စောင့်ကြည့်ရတော့မှာပါ။ တစ်နည်းအားဖြင့် ဘယ်သူကမ္ဘာ့အကောင်းဆုံးအသင်းအဖြစ် ချန်ပီယံဆုကို အရယူသွားနိုင်မလဲဆိုတာကိုပါ။ နောက်ဆုံးထွက်ပေါ်လာတဲ့ ဗိုလ်စွဲဖို့အလေးပေးမှုမှာတော့ ဘရာဇီးလ်၊ အာဂျင် တီးနား၊ ဂျာမနီတို့က ဆက်လက်ဦးဆောင်နေဆဲပါ။ ပြိုင်ပွဲမတိုင်ခင်ကတည်းက ရေပန်းစားခဲ့တဲ့အတိုင်း ဆက်လက်တည်မြဲခဲ့တာပဲဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအချိန်မှာ ထွက်ပေါ်လာတဲ့အလေးပေးမှုကတော့ ခြေစွမ်းသက်သက်အကဲဖြတ်မှုမဟုတ်တော့ဘဲ ပြိုင်ပွဲလမ်းကြောင်းအပေါ် တွက်ချက်မှုလည်းပါဝင်လာပါပြီ။ ဒါကြောင့်လည်း ကိုလံဘီယာအသင်းက ပြိုင်ပွဲရဲ့ပြီးခဲ့တဲ့အဆင့်တွေမှာ အတည်ငြိမ်ဆုံးခြေစွမ်းပြနိုင်ခဲ့တဲ့အသင်းဖြစ်ပေမယ့် ရေပန်းစားမှုမှာတော့ အောက်ဆုံးနားရောက်နေခဲ့တာပဲဖြစ်ပါတယ်။ ဒီတော့ ပြိုင်ပွဲရဲ့ရှေ့လမ်းကြောင်းကို အရင်ဆုံးလေ့လာကြည့်ဖို့လိုအပ်ပါလိမ့်မယ်။

ကွာတားဖိုင်နယ်ကို ရောက်လာတဲ့(၈)သင်းထဲမှာ ဥရောပက(၄)သင်း၊ တောင်အမေရိကက (၃)သင်းနဲ့ ကွန်ကာကပ်ဖ်က(၁)သင်းပါဝင်ခဲ့ပါတယ်။ တောင်အမေရိက နှစ်သင်းထိပ်တိုက်တွေ့သလို၊ ဥရောပနှစ်သင်းလည်း ထိပ်တိုက်တွေ့ ပါတယ်။ ဒီတော့ တောင်အမေရိကနဲ့ ဥရောပရဲ့အားပြိုင်မှုက လက်ရှိအချိန်အထိမျှနေတုန်းပဲလို့ ဆိုနိုင်ပါတယ်။ ကွာတားဖိုင်နယ်အဆင့်မှာလည်း အရင်အဆင့်တုန်းကလို မျှော်လင့်တဲ့အတိုင်းဖြစ်လာပြီး ဆီမီးဖိုင်နယ်မှာ ဘရာဇီးလ်နဲ့ပြင်သစ်(ဒါမှမဟုတ်)ဂျာမနီ၊ ဟော်လန်နဲ့ အာဂျင်တီးနားတို့ ဆုံတွေ့ခဲ့မယ်ဆိုရင်တော့ ကမ္ဘာ့ဖလားပန်းဝင်ချိန်က ပိုပြီးရင်ခုန်စရာကောင်းသွားမှာပါ။ ဦးတည်နေတဲ့လမ်းကြောင်းအတိုင်း ဘရာဇီးလ်နဲ့ အာဂျင်တီးနား၊ နေမာနဲ့ မက်ဆီတို့ ဆုဖလားအပြိုင်လုရမယ့်ပွဲဖြစ်လာခဲ့မယ်ဆိုရင်တော့ . . . .။

**ရှုံးထွက်ပွဲစဉ်များအပြီး ဗိုလ်စွဲရန်အလေးပေးမှု**

| | |
|---|---|
| ဘရာဇီးလ် | ၃း၁ |
| အာဂျင်တီးနား | ၄း၁ |
| ဂျာမနီ | ၉း၂ |
| ဟော်လန် | ၉း၂ |
| ပြင်သစ် | ၇း၁ |
| ဘယ်လ်ဂျီယံ | ၁၂း၁ |
| ကိုလံဘီယာ | ၁၂း၁ |
| ကော်စတာရီကာ | ၄၀း၁ |

# ကမ္ဘာ့ဖလားပြိုင်ပွဲ၏ သွင်းဂိုးမှတ်တမ်းမှတ်ရာများ



မာဆယ်လို ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သည့် ပြိုင်ပွဲ၏ ပထမဆုံးဂိုး



(၂၉)စက္ကန့်တွင် ဒမ်ဆေးသွင်းယူခဲ့သည့် ပြိုင်ပွဲ၏ အမြန်ဆုံးဂိုး



နှစ်သင်းပေါင်း(၇)ဂိုးဖြစ်ခဲ့သည့် ပြင်သစ်-ဆွစ်ဇာလန် ဂိုးအများဆုံးပွဲ



ဂိုးအများဆုံးအဖြစ် (၅)ဂိုးသွင်းယူထားသည့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်(ကိုလံဘီယာ)

## OVERALL

- စုစုပေါင်းသွင်းထားသည့်ဂိုး - (၁၅၄)ဂိုး
- တစ်ပွဲပျမ်းမျှသွင်းဂိုး - (၂·၇၅)ဂိုး
- ဟက်ထရစ်သွင်းယူထားသူ - (၂)ဦး(မူလာ၊ ရှာကီရီ)
- ပွဲချိန်အတွင်း ပယ်နယ်တီကန်သွင်းမှု - (၁၁)လုံး
- ပွဲချိန်အတွင်း ပယ်နယ်တီဂိုးဝင်မှု - (၁၀)ဂိုး
- ပွဲချိန်အတွင်း ပယ်နယ်တီလွဲသူ - ဘန်ဇီမာ(ပြင်သစ်) ပြင်သစ် ၅-၂ ဆွစ်ဇာလန်
- ပယ်နယ်တီဂိုးဝင်မှု% - (၉၀·၉၁)%
- ကိုယ့်ဂိုးကိုယ်သွင်းဂိုး - (၅)ဂိုး

## TIMING

- ပထမဆုံးဂိုးသွင်းသူ - မာဆယ်လို(Own Goal) ဘရာဇီးလ် ၃-၁ ခရိုအေးရှား
- ပြိုင်ပွဲ၏အမြန်ဆုံးဂိုးသွင်းသူ - ဒမ်ဆေး(အမေရိကန်) (၂၉စက္ကန့်) အမေရိကန် ၂-၁ ဂါနာ
- နောက်အကျဆုံးဂိုးသွင်းသူ (ပုံမှန်ပွဲချိန်အတွင်း) - ဗာရီလာ(ပေါ်တူဂီ) (၉၅မိနစ်) ပေါ်တူဂီ ၂-၂ အမေရိကန်
- နောက်အကျဆုံးဂိုးသွင်းသူ (အချိန်ပိုအပါအဝင်) - ဒီဂျာဘူ(အယ်လ်ဂျီးရီးယား) (၁၂၁မိနစ်) အမေရိကန် ၂-၁ အယ်လ်ဂျီးရီးယား
- နောက်အကျဆုံး အနိုင်ဂိုးသွင်းသူ (ပုံမှန်ပွဲချိန်အတွင်း) - ဟန်တယ်လာ(ဟော်လန်) (၉၄မိနစ်) ဟော်လန် ၂-၁ မက္ကဆီကို
- နောက်အကျဆုံး အနိုင်ဂိုးသွင်းသူ (အချိန်ပိုအပါအဝင်) - ဒီမာရီယာ(အာဂျင်တီးနား) (၁၁၈မိနစ်) အာဂျင်တီးနား ၁-၀ ဆွစ်ဇာလန်

## TEAM

- ဂိုးအများဆုံးသွင်းထားသည့်အသင်း - ဟော်လန်(၁၂ဂိုး)
- ဂိုးအနည်းဆုံးသွင်းခဲ့သည့်အသင်းများ - ကင်မရွန်း၊ ဟွန်ဒူးရပ်စ်၊ အီရန်(၁ဂိုး)
- ဂိုးအများဆုံးပေးရသည့်အသင်းများ - ဩစတြေးလျ၊ ကင်မရွန်း(၉ဂိုး)
- ဂိုးအနည်းဆုံးပေးရသည့်အသင်းများ - ဘယ်လ်ဂျီယံ၊ ကိုလံဘီယာ၊ ကော်စတာရီကာ၊ ပြင်သစ်(၂ဂိုး)
- ဂိုးကွာခြားချက်(+)အများဆုံးအသင်း - ကိုလံဘီယာ(+၉ဂိုး)
- ဂိုးကွာခြားချက်(-)အများဆုံးအသင်း - ကင်မရွန်း(-၈ဂိုး)
- ဂိုးအများဆုံးပွဲ - ဆွစ်ဇာလန် ၂-၅ ပြင်သစ်
- တစ်ပွဲတည်းဂိုးအများဆုံးသွင်းသည့်အသင်းများ - ပြင်သစ်၊ ဟော်လန်(၅ဂိုး)
- ဂိုးအပြတ်ဆုံးပွဲများ - စပိန် ၁-၅ ဟော်လန်၊ ဂျာမနီ ၄-၀ ပေါ်တူဂီ၊ ကင်မရွန်း ၀-၄ ခရိုအေးရှား
- ဂိုးမပေးရသည့်ပွဲအများဆုံးအသင်း - ပြင်သစ်(၃)ပွဲ
- ပွဲတိုင်းဂိုးပေးရသည့်အသင်းများ - အယ်လ်ဂျီးရီးယား၊ ဩစတြေးလျ၊ ဘော့စနီးယား၊ ကင်မရွန်း၊ ဂါနာ၊ ဟွန်ဒူးရပ်စ်၊ အီတလီ၊ အိုင်ဗရီကို့စ်၊ ပေါ်တူဂီ၊ ရုရှား၊ တောင်ကိုရီးယား၊ အမေရိကန်
- ပွဲတိုင်းဂိုးသွင်းနိုင်သည့်အသင်းများ - အယ်လ်ဂျီးရီးယား၊ အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ကိုလံဘီယာ၊ ခရိုအေးရှား၊ ဂျာမနီ၊ ဂါနာ၊ အိုင်ဗရီကို့စ်၊ ဟော်လန်

## INDIVIDUAL

- ဂိုးအများဆုံးသွင်းထားသည့်ကစားသမား - ဂျိမ်းစ်ရိုဒရီဂွက်ဇ်(၅ဂိုး)
- ဂိုးမပေးရသည့်ပွဲအများဆုံးဂိုးသမား - ဟူဂိုလိုရစ်(ပြင်သစ်) (၃ပွဲ)
- တစ်ပွဲတည်းဂိုးအများဆုံးသွင်းသည့်ကစားသမားများ - မူလာ(ဂျာမနီ ၄-၀ ပေါ်တူဂီ)၊ ရှာကီရီ(ဆွစ်ဇာလန် ၃-၀ ဟွန်ဒူးရပ်စ်)(၃ဂိုးစီ)
- အသက်အကြီးဆုံးဂိုးသွင်းသူ - ဗယ်လာဒါရက်စ်(ဟွန်ဒူးရပ်စ်)(၃၇နှစ်၊ ၄၂ရက်) (ပြင်သစ် ၃-၀ ဟွန်ဒူးရပ်စ်) (Own Goal)
- အသက်အငယ်ဆုံးဂိုးသွင်းသူ - ဂျူလီယန်ဂရင်း(အမေရိကန်)(၁၉နှစ်၊ ၂၅ရက်) (ဘယ်လ်ဂျီယံ ၂-၁ အမေရိကန်)

# (၅၆)ပွဲ - အနီကတ်ပြခံရသူ(၁၀)ဦး၊ အဝါကတ်(၁၅၉)ကတ်

ကျင်းပနေသော ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရှုံးထွက်(၁၆)သင်းအဆင့်ပွဲစဉ်များပြီးဆုံးချိန်၌ ပွဲစဉ်(၅၆)ပွဲကစားပြီးဖြစ်ရာ အနီကတ်ပြခံရသူစုစုပေါင်း(၁၀)ဦးရှိထားပြီး အဝါကတ်ပြသမှုစုစုပေါင်းမှာ(၁၅၉)ကတ်ရှိသည်။ ပြိုင်ပွဲကို ကမ္ဘာတစ်ဝှမ်းမှ ဒိုင်လူကြီး(၂၅)ဦးကတာဝန်ယူကြီးကြပ်နေခြင်းဖြစ်ပြီး ကတ်ပြသမှုအများဆုံးဒိုင်လူကြီးမှာ ဘင်ဝီလီယံ(ဩစတြေးလျ)ဖြစ်ကာ (၃)ပွဲတာဝန်ယူထားရာတွင် အနီ(၂)ကတ်၊ အဝါ(၁၅)ကတ်ပြသခဲ့သည်။ စည်းကမ်းပိုင်းမှတ်တမ်း အဆိုးရွားဆုံးအသင်းများမှာ ကော်စတာရီကာ၊ ဂရိ၊ ဥရုဂွေးအသင်းများဖြစ်ပြီး ကစားခဲ့သောပွဲစဉ်များတွင် စုစုပေါင်းအနီကတ်(၁)ကြိမ်၊ အဝါကတ်(၈)ကြိမ်စီပြသခံခဲ့ရခြင်းဖြစ်သည်။

**အနီကတ်ပြသခံရသူများ**

| ကစားသမား | အသင်း | ပွဲ | | | အဆင့် | ပြသခံရပုံ |
|---|---|---|---|---|---|---|
| ဒွါတေး | ကော်စတာရီကာ | ကော်စတာရီကာ | ၁-၁ | ဂရိ | ရှုံးထွက်(၁၆)သင်း | (၂)ဝါ(၁)နီ |
| ကတ်ဆိုရာနစ် | ဂရိ | ဂရိ | ၀-၀ | ဂျပန် | အုပ်စု | (၂)ဝါ(၁)နီ |
| အယ်လ်ဗာရိုပါရဲရား | ဥရုဂွေး | ဥရုဂွေး | ၂-၀ | အင်္ဂလန် | အုပ်စု | တိုက်ရိုက်အနီ |
| ပလာစီယို | ဟွန်ဒူးရပ်စ် | ပြင်သစ် | ၃-၀ | ဟွန်ဒူးရပ်စ် | အုပ်စု | (၂)ဝါ(၁)နီ |
| စတီဗင်ဒီဖော | ဘယ်လ်ဂျီယံ | ဘယ်လ်ဂျီယံ | ၂-၁ | အမေရိကန် | ရှုံးထွက်(၁၆)သင်း | တိုက်ရိုက်အနီ |
| ဗလင်စီယာ | အီကွေဒေါ | ပြင်သစ် | ၀-၀ | အီကွေဒေါ | အုပ်စု | တိုက်ရိုက်အနီ |
| အဲလက်စ်ဆောင်း | ကင်မရွန်း | ကင်မရွန်း | ၀-၄ | ခရိုအေးရှား | အုပ်စု | တိုက်ရိုက်အနီ |
| ရီဘစ် | ခရိုအေးရှား | ခရိုအေးရှား | ၁-၃ | မက္ကဆီကို | အုပ်စု | တိုက်ရိုက်အနီ |
| မာခီစီယို | အီတလီ | ဥရုဂွေး | ၁-၀ | အီတလီ | အုပ်စု | တိုက်ရိုက်အနီ |
| ပီပီ | ပေါ်တူဂီ | ဂျာမနီ | ၄-၀ | ပေါ်တူဂီ | အုပ်စု | တိုက်ရိုက်အနီ |

**(ယင်းကစားသမားများထဲမှ အဲလက်စ်ဆောင်းမှာ ၃ ပွဲပယ်ပြစ်ဒဏ်ကျခံရပြီး ဒွါတေး၊ ကက်ဆိုရာနစ်၊ ပါရဲရား၊ ပလာစီယို၊ စတီဗင်ဒီဖော၊ ပီပီအစရှိသူတို့မှာ တစ်ပွဲစီ ပွဲပယ်ခံခဲ့ရသည်။)**



အနီကတ်ပြခံရသည့် အဲလက်စ်ဆောင်း